ညောင်ကန်အရှင်ကုန္ဒက

မြတ်ဒေသနာ

ဆောင်ပုဒ်လက်ကမျာ

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၀၄၃၇)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၅၀၁)

ပထမအကြိမ်

အုပ်ရေ-၃၀၀၀

၁၉၈၃-ခု

ဧပြီလ

အဖုံးပန်းချီ-ညောင်ကန်တင်ထွန်း
အတွင်းပန်းချီ-ညောင်ကန်တင်ထွန်းနှင့် သပြေဆွေမျင့်

ဘလောက်-နှန်းထိုက်

အဖုံး-အောင်သာ

စာအုပ်ချုပ်-အေးမိသားစု

၁၉ကျပ်

ဦးသိန်းလွင် (ခ) ဦးအေးလွင် (၀၂၆၀၂) ညောင်ကန်စာပေ အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ် ရန်ကုန်က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၅-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၉၀ - အေ, ဘီ၊ ဝေဇယန္တာလမ်း၊ (ဂ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ ဖုန်း-၅၅၉၁၅။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	**ပဏာမ**	.... ၁
	(က) ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး	.... ၁
၂။	**အာသီသ-စေတနာမှန်**	.... ၃
	(က) မြတ်ဒေသနာ	.... ၃
	(ခ) ဆောင်ပုဒ်လက်ဝဲများ	.... ၃
	(ဂ) ညောင်ကန်အေးရိပ်သာ	.... ၃
	(ဃ) သာဆရာတော်	.... ၄
	(င) ရေးဖွဲ့ဟောသည်	.... ၄
၃။	**သံယောဇဉ်ပြတ်လျှင်-နိဗ္ဗာန်ဝင်တရားတော်**	.... ၅
	(က) သံယောဇဉ်ကြီး ဖြတ်ချိုးမလွယ် ဂါထာသွယ်	.... ၅
	(ခ) သားသမီးသံယောဇဉ်	.... ၇
	(ဂ) မိဘသံယောဇဉ်	.... ၈
	(ဃ) ပစ္စည်းသံယောဇဉ်	.... ၈
	(င) ဒုက္ခကြီးသံယောဇဉ်	.... ၈
	(စ) ဒုက္ခမကြီးသံယောဇဉ်	.... ၈
	(ဆ) မီးပွားသံယောဇဉ်	.... ၉

(ခ) မြတ်ဒေသနာ ဆောင်ပုဒ်လက်ဝမျှား

စဉ်	အကြောင်းအရာ		စာမျက်နှာ
	(၈) သံယောဇဉ်(၁၀)ပါး ဆောင်ပုဒ်မျှား	....	၉
	(၈၊) အရိယာအသီးသီးတို့မှာ ငြိမ်းအေးသော သံယောဇဉ်မျှား....		၁၀
၄။	**လိုတာလှူက လိုတာရ (ကိုဒဒသုတ္တန်) တရားတော်**	....	၁၁
	(က) လိုတာလှူက လိုတာရသံပေါက်	....	၁၁
	(ခ) နန္ဒိယရဲ့ ကျောင်းဒါနဖွဲ့ - ဓမ္မဂိတိ	....	၁၂
	(ဂ) ရောဟိနီရဲ့-ကျောင်းဒါနဖွဲ့ ဓမ္မဂိတိ	....	၁၃
	(ဃ) မဟာစည်ဝိပဿနာရှုနည်း....		၁၅
၅။	**နင်လားဟဲ့လောကဓံ အောင်ပွဲခံတရားတော်**	....	၁၆
	(က) လောကဓံဟူသည်	....	၁၆
	(ခ) ပုထုဇဉ်နှင့် လောကဓံ	....	၁၇
	(ဂ) တရားသိသူနှင့် လောကဓံ	....	၁ဂ
	(ဃ) မြတ်ဘုရားနှင့် လောကဓံ	....	၁၉
၆။	**ကြောင်းကျိုးသိမြင်- နိဗ္ဗာန်ဝင်တရားတော်**	....	၂၁
	(က) ဥပတိဿပရိဗိုဇ်၏အမေး	....	၂၁
	(ခ) အရှင်အဿဇိအဖြေ	....	၂၁
	(ဂ) နန္ဒာသုံးဦး	....	၂၂
	(ဃ) ကြည်ညိုမှုနှင့် ပုဂ္ဂိုလ်(၄)မျိုး	....	၂၂
	(c) ရှင်းလင်းချက်	....	၂၂

စဉ်	အကြောင်းအရာ		စာမျက်နှာ
(စ)	နုပျိုအိုမင်း သေပုပ်ယွင်း	....	၂၃
(ဆ)	ရှုကြည့်စမ်းဟဲ့	....	၂၃
(ဇ)	သင်နှင့် သူ	....	၂၄
(စျ)	ရုပ်နာမ်ကြောင်းကျိုး သံဉာဏ်တိုး	....	၂၅
၇။	**မမေ့လျှင်နိဗ္ဗာန်-မေ့လျှင်သုသာန်တရားတော်**	....	၂၆
(က)	ဟိတေသိနှင့် စနေည	....	၂၆
(ခ)	ဝတ်တက် ရှုပ္ပဒေး နာကြား	....	၂၆
(ဂ)	ယောဂီကြွခဲ့ - အခမဲ့ကျွေးမည်	....	၂၆
(ဃ)	မမေ့လျှင်နိဗ္ဗာန် - မေ့လျှင်သုသာန်	....	၂၇
(င)	သမ္မာဇဉ်(၄)ပါး	....	၂၇
(စ)	သမ္မာဇဉ်ရှုနည်း - မှုသေစည်း	....	၂၇
၈။	**ဝါဆိုသက်နန်းအလှူဝယ် ဝမ်းမြောက်ဖွယ် တရားတော်**	....	၂၉
(က)	ဝါဆိုဟူသည်	....	၂၉
(ခ)	ဝါဆိုသက်နန်း လှူဒါန်းဟူသည်	....	၃၀
(ဂ)	နိဗ္ဗဒ္ဓပုည ချမ်းသာရ	....	၃၁
(ဃ)	ဝိသာခါလျှောက်ထား လှူရစ်ပါး	....	၃၂
(င)	လှူရစ်ပါးတွက် ရည်မှန်းချက်	....	၃၃
၉။	**ရုပ်နာမ်သိမြင်-နိဗ္ဗာန်ဝင်တရားတော်**	....	၃၅
(က)	ပဋ္ဌာဒါယကဟူသည်	....	၃၅
(ခ)	မုနိဟူသည်	....	၃၅

(ဃ) မြတ်ဒေသနာ ဆောင်ပုဒ်လက်ဘများ

စဉ်	အကြောင်းအရာ		စာမျက်နှာ
(၀)	ဘိက္ခုဟူသည်	....	၃၆
(ခ)	ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ	....	၃၆
(ဂ)	နာမ်ဟူသည်	....	၃၆
(စ)	ရူပ်ဟူသည်	....	၃၇
(ဆ)	မြင်ဆဲ၌ ရူပ်နာမ် ဒုက္ခသစ္စာကဲ့ပုံ	....	၃၇
၁၀။	ခုရောနောင်ပါ မြဲဝမ်းသာ တရားတော်	....	၃၀
(က)	သာဝတ္ထိနှင့် ဇေတဝန်ရှုခင်း	....	၃၀
(ခ)	သာဝတ္ထိနှင့် အရိယာဦးရေ	....	၃၀
(ဂ)	ဓမ္မိကမိလသားစု ဓမ္မဂိတိ	....	၃၀
(ဃ)	မဟာသတိပဋ္ဌာနသုတ်ဟူသည်	....	၃၉
(င)	မဟာသတိပဋ္ဌာန် ကြွေးကျော်သံ	....	၄၀
(စ)	သတိပဋ္ဌာန်လေးပါး အားတုတ်နည်း(၁)	....	၄၁
(ဆ)	ခုရောနောင်ပါ မြဲဝမ်းသာ	....	၄၁
(ဇ)	မဟာစည်ဝိပဿနာရှုနည်း	....	၄၁
၁၁။	သောကကင်းဝေး ငြိမ်းချမ်းအေးတရားတော်	....	၄၃
(က)	သတိပဋ္ဌာန်ကြွေးကြော်သံ	....	၄၃
(ခ)	သောကဖြစ်ကြောင်း	....	၄၃
(ဂ)	သောကကင်းရန် သတိပဋ္ဌာန်ရှုနည်းသံပေါက်....		၄၄
(ဃ)	သောကလည်းငြိမ်း မျက်ရည်သိမ်းရန်	....	၄၅
(င)	သောကကင်းအောင် သတိဆောင်	....	၄၅

စဉ်	အကြောင်းအရာ		စာမျက်နှာ
(စ)	သန္ဓတိလောင်းလျှာ နိဗ္ဗာန်ဆော်ဓမ္မဂီတိ	....	၄၅
(ဆ)	ဓမ္မယောသကအကျိုးပြုဇာတ်သိမ်း ဓမ္မဂီတိ	....	၄၆
၁၂။	ဦးကြေးကင်းရန် သတိပဋ္ဌာန်တရားတော်	....	၄၈
(က)	ပရိဒေဝဆင်းရဲဟူသည်	....	၄၈
(ခ)	ဦးကြေးကင်းရန် သတိပဋ္ဌာန်ဝိပဿနာရှုနည်း သံပေါက်	....	၄၉
(ဂ)	မယ်ပဌာရဲ-ဦချင်း	....	၄၉
(ဃ)	အဝိုကင်းဆေး ဘုရားကြွေး	....	၄၉
(c)	ဗုဒ္ဓမိန့်ခွန်း	....	၅၀
(စ)	ဓာတ်လေးပါးရှုက နိဗ္ဗာန်ရ	....	၅၀
၁၃။	ကြောက်ရုံကင်းဝေး ချမ်းသာအေး တရားတော်	....	၅၂
(က)	သုဗြဟ္မာနတ်သား တောင်းပန်ပုံ	....	၅၂
(ခ)	မြတ်စွာဘုရား ဟောကြားတော်မူပုံ	....	၅၃
(ဂ)	ဂုန္ဒြိယသံဝရဟူသည်	....	၅၃
(ဃ)	သတ္တဝါတို့၏ ချမ်းသာကြောင်း ဓူတင်တရား	....	၅၃
(c)	ဓူတင်ဟူသည်	....	၅၃
(စ)	မြတ်စွာဘုရားခွင့်ပြုသောဓူတင်	....	၅၄
(ဆ)	ဓူတင်(၁၃)ပါး အကျဉ်းမှတ်ရန်သံပေါက်	....	၅၄
(ဇ)	ပုဂ္ဂိုလ်နှင့်ဓူတင် ရထိုက်သမျှယှဉ်	....	၅၄

(၀) မြတ်ဒေသနာ ဆောင်ပုဒ်လက်ဘများ

စဉ် အကြောင်းအရာ စာမျက်နှာ

(၈၂) သတ္တဝါတို့၏ ချမ်းသာကြောင်း
ဗောဇ္ဈင်တရား ၅၅
(ည) ဗောဇ္ဈင်ဟူသည် ၅၅
(ဌ) သတိသမ္ဗောဇ္ဈင် ၅၅
(ဍ) သတိသမ္ဗောဇ္ဈင်ပွားကြောင်းလေးပါး ၅၅
(ဎ) ဓမ္မဝိစယသမ္ဗောဇ္ဈင် ၅၆
(ဏ) ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွားကြောင်းခုနစ်ပါး ၅၆
(တ) ဝီရိယသမ္ဗောဇ္ဈင် ၅၆
(ထ) ဝီရိယသမ္ဗောဇ္ဈင်ပွားကြောင်း(၁၁)ပါး ၅၆
(ဒ) ပီတိသမ္ဗောဇ္ဈင် ၅၇
(ဓ) ပီတိသမ္ဗောဇ္ဈင်ပွားကြောင်း(၁၁)ပါး ၅၇
(ဓ) ပဿဒ္ဓိသမ္ဗောဇ္ဈင် ၅၇
(နဝ) ပဿဒ္ဓိသမ္ဗောဇ္ဈင်ပွားကြောင်း (၇)ပါး ၅၈
(ပ) သမာဓိသမ္ဗောဇ္ဈင် ၅၈
(ဖ) သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပွားကြောင်း (၁၁) ပါး ၅၈
(ဗ) ဥပေက္ခာသမ္ဗောဇ္ဈင် ၅၈
(ဘ) ဥပေက္ခာသမ္ဗောဇ္ဈင်ပွားကြောင်း (၅) ပါး ၅၉
(မ) သတ္တဝါတို့၏ချမ်းသာကြောင်းနိဗ္ဗာန်တရား.... ၅၉

၁၄။ အောင်ခြင်းလေးဖြာ မင်္ဂလာတရားတော် ၆၀

(က) သီရိဂေဟာ ဓမ္မဂိတိ ၆၀
(ခ) သောတာပန်မယ်စံပြ ဓမ္မဂိတိ ၆၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
(ဂ)	အောင်ဇေယျာ ဓမ္မဂီတိ	....	၆၂
(ဃ)	မေတ္တာဟူသည် ဓမ္မဂီတိ	....	၆၃
(င)	မေတ္တာသုံးမျိုး ဓမ္မဂီတိ	....	၆၄
(စ)	မေတ္တာအကျိုး(၁၁)မျိုး ဓမ္မဂီတိ	....	၆၄
(ဆ)	မဟာစည်ဝိပဿနာအလုပ်ပေးဆောင်ပုဒ်	....	၆၅
(ဇ)	အောင်ခြင်းလေးဖြာ မင်္ဂလာသံပေါက်	....	၆၆
၁၅။	**တရားဟူသည်-တရားတော်**	....	၆၇
(က)	တရားဟူသည်	....	၆၇
(ခ)	ဘုရားဖူးဖိတ်ခေါ်သံ	....	၆၈
(ဂ)	မေတ္တာမှသည်-နိဗ္ဗာန်ပြည်သို့	....	၆၈
(ဃ)	ယောဂီမလေ့ တရားပျော်မွေ့	....	၆၉
(င)	ပီတိအမြိုက်ရည်	....	၆၉
(စ)	မဟာစည်ဝိပဿနာရှုနည်း	....	၆၉
၁၆။	**အချိန်နှင့်လူသား ယတိထားတရားတော်**	....	၇၁
(က)	နှစ်ဦးဆုမွန်	....	၇၁
(ခ)	အချိန်နှင့် သတ္တဝါ ယှဉ်ပြိုင်ရုဝယ်	....	၇၁
(ဂ)	မူလပရိယာယသုတ် အကျဉ်းချုပ်ဆောင်ပုဒ်	....	၇၂
(ဃ)	တင်းပည့်+တုပည့်+တပည့် သုံးမျိုး	....	၇၂
(င)	ပျက်စီးကြောင်းသုံးမျိုး	....	၇၃
၁၇။	**ဟစ္ဆရာသုတ္တန်တရားတော်**	....	၇၄
(က)	မဂ္ဂင်ယာဉ်ကြီး ငြိမ့်ငြိမ့်စီး	....	၇၄
(ခ)	မဂ္ဂင်ရှစ်ပါး၏ လက္ခဏာစသည်များ	....	၇၄

စဉ်	အကြောင်အရာ		စာမျက်နှာ
၁၀။	**ဗဟုဓိတရသုတ္တန်တရားတော်-**		
	(ကြေးတင် ရှင်ဘုရင်ဆပ် တရားတော်)	....	၇၇
	(က) သာသနာနှင့် ဆရာဒကာ	....	၇၇
	(ခ) ဘုရားတိုင် ရင်ဖွင့်သံများ	....	၇၀
	(ဂ) ဘုရားတုံ့ပြန် တရားသံများ	....	၇၉
	(ဃ) ကောသလမင်း၏ လျှောက်ထားချက်	....	၈၀
	(င) မဟာစည်ဝိပဿနာရှုနည်း	....	၈၀
၁၉။	**သတ္တသုတ္တန်တရားတော်**	....	၈၁
	(က) ပူလောင်တဏှာ ကင်းအောင်သာ	....	၈၁
	(ခ) တိုက်တွန်းသြဝါဒ သတိပဋ္ဌာန်အားထုတ်ကြ	....	၈၂
	(ဂ) ခန္ဓာငါးပါး၏ လက္ခဏာစသည်ကို သိပုံ	....	၈၂
	(ဃ) နန်းတွင်းမယ်ခေမာ ဓမ္မဂီတိ	....	၈၃
	(င) လှမျိုးကုဋေကုဋာ မယ်ခေမာ ဓမ္မဂီတိ	....	၈၄
	(စ) တရေးမေးခြင်း အိုမင်းလာ ဓမ္မဂီတိ	....	၈၅
	(ဆ) အဂ္ဂလက္ခြာထေရီခေမာ ဓမ္မဂီတိ	....	၈၇
၂၀။	**သတိပဋ္ဌာန် ကြေးကြော်သံတရားတော်ကြီး**	....	၈၈
	(က) မဟာသတိပဋ္ဌာန်သုတ်ဟူသည်	....	၈၈
	(ခ) နိဒါန်း	....	၈၈
	(ဂ) တရားကြေငြာချက်	....	၈၈
	(ဃ) အကျိုးပြမိန့်ခွန်းတော်	....	၈၉

စဉ်	အကြောင်းအရာ		စာမျက်နှာ
(င)	အကျဉ်းချုပ်အားထုတ်နည်း	....	၇၉
(စ)	မဟာစည်ဝိပဿနာရှုနည်း	....	၉၀
၂၁။	**ကုရုတိုင်းတွင် သတိပဋ္ဌာန်ပွားစေချင်-**		
	တရားတော်	....	၉၁
(က)	ရှေပန်းတောင်း ရှေသေတ္တာရှစ်လုံးဖွဲ့ကဗျာ	....	၉၁
(ခ)	အသက်ရှင်လျက် သေသူပမာ-ရှစ်လုံးဖွဲ့ကဗျာ	....	၉၂
(ဂ)	ဘုရားပွင့်တာ သင့်တွက်တာ	....	၉၂
(ဃ)	ဗုဒ္ဓ ရက္ခိတဇာတ်လမ်းလင်္ကာ	....	၉၂
(င)	နမ္မုနာထား လူများကျင့်စေလို	....	၉၄
(စ)	သာသနာပြုနမ္မုနာဆောင်ပုဒ်	....	၉၄
(ဆ)	ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်	....	၉၄
၂၂။	**စိတ်ညစ်ကင်းရန် သတိပဋ္ဌာန်တရားတော်**	....	၉၅
(က)	စိတ်၏လက္ခဏာ စသည်ကိုသိပုံ	....	၉၆
(ခ)	အပြင်မှားနေပုံ	....	၉၆
(ဂ)	ကိုလေသာ(၁၀)ပါး	....	၉၆
(ဃ)	တထောင့်ငါးရာ ကိုလေသာမြောက်ပွားပုံ	....	၉၇
(င)	ကိုလေသာသုံးမျိုးကို သိက္ခာသုံးပါးနှင့်ပယ်ပုံ	....	၉၇
(စ)	ရဟန်းချင်းချင်းသြဝါဒ	....	၉၇
(ဆ)	ငရဲကြီးရှစ်ထပ်သရုပ်	....	၉၈
(ဇ)	သိဒ္ဓိုဝင်းငရဲခံရပုံ	....	၉၈
(စျ)	ကာဠသုတ်ငရဲခံရပုံ	....	၉၈

(ည) မြတ်ဒေသနာ'ဆောင်ပုဒ်လက်ဘျား

စဉ်	အကြောင်းအရာ	စာမျက်နှာ
(ည)	သံဃာတ ငရဲခံရပုံ	.... ၉၀
(ဋ)	ရောရုဝငရဲခံရပုံ	.... ၉၀
(ဌ)	မဟာရောရုဝငရဲခံရပုံ	.... ၉၉
(ဍ)	တာပနငရဲခံရပုံ	.... ၉၉
(ဎ)	မဟာတာပန ငရဲခံရပုံ	.... ၉၉
(ဏ)	အဝီစိငရဲခံရပုံ	.... ၉၉
(တ)	အရုံငရဲ	.... ၉၉
၂၃။	မဟာသဒ္ဓါယတနုကသုတ္တန် ဝပ်ဆနာ တရားတော်ကြီး	.... ၁၀၀

ပထမပိုင်း

(က)	အမြင်မှား၍ သံသရာလည်ပုံ	.... ၁၀၀
(ခ)	ပကတိလူတို့အား မြင်ဆဲ၌ ဖြစ်ရိုးဖြစ်စဉ်	.... ၁၀၀
(ဂ)	အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးပေါ်ပုံ	.... ၁၀၁
(ဃ)	ပစ္စုပ္ပန်အကျိုးပေါ်ပုံ	.... ၁၀၂
(c)	ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးပေါ်ပုံ	.... ၁၀၂
(စ)	အနာဂတ်အကျိုးငါးပါးပေါ်ပုံ	.... ၁၀၂

စဉ်	အကြောင်းအရာ	စာမျက်နှာ

ဒုတိယပိုင်း

(ဆ)	အမြင်မှန်၍ သံသရာပြတ်ပုံ	၁၀၃
(ဇ)	ဝိပဿနာယောဂီတို့အား မြင်ဆဲ၌-ဖြစ်ရိုးဖြစ်စဉ်	၁၀၃
(စျ)	မြင်ဆဲ၌ ရုပ်နာမ်ဒုက္ခသစ္စာကဲ့ပုံ	၁၀၄
(ည)	မျက်စိကိုသိပုံ	၁၀၄
(ဋ)	အဆင်းကိုသိပုံ	၁၀၅
(ဌ)	မြင်သိကိုသိပုံ	၁၀၄
(ဍ)	မြင်တွေ့ကိုသိပုံ	၁၀၅
(ဎ)	ကာယိကသုခကိုသိပုံ	၁၀၅
(ဏ)	ကာယိကဒုက္ခကိုသိပုံ	၁၀၅
(က)	စေတသိကသုခခေါ် သောမနဿကိုသိပုံ	၁၀၅
(ထ)	စေတသိကဒုက္ခခေါ် ဒေါမနဿကိုသိပုံ	၁၀၆
(ဒ)	ဥပေက္ခာကိုသိပုံ	၁၀၆

တတိယပိုင်း

(ဓ)	ဗောဓိပက္ခိယတရား(၃၇)ပါးဖြစ်ပုံ	၁၀၇
(နဝ)	မဂ္ဂင်ရှစ်တန် လမ်းမှန်၏သရုပ်	၁၀၇
(ပ)	သတိပဋ္ဌာန်(၄)ပါးဖြစ်ပုံ	၁၀ဂ
(ဖ)	သမ္မပ္ပဓာန်(၄)ပါးဖြစ်ပုံ	၁၀ဃ
(ဗ)	ဣဒ္ဓိပါဒ်(၄)ပါးဖြစ်ပုံ	၁၁၀

စဉ်	အကြောင်အရာ		စာမျက်နှာ
(ဘ)	ဣန္ဒြေ(၅)ပါးဖြစ်ပုံ	....	၁၁၀
(မ)	ဗိုလ်(၅)ပါးဖြစ်ပုံ	....	၁၁၀
(ယ)	ဗောဇ္ဈင် (၇)ပါးဖြစ်ပုံ	....	၁၁၀
(ရ)	သမထနှင့် ဝိပဿနာ	....	၁၁၁
(လ)	သစ္စာ(၄)ပါး	....	၁၁၁
(ဝ)	သစ္စာလေးပါးကို တပြိုင်နက်သိပုံ	....	၁၁၁
၂၄။	**ရတနာခြေလှမ်းနှင့် မြတ်ချမ်းသာ တရားတော်ကြီး**	....	၁၁၂
(က)	သုသာန်စောင့်နတ်မင်းက တိုက်တွန်းခြင်း	....	၁၁၂
(ခ)	အနာထပိဏ်သဌေး၏ မေးလျှောက်ချက်	....	၁၁၂
(ဂ)	ဗုဒ္ဓမိန့်ခွန်း ချမ်းသာညွှန်း	....	၁၁၂
(ဃ)	ပိတိငါးမျိုး	....	၁၁၃
(င)	နှလုံးသွေးအရောင်ပြောင်းခြင်း	....	၁၁၃
၂၅။	**ဗုဒ္ဓဓမ္မ ကြားနာရသော် တရားတော်**	....	၁၁၄
၂၆။	**ဗုဒ္ဓဓမ္မ သြဝါဒ လောကအမြတ်ဆုံး တရားတော်**	....	၁၁၆
၂၇။	**နှစ်သက်ဝမ်းသာ မြတ်ချမ်းသာတရားတော်**	....	၁၁၇
၂၈။	**သံဃာအမိုက်တိုက် ပိုက်ကွန်တွင်းမှ လွတ်ကင်းရေးတရားတော်**	....	၁၁၈
(က)	လူ့ပြည်နတ်ပြည်	....	၁၁၉
(ခ)	မရဏာသတိပွားများရေး ဘုရားဆေး	....	၁၁၉

စဉ်	အကြောင်းအရာ		စာမျက်နှာ
(ဂ)	ငါ့အသက်ဟာ	....	၁၂၀
(ဃ)	မသိသုံးပါး သိတပါး	....	၁၂၀
၂၉။	**ဘုရားရှင်၏ နောက်ဆုံးမှာတမ်းတရားတော်**	....	၁၂၂
(က)	ရှုမှတ်ပွားကျင့်	....	၁၂၃
၃၀။	**သေခြင်းဆင်ခြင် တရားဝင်တရားတော်**	....	၁၂၄
(က)	မဟာသီဝမထေရ်ဝတ္ထု	....	၁၂၆
၃၁။	**လေဥပမာ ဝေဒနာနုပဿနာ**		
	တရားတော်ကြီး	....	၁၃၁
(က)	ပူတိဂတ္တတိဿရဟန်းဝတ္ထု	....	၁၃၂
(ခ)	ပစ္စုပ္ပန်ဝတ္ထု	....	၁၃၂
(ဂ)	အတိတ်ဝတ္ထု	....	၁၃၄
(ဃ)	အနုသန္ဓေ	....	၁၃၅
၃၂။	**မိဘကျေးဇူးတရားတော်**	....	၁၃၆
(က)	သဗြဟ္မကသုတ်	....	၁၃၆
(ခ)	သမစိတ္တဝဂ် ဒုတိယသုတ်	....	၁၃၇
၃၃။	**တရားနာသူ ရှုပုံသုံးမျိုးတရားတော်**	....	၁၃၈
၃၄။	**ပတ်ဝန်းကျင်မှ သံဝေဂတရားတော်**	....	၁၄၁
(က)	ကုမ္ဘကာရဝတ္ထု	....	၁၄၁
(ခ)	ပစ္စုပ္ပန်ဝတ္ထု	....	၁၄၁
(ဂ)	အတိတ်ဝတ္ထု	....	၁၄၂
(ဃ)	နိဂုံး	....	၁၄၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၅။	ဗုဒ္ဓချီးမွမ်း ဒါနစွမ်း သုမနသုတ္တန် တရားတော်	၁၄၄
၃၆။	ကျေးပေါသထာထေရီခေါ် ဥတ္တမာထေရီ၏ဖြစ်စဉ်	၁၄၈
၃၇။	စိတ္တာထေရီဖြစ်စဉ်	၁၄၉
၃၈။	တေလပတ္တဝတ္ထု ရှစ်လုံးဖွဲ့	၁၅၀
၃၉။	သာရဏီယကျင့်စဉ်အကျိုးပြ	၁၅၁
၄၀။	ဌက်နှင့်တူညီ မြတ်ယောဂီ	၁၅၂
၄၁။	ဝါသိဇဋ္ဌသုတ်တရားတော်	၁၅၄
၄၂။	အပ္ပမာဒသုတ်တရားတော်	၁၅၅
၄၃။	ကိုယ်အားကိုယ်ကိုးတရားတော်	၁၅၆
၄၄။	အရိယသစ္စာတရားတော်	၁၅၇
(က)	သစ္စာအနက်(၁၆)ချက်	၁၅၈
(ခ)	ဉာဏ်သုံးပါးနှင့် ဖြစ်ရာကာလ	၁၅၈
၄၅။	အဘယသုတ္တန်တရားတော်	၁၅၉
၄၆။	ကျေးဇူးရှင် ညောင်ကန် ဦးဗုဒ်ဆရာတော် ဘုရားကြီး၏မဟာသတိပဋ္ဌာနသုတ် ဆောင်ပုဒ်မျှား	၁၆၃
(က)	သုံးရာသောအရိုး	၁၆၃
(ခ)	စိတ်နှင့် နှလုံးသွေး	၁၆၃

စဉ်	အကြောင်းအရာ		စာမျက်နှာ
(ဂ)	စားသမျှအစာ	....	၁၆၄
(ဃ)	သည်းခြေ	....	၁၆၄
(င)	သတိသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၄
(စ)	ဓမ္မဝိစယသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၄
(ဆ)	ဝီရိယသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၄
(ဇ)	ပီတိသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၅
(စျ)	ပဿဒ္ဓိသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၅
(ဈ)	သမာဓိသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၅
(ဉ)	ဥပေက္ခာသမ္မောဇ္ဈင်ပွားကြောင်း	....	၁၆၅
(ဋ)	ဗောဇ္ဈင်(၇)ပါးပွားကြောင်းသင်္ချာမျှား	....	၁၆၅
(ဌ)	သတိပဋ္ဌာန် မယ်သုမနဖြစ်စဉ်	....	၁၆၆
၄၇။	**မဟာသတိပဋ္ဌာန်ဝိပဿနာရှုနည်း မူသေစည်းတရားတော်**	....	၁၆၇
(က)	ထိုင်စဉ်ရှုနည်း မူသေစည်း	....	၁၆၇
(ခ)	လျောင်းစဉ်ရှုနည်း မူသေစည်း	....	၁၆၉
(ဂ)	သွားရပ်ရှုနည်း မူသေစည်း	....	၁၇၀
(ဃ)	သမ္ပဇဉ်ရှုနည်း မူသေစည်း	....	၁၇၁
(င)	မဟာသတိပဋ္ဌာနသုတ် ကြေငြာချက် မိန့်ခွန်းတော်	....	၁၇၃
(စ)	မဟာသတိပဋ္ဌာနသုတ် ဝန်ခံချက် မိန့်ခွန်းတော်	....	၁၇၃

(ၓ) မြတ်ဒေသနာ ဆောင်ပုဒ်လက်ဴများ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၀။	ကျေးဇူးတော်ရှင် မဟာစည်ဆရာဘော်ဘုရားကြီး၏ ထေရုပ္ပတ္တိသခ်ေပမော်ကွန်း ရတုပုဒ်စုံ	၁၃၅
၄၉။	ကျေးဇူးရှင် ကမ်းနီတောရ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိထောမနာနှင့် ဝိပဿနာ(၁၅)ရက်စခန်းသိမ်းအောင်ပွဲ မင်္ဂလာ ရတုပုဒ်စုံ	၁၀၆
၅၀။	ဓမ္မာရာမထေရုပ္ပတ္တိမော်ကွန်း ရတုပိုဒ်စုံ	၁၉၃
၅၁။	ဇောင်းချမ်းဟောင်ရွာ ဝိပဿနာ(၄၅) ရက်စခန်းအောင်ပွဲ မင်္ဂလာရတုပိုဒ်စုံ	၁၉၉
၅၂။	နယုန်လပြည့် မဟာသမယနေ့အမှန်း ရှစ်လုံးဖွဲ့ကဗျာများ	၂၀၁

ပဏ္ဏာဒ

ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး

၁။ ကောင်းဆိုးအာရုံ၊ အမျိုးစုံ၊
အကုန်စိုးရ - ဣဿရိယဘုန်းဂုဏ်တော်။

၂။ လေးမဂ်လေးဖိုလ်၊ နိုဗ္ဗာန်ကို၊
မှန်ကုယ်တုံရ - ဓမ္မဘုန်းဂုဏ်မတော်။

၃။ ခြေရုံများခြင်း၊ ကောင်းသတင်း၊
ပျံ့သင်းကျော်လှ - ယသဘုန်းဂုဏ်တော်။

၄။ လက္ခဏာကြီးငယ်၊ ရောင်ခြောက်သွယ်၊
သပ္ပာယ်ဆင်းရှိ - သိရီဘုန်းဂုဏ်တော်။

၅။ မိမိသူတပါး၊ ကောင်းကျိုးများ၊
လိုလားပြည့်ဝ - ကာမဘုန်းဂုဏ်တော်။

၆။ ဘုရားဖြစ်ရော၊ တရားဟော၊
ကြီးသောလုံ့လ - ပယတ္တဘုန်းဂုဏ်တော်။

၇။ ဘုန်းတော်ခြောက်ပါး၊ ပြည့်စုံငြား၊
ဘုရားရှိခိုး - မြတ်ပူဇော်။

အာသီသ - စေတနာမွန်

မြတ်ဒေသနာ

၁။ မြတ် စ္ဓာဘုရား - ဟောကြားဉာဏ်ရောင်၊
ဒေ သနာပေါင်း - ရှစ်သောင်းလေးထောင်၊
သ ဒေဝက - လောကလူ့ဘောင်၊
နာ ကျင့်ပွား - ရောက်ခြားနိုဗ္ဗာ။

ဆောင်ပုဒ်လကာမျိုး

၂။ ဆောင် မှတ်ကျဉ်းချုပ် - သိမ်းထုပ်သေချာ၊
ပုဒ် တိုင်းပုဒ်တိုင်း - မဆိုင်းသိသာ၊
လင်္ကာ စီရေး - ဖြန့်ပေးစာလွှာ၊
မျိုး ကျင့်ပွား - ထွန်းကားသာသနာ။

ညောင်ကန်အေးရိပ်

၃။ ညောင် ပင်မူလ - ဗုဒ္ဓပွင့်ပေါ်၊
ကန် မဟူလိန္ဒ - ဗုဒ္ဓ စံပျော်၊
အေး ငြိမ်းအောင်ခြား - ငါးပါးမာရ်ကျော်၊
ရိပ် သာထူး - ပွင့်ဖူးအောင်စည်ဆော်။

သာဆရာတော်

၄။ သာ သနာဆက် - တိုးတက်ဖို့ရာ၊
ဆ ရာတော်ကား - ဟောကြားဒေသနာ၊
ရာ ထောင်မက - မျှားလှ သိသာ၊
တော် တော်မျှား - နာကြားမှတ်စေပါ။

ရေးဖွဲ့ဟောသည်

၅။ ရေး ရေးဟောဟော - ထူးသောဒေသနာ၊
ဖွဲ့ ဖွဲ့နွဲ့နွဲ့ - ထူးတဲ့လက်ရာ၊
ဟော နာ - မှတ်ကျင့်—ဆင့်ဆင့်ပညာ၊
သည် မှဆက=ဗုလမက ရစေသော။

ညောင်ကန် အရှင်ဂုဏ္ဍက

၁၃၄၃-ခု နတ်တော်လပြည့်ကျော် (၁၄)ရက်
(၂၅-၁-၈၁) သောကြာနေ့



၃။ သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင် တရားဓတ်

(က) သံယောဇဉ်ကြီး ဖြတ်ချိုးမလွယ် ဂါထာသွယ်

ပဠာဝရမ္မဏ ထမ္ဘမ်ိ၊ သံယောဇနေဟိ ဗဒ္ဓိတာ။
သတ္တာ သသာရဝဇမ္ပ၊ နက္ခမတု နိ သက္ကရေ။

သံသာရဝဇမ်ိ၊ သုံးဆယ့်ဘစ်ဘုံ ဝဋ္ဋမြုံမှန်စ္စာ သံသရာဆိုက့ဲ **နှ**ားခြုံကြီးထဲ၌။ ပဠာဝရမ္မဏထမ္ဘမ်ိ၊ အဆင်းတွေ့ကလဲ အတန်**တ**န် အသံတွေ့ကလဲ အမျိုးမျိုး အခိုးအနံ့တွေ့ကလဲ အဖြာ**ဖြ**ာ အရသာတွေ့ကလဲ အစုံအစေ့ အတွေ့အထိတွေ့ကလဲ တပ်ုံ**တ**ပင် ခုံမင်စရာ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတ့ဲ ချည်တိုင်ကြီး၌။ **သံ**ယောဇနေဟိ၊ သံယောဇဉ်ကြီး အမျိုးမျိုးတို့ဖြင့်။ ဝါ— **သံ**ယောဇနေဟိ၊

(က) မျက်စေ့အောက်က အပျောက်မခံချင် ချစ် ခင် **စ**ဲ့လမ်းလျှက် အမြဲတမ်းကြည့်နေချင်ကြတ့ဲ မိခင်ဖခင်တွေ့ရဲ့ **သ**ားသမီးသံယောဇဉ်၊

(၁) ငါ့အမေ ငါ့အဖေ ငါ့ဆွေ ငါ့မျိုး ငါ့အိုး ငါ့အိမ် ရယ်လို့ အချိန်ရှိသမျှ မိဘနှင့် မခွဲပဲ အမြဲအစဲ့ ပွားစီးနေချင် ကြတဲ့ သားသမီးတွေရဲ့ မိဘသံယောဇဉ်၊

(၇) ငါ့တိုက် ငါ့တာ ငါ့ယာ ငါ့မြေ ငါ့ရွှေ ငါ့ပစ္စည်း ရယ်လို့ ခွဲလဲမသွားနိုင် တကိုင်ကိုင် တပွေ့ပွေ့နှင့် နေ့ရှိသရွှေ့ ညရှိသရွှေ့ ဒုက္ခပေးနေတဲ့ သင္ဘေးအခေါ်ခံသူတွေရဲ့ ပစ္စည်း သံယောဇဉ်၊

(ဃ) အချိန်တန် အိမ်ပြန်လို့ မရောက်မှုဖြင့် ကတောက် ကတက်တွေ့ တွေ့းတွေ့းပြီးတော့ မေးလားမြန်းလားနဲ့ လမ်း သွားလမ်းလာကို အကဲခတ်လိုမို့ အသည်း တဆတ်ဆတ်နာ အောင် အကြိမ်ကြိမ် ထွေတရာပူရတဲ့ အိမ်နေသူ ဒကာမကြီး တွေရဲ့ ဒကာကြီးအပေါ် စဲ့တဲ့ သံယောဇဉ်၊

(c) အလုပ်လုပ်လို့မဖြောင့် စိုးနှောင့်ပူပန် နောက်ဆံ တတင်းတင်းနဲ့ နေ့ခင်းအချိန်မှာ ငါမရှိခင် အိမ်လယ်မျှား ထွက်နေမလားတဲ့ရယ်လို့ တချက်တချက် လူမသိအောင် ပူရှာ ရတဲ့ စီးပွားရေးအတွက် အိမ်ကထွက်ခွာနေသူ ဒကာကြီး တွေရဲ့ ဒကာမကြီးအပေါ် စဲ့တဲ့သံယောဇဉ်၊

(စ) ပြုံးပုံကလေးကဘယ်လို့ ဆိုပုံကလေးကဘယ်သို့ မခို့ တရို့ နေပုံကလေးက ဘယ့်နှယ်ရယ်လို့ ဆက်သွယ်သူ တဖက် သားကြောင့် ရတက်မျှားပေ့လိုင် တမ့ိုင်မ့ိုင်တတတနဲ့ ခဏခဏ အသွယ်သွယ်ပူရတဲ့ ငယ်ရွယ်သူတွေရဲ့ လူမသိတဲ့ (အုန်ပုန်း) သံယောဇဉ်၊

ဆွေသံယောဇဉ်၊ မျိုးသံယောဇဉ်၊ အိုးသံယောဇဉ်၊ အိမ်သံယောဇဉ်၊ စိန်သံယောဇဉ်၊ ပေါ်ဖျင်လျှစ်ဌာ၊ ငါ့ယောင်ငါ့မြေ၊ ငါ့ရှေ့ ငါ့ပစ္စည်းရယ်လို့၊ အနည်းနည်းအဖုံဖုံ စုံစုံလင်လင်၊ သံယောဇဉ်ဆိုတဲ့ကြိုး၊ အမျိုးမျိုးတို့ဖြင့်။ ဗုဒ္ဓတာ၊ ရှုန်းနှင်လျှင် ရှုန်း ဖြတ်နှင်လျှင်ဖြတ် ဆင်ပြောင်ကို ထူးခတ်သလို ပူးကပ်စ္ဌာ ချည်နှောင်အပ်ကုန်သော။ သတ္တာ၊ သံယောဇဉ် နဖားကြိုးတွေနဲ့ နှားသိုးနွားမ မျှားစ္ဌာကျုံးချုံ ဘလုံးစုံကုန်သော သတ္တဝါတို့သည်။ (သံသာရဝဇတော၊ သုံးဆယ့်တစ်ဘုံ ဝဋ္ဌမြုံ မှန်စ္ဌာ သံသရာဆိုတဲ့ နွားခြံကြီးထဲမှ။) နိုက္ခမ်တုံ၊ သံယောဇဉ်ကြိုးတွေကို ဇွတ်ဖြတ်၍ လွတ်လပ်ရာဆိုတဲ့ ဘုံစားကျက်ဆီ သို့ခုန်ထွက်သွားရောက်ခြင်းငှါ။ နသက္ကရေ - နသက္ကောန္တိ၊ လူစ္ဌမ်း မဟုတ်သမျှမှာဖြင့် မုချကေန် တကယ့်ကို မှတ်လေတော့သြော် — ဘယ်လို အတတ်နဲ့မှ မစ္ဌမ်းနိုင်ပဲ....ရှိကြလေကုန် သတည်း။

(ခ) သံယောဇဉ် ရှစ်လုံးဖွဲ့ကဗျာမျှား

သားသမီး သံယောဇဉ်

၁။ မျက်စိအောက်က - မပျောက်စေချင်၊
တသက်ပတ်လုံး - ရှင်ပြုံးကြည်လင်၊
မိဘများတို့ - ရှုစားလိုအင်၊
အများကြီး - သားသမီးသံယောဇဉ်။

(၈) မိဘ သံယောဇဉ်

၂။ ရပ်တပါးသို့ - သွားဖို့မပြင်၊
မိဘနှင့်ပဲ - အမြဲတူယှဉ်၊
သားသမီးတို့ - ပွားစီးနေချင်၊
ရှိသမျှ - မိဘသံယောဇဉ်။

(ဃ) ပစ္စည်းသံယောဇဉ်

၃။ အိမ်ကြီးတိုက်ကြီး - ပစ္စည်းစုံလင်၊
နေ့စဉ်အမြဲ - မခွဲနိုင်အင်၊
ရွှေငွေစိန်သီး - အိမ်ကြီးအရှင်၊
အချစ်ကြီး - ပစ္စည်းသံယောဇဉ်။

(c) ဒကာကြီး သံယောဇဉ်

၄။ ပြန်ချိန်တန်လောက် - မရောက်လာယင်၊
ဘယ်ဆီကိုမျှား - သူ့သွားသည့်အင်၊
အချိန်ကျလို့ - အိမ်ကပူပင်၊
ကမ္ဘာမီး - ဒကာကြီး သံယောဇဉ်။

(စ) ဒကာမကြီး သံယောဇဉ်

၅။ ငါမရှိခဏ် - စရိုက်ပေါ်လွင်၊
တိတ်တိတ်ကွယ်ပုန်း - လယ်အုန်းမည်ထင်၊
နောက်ဆံတင်းလို့ - လုပ်ရင်းပူပင်၊
မဟာမီး - ဒကာမကြီး သံယောဇဉ်။

(ဆ) မီးပွား သံယောဇဉ်

၆။ ငယ်ရွယ်သူမျှား - အားလုံးတူပင်၊
ကုယ့်ကုသူစု - ကုယ်လသူ ခင်၊
လူမသိဘူး - ပူမိုလေအင်၊
အကြီးစား - မီးပွားသံယောဇဉ်။

မှတ်ချက်။ ။ဤဂါထာပါ၌ အနက်နှင့် ဤရှစ်လုံးဖွဲ့ကဗျာ မျှားကို ရေးသူမသိရပါ။

(ဇ) သံယောဇဉ် ၁၀-ပါး ဆောင်ပုဒ်မျှား

(မဟာသတိပဋ္ဌာနသုတ်-ဓမ္မာနုပဿနာ-အာယတနပိုင်း)

(က) မျက်စိကိုလည်းသိရမည်၊ အဆင်းကိုလည်းသိရမည်။ ထိုနှစ်မျိုးကိုမှီ၍ ဖြစ်ပေါ်လာသော သံယောဇဉ် ကိုလည်း သိရမည်။
(ခ) သံယောဇဉ်ဖြစ်ပေါ်ကြောင်းကိုလည်း သိရမည်။
(ဂ) သံယောဇဉ်ပယ်ကြောင်းကိုလဲ သိရမည်။
(ဃ) သံယောဇဉ်ငြိမ်းကြောင်း တရားကိုလည်း သိရမည်။

၁။ အာရုံ ငါးဝ၊ တပ်စွဲက ကာမသံယောဇဉ်။
၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။
၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။
၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလဲ ဒိဋ္ဌိပင်။

၆။ တရားမှန်တွင်၊ မယုံချင်၍၊ဆင်ခြင်နှိုင်းညှိ၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာ သံယောဇဉ်။

၇။ သစ္စာမမြင်၊မဂ္ဂင်မပါ၊လေ့ကျင့်ကာဖြင့်၊ချမ်းသာမြဲမည်၊ ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗွတပင်။

နှားခေါ်းတူစ္ဆာ၊ ကျင့်တာကောင်းမြတ်၊ ယူဆမှတ်၊ သီလဗွတပင်။

ပူဇော်ပသ၊ လေ့ကျင့်မျှဖြင့်၊ ဘဝနောင်ခါ၊မြဲချမ်းသာ၊ ယူတာလဲပဲ ၎င်းပင်။

၈။ ကိုယ်ထက်သူများ၊ ကောင်းစားသည်ကို၊ မနာလို၊ ခေါ်ဆိုဣဿာပင်။

၉။ ကိုယ်လိုသူများ၊ ချမ်းသာပွားရ၊ ကောင်းစားသည်မှ၊ ဝန်တုတ်၊ မစ္ဆရိယပင်။

၁၀။ သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာ သံယောဇဉ်။

၁၁။ ဝဋ္ဌဆင်းရဲမှ၊ မထွက်ရအောင်၊ ချည်နှောင်တတ်စွာ၊ ဤဆယ်ဖြာ၊ အာဘိဓမ္မာသံယောဇဉ်။

(စျ) အရိယာ အသီးသီးတို့မှာ ကင်းငြိမ်းသောသံယောဇဉ်များ

၁။ ဒိ-ဝိ-သီ-ဣ၊ မစ္ဆရိ၊ ကင်း၏သောတာပန်။

၂။ ကာမ ရာဂ၊ ပဋိဃ၊ ကင်းပအနာဂါမ်။

၃။ ဘဝ မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာအရဟံ။

(မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များမှ)

လိုတာလျှက် လိုတာရ တရားတော်

၄။ လိုတာလျှက်လိုတာရတရားတော်

(က) လိုတာလျှက် လိုတာရ-သံပေါက်

၁။ ဘာကိုပေးလျှ၊ ခွန်အားလျှ၊ အလျှဖြစ်သလဲ။
၂။ စားဖွယ်လျှလျှင်၊ အားလျှရှင်၊ သူပင်ကျိုးရမြဲ။
၃။ ဘာကိုပေးလျှ၊ ရုပ်ဆင်းလျှ၊ အလျှဖြစ်သလဲ။
၄။ ဝတ်ထည်လျှလျှင်၊ ဆင်းလျှရှင်၊ သူပင်ကျိုးရမြဲ။
၅။ ဘာကိုပေးလျှ၊ ချမ်းသာလျှ၊ အလျှဖြစ်သလဲ။
၆။ ယာဉ်ကိုလျှလျှင်၊ ချမ်းသာရှင်၊ သူပင်ကျိုးရမြဲ။
၇။ ဘာကိုပေးလျှ၊ မျက်စိလျှ၊ အလျှဖြစ်သလဲ။
၈။ ဆီမီးလျှလျှင်၊ မျက်စိရှင်၊ သူပင်ကျိုးရမြဲ။

၉။ ဘာကိုပေးလျှ၊ လုံးစုံလျှ၊ အလှုဖြစ်သလဲ။
၁၀။ ကျောင်းကိုလျှင်၊ စုံလှုရှင်၊ သူပင်ကျိုးရမြဲ။
၁၁။ တရားဟောက၊ ဓမ္မဒါန၊ မြတ်လှုနိုဗွာန်လှု။

(ခ) နန္ဒိယရဲ့ကျောင်း ဒါနဖွဲ့ ဓမ္မဂီတိ

၁၂။ မြို့ဗာရာဏသီ - ဂ္ဂသိပတနတွင်၊
မြတ်စွာဗုဒ္ဓ - ကိန်းအောင်းပျော်။
ထိုစဉ်အခါ - သဒ္ဓါပြည့်ဝတဲ့၊
ဦးနန္ဒိယ - သူကြွယ်ခေါ်။
သုံးပါးရတနာ - လှူသီးသီးနဲ့၊
ခရီးသွားအထီးကျန် - အစုံလှုပျော်။
ဓနရှင်သူတော်စင် - ဒါနရှင်ကြီးလို့၊
ဝေးနီးမေ့းပ္ပံ - ကြိုင်လှိုင်ကျော်။
ကျောင်းအနုမောဒနာ - တရားနာရလို့၊
ဂ္ဂသိပတန - ကျောင်းတိုက်တော်။
ကျောင်းခန်းလေးသွယ် - အဟုတ်ထူးတဲ့၊
မုခ်ဦးပြာသာဒ် - လေးဆောင်ဖော်။
ကျောင်းအသုံးဆောင် - ပရိဘောဂတို့၊
အပြည့်သြချလို့ - ဆောက်ပြီးသော်။
ဘုရားအမှူးတင် - သံဃာအပေါင်းအား၊
ကျောင်းလှူရေစက် - ချပြီးသော်။

ရေစက်ချစဉ် - ဝတိုဏ်ထီးမှာ၊
နတ်သမီးများနှင့် - ဗိမာန်ပေါ်။
အာရှင်မဟာမောဂ္ဂလာန် - တွေ့မြင်ပြီးလို၊
သူးလှူထားအား - ကင်လျှောက်သော။
ချစ်သားမောဂ္ဂလာန် - အဆန်းမထင်နဲ့ဟဲ့၊
ကောင်းမှုရှင်ရဲ့ - ကောင်းကျိုးပေါ်။
ကဲ့ဂ္ဂာနေသူ - ခရီးပြန်ရောက်တော့၊
အိမ်ပေါက်ဝက - တူပျော်ပျော်။
မိသားစုတွေ - နှုတ်ကြိုဆက်ဖို့၊
နတ်ပြည်ထက်က- နတ်တွေမျှော်။
ဘုရားဟောကြား - နာသူများ၊
တရား - ရကြသော်။
အဲဒါကြောင့် - ကျောင်းလှူဒါန - ကျိုးကြီးလှ၊
ဗုဒ္ဓ - မိန့်ခွန်းတော်။

(ဂ) ရောဟိနီရဲ့ ကျောင်းဒါနဖွဲ့ ဓမ္မဂီတိ

၁၃။ ကပိလဝတ်ပြည်-နိဂြောဓာရုံကျောင်းမှာ၊
ဗုဒ္ဓကိန်းအောင်း - စံပျော်နေ။
ရောဟိနီမှာ - နှုနာပျောက်ဖို့၊
ဆွမ်းစားကျောင်းဆောက် - လှူပါလေ။
အာရှင်နုရုဒ္ဓါ ညွှန်ကြားကောင်းလို့၊
သောင်းတန်တန်ဆာ ရောင်းလှူလေ။
ဆွမ်းကျောင်းဆောက်စဉ် - ရေလှူလျက်နဲ့၊
တံမြက်လှည်းကျင်း - နေရာခင်းတွေ၊

သံဃာကြွလာ - ပြုစုလျက်က၊
ရောဂါတဝက် - သက်သာချေ။
ကျောင်းလွတ်ပဲ့တင် - ဘုရားရှင်ကြွလို့၊
ရေစက်ချပဲ့ - တရားချေ။
တရားနာစဉ် - ရှုမှတ်လျက်က၊
သောတာမဂ်လဲ - ရရှိနေ။
နှုနာပျောက်နေ - စုတေပြီးတော့၊
ဝတိ်နတ်သမီး လှသည်းချေ။
လေးယောက်နတ်ဘုံ - အလယ်ခြားမို့၊
ငါ့မယား-သူ့မယား - အပိုင်စားလုနေ။
ဆုံးဖြတ်ပေးရန် - သိကြားထံရောက်တော့၊
တယောက်ချင်းတင်ပြ - သူလှထွေ။
စစ်မြေပြင်စည် - တောင်ကျရေထွက်သို့၊
ပုစ္ဆန်မျက်စေ့ - တံခွန် ပမေ။
သူ့ကိုမြင်လျှင် - စိတ်တွေလှုပ်လို့၊
ကျွန်ုပ်တို့အား - ဆုံးဖြတ်စေ။
ငါသိကြားမှာ - သူ့မရက၊
သေရမည်မို့ - ငါယူမဟော။
ရောဟိနီကား - သိကြားမယား၊
ထိပ်ထား - ပျော်ပျော်နေ။

အဲဒါကြောင့် - ကျောင်းလှူဒါန - ကျိုးကြီးလှ၊
ဗုဒ္ဓ - မိန့်ခွန်းချေ။ ။

(ဃ) မဟာစည် ဝိပဿနာရှုနည်း

၁။ အာရုံဒွါရ၊ ဆုံတွေ့ဌက၊ ရှုရသတိပဋ္ဌာန်။
၂။ လျောင်းထိုင်ရပ်သွား၊ ဖြစ်ခိုက်များ၊ရှုပွားသတိပဋ္ဌာန်။
၃။ တင်ပလွင်ခွေကာ၊ ဒူးတုပ်ကာ၊ ဝမ်းမှာသတိယှဉ်။
၄။ ဖောင်းတယ် ပိန်တယ်၊ရှုမှတ်ကွယ်၊ နှစ်သွယ်ရှုပ်နာမ်ပင်။
၅။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်!
၆။ ကြားနံစားထိ၊ စိတ်ကူးရှိ၊ မှတ်သိရှေးနည်းပင်။
၇။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင်ရှုမှတ်စဉ်။
၈။ ထိုင်တယ်မှတ်ယင်၊ထိုင်ရှုပ်သွင်၊ထိုင်စဉ်ဉာဏ်သက်ဝင်။
၉။ ထိတယ်မှတ်ယင်၊တင်ကြမ်းပြင်၊ထိစဉ်ဉာဏ်သက်ဝင်။
၁၀။ ဖောင်းပိန်ထိုင်ထိ၊ပေါ်တိုင်းသိ၊မှတ်ဘိရှေးနည်းပင်။
၁၁။ ဖြစ်စဉ်ပေါ်ခ၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟောစဉ်။
၁၂။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်ဖိုလ်ဝင်။

၅။ နှင်လားဟဲ့ လောကဓံ အောင်ပွဲခံ

တရားတော် ဓမ္မဂိုဏိများ

(က) လောကဓံ ဟူသည်

လောကခံကို-နှစ်ပုဒ်ခဲ့တော့၊
လောကနှင့် - ဓံဖြစ်ပါတယ်။
လောကဆိုတာ - သတ္တဝါများပေါ့၊
ဓံတရားက - ရှစ်ပါးရှိတယ်။
စည်းစိမ်ဥစ္စာ - ရ - မရနဲ့။
ယသခြေရုံ - ရ - မရရယ်။
ချီးမွမ်းဖြစ်တင် - ချမ်းသာခြင်းနှင့်၊

ဆင်းရဲခြင်းများ - ခံရှစ်ပါးကဲ့ယ်။
သတ္တဝါမှန်ယင် - ဒီရှစ်မျိုးနှင့်၊
တွေ့ရိုးကြုံရိုး - မလဲ့တယ်။
အကောင်းလေးမျိုး - ဆိုးလေးမျိုး၊
ဖြစ်ရိုး - ဓမ္မတာနဲ့ယ်။
အဲဒါကြောင့် - လောကခံရှစ်ပါး - မြတ်ဘုရား၊
ဟောကြား - တော်မူတယ်။

(၃) ပုထုဇဉ်နှင့် လောကခံ

လောကတွင်းမှာ-ဖြစ်လာကြတဲ့၊
သတ္တလောက - သတ္တဝါတွေ။
လောကဝိုဋ်ဟာ - ရှုတ်ဆိုးကြည့်ကဲ့၊
လူ့ဇာတိ ပလူ့ဇာတိတိ - လောကပေ။
ပျက်စီးတယ်တယ် - ဖရိုဖရဲတဲ့၊
ပြိုကဲ့ပျက်တာ - လောကပေ။
လောကခံလေးထွေ - အကောင်းတွေ့တော့၊
ဘဝမဲ့လို - ပျက်စီးနေ။
လောကခံလေးထွေ - အဆိုးခတ်တော့၊
စိတ်ခတ်ကျလို - ပျက်စီးနေ။
အကောင်းတွေ့ယင် - ဝမ်းသာတိုးလို၊
အဆိုးတွေ့တော့ - ဝမ်းနဲနေ။
သူတမရှိသူ - ပုထုဇဉ်ရိုင်းတို့၊
ဒီတိုင်းဒုက္ခ - ရောက်လို့နေ။

မမြဲဆင်းရဲ - ဖောက်ပြန်လွဲ၊
ဉာဏ်ထဲမရှုလေ။
အဲဒါကြောင့်၊ စိုးရိမ်ငိုပွဲ - ကိုယ်ဆင်းရဲ၊
စိတ်လဲ - ဆင်းရဲထွေ။ ။

(၇) တရားသိသူနှင့် လောကဓံ

တရားသိသူ - ဘုရားတပည့်ကတော့၊
ကြုံသည့်လောကဓံ - မှန်သမ်တယ်။
လေးမျိုးလောကဓံ - ကောင်းစံလဲပဲ၊
မမြဲဆင်းရဲ - ပြောင်းလဲသိတယ်။
လေးမျိုးလောကဓံ - ဆိုးခံလဲပဲ၊
မမြဲဆင်းရဲ - ပြောင်းလဲသိတယ်။
ဤသို့အမှန် - ဉာဏ်မြင်ရဲတော့၊
ဝမ်းနဲ့ဝမ်းသာ - ကင်းပါတယ်။
သောတာပန် သကဒါဂါမ် - အနာဂါမ်ထိတော့၊
ရှိသင့်သလောက် - ပူရှိတယ်။
ရဟန္တာဖြစ်ယင် - လောကဓံဖိတော့၊
တုန်လှုပ်မရှိ - ခံနိုင်တယ်။
လောကထဲတွင် - လူလာဖြစ်ယင်၊
လောကဓံစစ် - တိုက်ရတယ်။
သတိပဋ္ဌာန် - လက်နက်မြဲယင်၊
တိုက်ပွဲလောကဓံ - အောင်ရမယ်။

ဘုရားတရား - သံဃာများ၊
အားထား - ယုံကြည်တယ်၊
အဲဒါကြောင့် - မြတ်စွာဘုရား မိန့်တရား၊
နားကြား - ကျင့်ကြကွယ်။

(ဃ) မြတ်ဘုရားနှင့် လောကဓံ

မြတ်ဘုရားပင် - လောကခံတရားကို၊
ရှောင်ရှားမရ - တွေ့ရတယ်၊
ပဋ္ဌသာလာမှာ - ဆွမ်းခံမရလို့၊
ပိတိမျှနဲ့ - ဝမ်းဝခဲ့တယ်။
ဝေရဉ္ဇာမှာ - ဆွမ်းခံမရလို့၊
ဂျုံကြမ်းမျှနှင့် - မျှတခဲ့တယ်။
နာဂမထေရ် - လမ်းခွဲကြလို့၊
ဗုဒ္ဓတပါးတည်း - ကျန်ဘူးတယ်။
မေဃိယထေရ် - လမ်းခွဲကြလို့၊
ဗုဒ္ဓဘပါးတည်း - ကျန်ဘူးတယ်။
ကောသမ္မီပြည်မှာ - သံဃာကွဲလို့၊
ပလလဲတောမှာ - ကေစာကျင့်တယ်။
စိဉ္စမာ၊ သုန္ဒရီ - မာဂဏ္ဍိများက၊
မုသားလုပ်ပြီး - မမှန်စွပ်စွဲတယ်။
ဗုဒ္ဓမြတ်စွာ - သည်းခံချေပလို့၊
နိန္ဒလောကဓံ - အောင်လံရတယ်။

ကျောအောင့်ခါးနာ - ဘုရားမှာဆိုက်လို့၊
ဒေဝဒတ်မိုက်ကြောင့် - သွေးစိမ်းတည်တယ်။
ဝေဠုဝရာ - နေစဉ်အတွင်းက၊
ထန်ပြင်းရောဂါ - ဖြစ်သေးတယ်၊
ပရိနိဗ္ဗာန် - စံခါနီးမှာ၊
ယိုစီးသွေးသွန် - ဝမ်းနာသေးတယ်။
ထိုရောဂါမျိုး - ရှုမှတ်ပွား၊
ဘုရားသည်းခံ - ပယ်နိုင်တယ်။
အဲဒါကြောင့်-နင်လားဟဲ့လောကဓံ-အောင်ပဲ့ခံ၊
အောင်လံ - လွှင့်စို့ကွယ်။

ဝေကြည်ညိုကို၏
တပ်မှူးဆေး - ရန်ကုန်။

ကြောင်းကျိုးသိမြင် နိဗ္ဗာန်ဝင်
တရားတော်



၆။ ကြောင်းကျိုးသိမြင် နိဗ္ဗာန်ဝင် တရားတော်

(က) ဥပတိဿပရိဗိုဇ် အမေး

၁။ နဲနဲမျှားမျှား - ဟောကြားစမ်းပါ၊
ကျင့်နည်းလိုလား - ဟောကြားအနက်သာ၊
သဒ္ဓါပါဠိ - စာရှိတန်းဆာ၊
ခဲ့ဟောပြား - မျှားမျှားမလိုပါ။

(ခ) အရှင်အဿဇိအပြေ

၂။ ဖြစ်ပျက်သင်္ခါရ - ဒုက္ခသစ္စာ၊
ဖြစ်ပျက်လိုက - သမုဒယသစ္စာ၊
ဖြစ်ပျက်ဆုံးက - နိရောဓသစ္စာ၊
ဖြစ်ပျက်ဆုံးရေး - ပဋိပေးမဂ်သစ္စာ၊

၃။ တထာဂတ - ဗုဒ္ဓဒေသနာ၊
မဟာသမယ - ဗုဒ္ဓဝါဒါ၊
သစ္စာလေးပါး - ခွဲခြားစိတ်ဖြာ၊
မှန်ကိုယ်တော့ ဟောလေ့ဝါဒီပါ။

(ဂ) ဇနပဒကလျာဏီနဒီသုတ

၁။ အရှင်အာနန္ဒာထရ၊ သူ့နှမ၊ ခေါ်ရမယ်နဒ္ဒာ။
၂။ ဒေမကသာကိုဝင်၊မင်းသမီးလျှင်၊ခေါ်တော်အဘိရူပနဒ္ဒာ။
၃။ မင်းသားနန္ဒ၊ ဇနီးလျာက၊ ဇနပဒကလျာဏီ မယ်နဒ္ဒာ။

(ဃ) ကြည်ညိုမှုနှင့် ပုဂ္ဂိုလ်လေးမျိုး

၁။ သတ္တဝါလုံးစုံ၊ သုံးပုံပုံ၊ နှစ်ပုံရှိပ၊ ကြည်ညိုသူ။
၂။ သတ္တဝါလုံးစုံ၊ ငါးပုံပုံ၊ လေးပုံယောသကြည်ညိုသူ။
၃။ သတ္တဝါလုံးစုံ၊ ဆယ်ပုံပုံ၊ ကိုးပုံလူခကြည်ညိုသူ။
၄။ သတ္တဝါလုံးစုံ၊ တသိန်းပုံ၊ တပုံမမှကြည်ညိုသူ။
၅။ မကြည်ညိုရှား၊ကြည်ညိုများ၊ပြောကြားမကုန် ဗုဒ္ဓဂုဏ်။

(င) ရှင်းလင်းချက်

၁။	၁၀၀%	—	၆၆	— ယောက်
၂။	၁၀၀%	—	၈၀	— ယောက်
၃။	၁၀၀%	—	၉၀	— ယောက်
၄။	၁၀၀၀၀၀%	—	၁	— ယောက်

(၈) နုပျိုအိုမင်း သေပုပ်ယွင်း

သူ့ထက်လှကြား - လှတပါးကို၊
မြတ်ဘုရားထံ မြင်သောခါ။
မယ်နန္ဒာမှာ - လွန်အံ့သြလို့၊
ငေးမောတွေးတော မာန်ကျလာ။
ထိုလှပဂေးဟာ တဖြေးဖြေးနဲ့၊
တရေးရေးခြင်း - အိုမင်းလာ။
ကယ်ပါယူပါ - အော်ဟစ်ယင်းနဲ့၊
ချက်ခြင်းသေပြီး - ပုပ်ပွလာ။
သွေးပြည်ယိုကာ - ပိုးလောက်စားလို့၊
သွေးသားကုန်ခန်း - ရိုးကျန်တာ။
ရုပ်ဆင်းဆိုတာ - အလကားလို့၊
နန္ဒာမယ်အား - စိတ်ပေါ်လာ။
ဉာဏ်အမြင်လင်း - သိမြင်ရှင်း၊
စိတ်တွင်းတရားရှာ။
အဲဒါကြောင့်-ရှင်တော်ဘုရား ကရုဏာထား
ဟောကြားဒေသနာ။

(ဆ) ရှုကြည့်စမ်းဟဲ့ကဗျာ

ရောဂါမျိုးစုံ - နှိပ်စက်ညှဉ်းလို့၊
မစင်ကြယ်ခြင်း - ပုပ်ပွလာ။
အရိုးစိုက်ထောင် - အပုပ်ကောင်ကြီးက၊
ယိုစီးထက်အောက် - အန်ထွက်လာ။

ပုထုဇဉ်နာ များလူမိုက်က၊
နှစ်ချိုက်တောင့်တ ဤခန္ဓာ။
အသေအချာ ဉာဏ်ထောက်လှမ်းလို၊
ရှုကြည့်စမ်းဟဲ့ မယ်နန္ဒာ။
နန္ဒာကိုယ်တွင်း၊ ရှုမှတ်ယင်း
ဉာဏ်လင်း.- ပေါ်လာတာ။
အဲဒါကြောင့် - ရှင်တော်ချေလျက် ဓမ္မစက်၊
ဟောမြွက်ဒေသနာ။ ။

(၈) သင်နှင့်သူ ဓမ္မဂီတ

သင့်ခန္ဓာကိုယ် မှန်မမြဲသို့၊ သူ့ကိုယ်လဲပဲ ဖြစ်ပျက်သည်၊
သူ့ကိုယ်အိုနာသေယင်ပုပ်သို့၊ သင့်ရုပ်လဲပဲနည်းတူသည်၊
သင့်ကိုယ်သူ့ကိုယ် ဓာတ်မျှချင်းမို့-အတ္တကင်းလို့ အနတ္တ
မည်။

ငါးပါးခန္ဓာ ဝဋ္ဋဘုံအတွင်းသို့၊ ထပ်ကြုံမဆင်းဖို့ စိတ်
ကိုရည်၊

ဘဝပြစ်မြင် တဏှာကင်းတော့ လက်ငင်း ငြိမ်းချမ်း
ရနိုင်သည်၊

နန္ဒာကိုယ်တွင်း ရှုမှတ်ယင်း ဉာဏ်လင်း ပေါ်လာသည်၊
အဲဒါကြောင့် သောတာပန္န-မဂ်ဉာဏ်ရ၊ နန္ဒမယ်ထေရီ။

(စ၅) ရူပ်နာမ်ကြောင်းကျိုး သိဉာဏ်တိုး သံပေါက်

၁။ သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။

၂။ စိတ်ကြောင့်ဖြစ်သော၊ ခေတ်ဝါယော၊ နှုံနှောကိုယ်ဝယ် ပြည့်။

၃။ ဝါယောပြည့်သော်၊ရူပ်သစ်ပေါ်၊ ရူပ်သော်သွားပေ၏။

၄။ ပဋိဂ္ဂိုလ်မသွား၊ ငါမသွား၊ ရူပ်သွား ဉာဏ်ဖြင့်သိ။

၅။ ပဋိဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရူပ်ရပ် ဉာဏ်ဖြင့်သိ။

၆။ ပဋိဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရူပ်ထိုင် ဉာဏ်ဖြင့်သိ။

၇။ ပဋိဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရူပ်အိပ် ဉာဏ်ဖြင့်သိ။

၈။ ပဋိဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရူပ်ကွေး ဉာဏ်ဖြင့်သိ။

၉။ ပဋိဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရူပ်ဆန့် ဉာဏ်ဖြင့်သိ။

၇။ မမေ့လျှင် နိဗ္ဗာန်
မေ့လျှင်သုသာန် တရားတော်

(က) ဟိတေသီနှင့် စနေည

၁။ ရန်ကုန် နဂရ - သာသနာ့ရိပ်သာ၊
ဟိတေသီက - ဓမ္မသာလာ။
စနေညတိုင်း - မဆိုင်းကြွပါ၊
တရားပို့ - အားခအတူနှာ။

(ခ) ဝတ်တက်-ရှုပ္ပဒေး-နာကြား

၂။ ခုနစ်နာရီစု - ဝတ်ပြုစုံစု၊
ဝတ်ပြုပြီးငြား - တရား - ထိုင်တာ။
ခုနစ်နာရီခွဲ - ဟောပွဲကြားနာ၊
တရားပြီး - ကားစီး - အိမ်ပြန်လာ။

(ဂ) ယောဂီကြွခဲ့၊ အခမ့ဲကျေးမည်

၃။ သဒ္ဓါတိုးပွား - တရားဝင်သော်၊
တလနှစ်လ - ကျင့်ရမှာနော်။
ဟိတေသီသင်း - ထမင်းကျေးခေါ်၊
အခမ့ဲ - ကြွခဲ့ - နိဗ္ဗာန်ဆော်။

(ဃ) မမေ့လျှင်နိုဗ္ဗာန် မေ့လျှင်သုသာန်

၁။ မမေ့သူ့ပေါင်း၊သေလွတ်ကြောင်း၊ လမ်းကောင်း သတ်ပဋ္ဌာန် နိုဗ္ဗာနဝင်။

၂။ မေ့သူ့အပေါင်း၊ သေလမ်းကြောင်း၊ လမ်းဟောင်း သုသာန် သံသရာဝင်။

၃။ မမေ့မသေ၊မေ့သူ့သေ၊မိန့်ချေ ဘုရားရှင်။ (ဓမ္မပဒ)

(င) သမ္ဘဝဥ် ၄-ပါး

၁။ အကျိုးရှိသလား၊မရှိလား၊ စဉ်းစားတာက သာတ္ထက။ (သာတ္ထကသမ္ဘဝဥ်)

၂။ သင့်တော်ရဲ့လား၊မတော်လား၊စဉ်းစားတာကသပ္ပာယ။ (သပ္ပာယသမ္ဘဝဥ်)

၃။ ရုပ်ဓာတ်နာမ်ဓာတ်၊ စဉ်မပြတ်၊ ရှုမှတ်တာက ဂဝါစရ။ (ဂဝါစရသမ္ဘဝဥ်)

၄။ မမြဲဆင်းရဲ၊ သဘောပဲ၊ အသိကဲ့တာက အသမ္ဘောဟ။ (အသမ္ဘောဟသမ္ဘဝဥ်)

(စ) သမ္ဘဝဥ်ရှုနည်း မူသေစည်း

၁။ ရှေတက်နောက်ဆုတ်၊ ကာယဟုတ်၊ အားသုတ်မှတ်သိ ယှဉ်။

၂။ စောင့်ကြည့်လှည့်ကြည့်၊တည့်တည့်ကြည့်၊ငုံ့ကြည့်မှတ်သိ ယှဉ်။

၃။ ကွေးဆန့်လှုပ်ရှား၊ကာယမျှား၊ကြိုးစားမှတ်သိယှဉ်။

၄။ သပိတ်သက်နှီး၊ သုံးဆောင်ခန်း၊ ရဟန်းရှင်များမှတ်သိ ယှဉ်။
၅။ အိုးခွက်ဝတ်စား၊သုံးဆောင်ငြား၊လူများမှတ်သိယှဉ်။
၆။ စားသောက်ခဲတုံ၊ သုံးဆောင်ကုန်၊လုံးစုံမှတ်သိယှဉ်။
၇။ ကျင်ကြီးကျင်ငယ်၊စွန့်ရာဝယ်၊သွယ်သွယ်မှတ်သိယှဉ်။
၈။ သွားရေပ်ထိုင်လျောင်း၊ လှည့်ကာပြောင်း၊ ကောင်း ကောင်း မှတ်သိယှဉ်။
၉။ အိပ်သော်အိပ်တယ်၊နိုးလာတယ်၊သွယ်သွယ်မှတ်သိယှဉ်။
၁၀။ တိတ်တိတ်နေတယ်၊ပြောဆိုတယ်၊သွယ်သွယ်မှတ်သိယှဉ်။
၁၁။ ပြုဖွယ်ပြုရာ၊လုံးစုံမှာ၊မှတ်ပါသိမြင် သမ္မာဇဉ်။
၁၂။ ဒေသနက္ကမ၊သမ္မာဇည၊ကာယာနုပဿနာပင်။
၁၃။ ပဝတ္တိက္ကမ၊သမ္မာဇည၊လေးဝသတိပဋ္ဌာန် အစုံဝင်။
၁၄။ ဖြစ်စဉ်ပေါ်ဌ၊ကျင့်စဉ်လိုက်၊ဆိုင်တိုက်မြတ်ယောဘဉ်။
၁၅။ သမာဓိယှဉ်၊ဖြစ်ပျက်မြင်၊ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ဝင်။
၁၆။ သမ္မာဇဉ်ရှုနည်း၊မူသေစည်း၊သိမ်းဆည်းသူတော်စဉ်။

မှတ်ချက်။ ။ * ဤ ခရေပွင့်ပါသော သမ္မာဇဉ် (၄) ပါး ဆောင်ပုဒ်ကို မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်မှ ဖော်ပြပါသည်။ ကျန်ဆောင်ပုဒ် များကို ကိုယ်တိုင် ရေးသည်။

ညောင်ကန် ရှင်ဂုဏ္ဍက

၇ ။ ဝါဆိုသက်နိုးအလှူဝယ် ဝမ်းမြောက်ဖွယ် တရားတော်

(က) ဝါဆိုဟူသည်

၁။ မြို့ရာဇဂြိုဟ် - ဝေဌုဝန်ကျောင်းမှာ၊
ဗုဒ္ဓကိန်းအောင်း - စံပျော်နေ။

၂။ ဝါဆိုဥပဒေ - မပညတ်သေးလို့၊
လွတ်လပ်ရေးရတဲ့ - ရဟန်းတွေ။
ဥတုသုံးလီ - ဒေသစာရီသွားတော့၊
လူအများတို့ - ကဲ့ရဲ့သလေ။
စိမ်းလန်းမြက်တွေ - အုသက်သေရအောင်၊
ခရီးပေါ်ကြတဲ့ - ရဟန်းတွေ။
တိတ္ထိများပင် - မိုးလအတွင်းမှာ၊
ကြောင့်ကြကင်းလျက် - ငြိမ်ငြိမ်နေ။
ငှက်များသော်ပင် - သစ်ပင်ထက်မှာ၊
သိုက်အိမ်ဖွဲ့လျက် - ငြိမ်ငြိမ်နေ။
ထိုထိုစကားကို - မြတ်စွာကြားတော့၊
ရဟန်းများကို - မိန့်ခွန်းခွေ့။
မိုးလအတွင်း - ခရီးကင်း၊
ကျောင်းတွင်း - ဝါဆိုစေ။
အဲဒါကြောင့်၊ ဝါဆိုခွင့်ပြု - ဝါဆိုမှု၊
ဘိုက္ခု၊ငြိမ်ငြိမ်နေ။

(၁) ဝါဆိုသက်နိုး လှူဒါန်းဟူသည်

၂။ လမြတ်ဝါဆို - ပြည့်ကျော်တရက်ကို၊
ပုရိမ - ဝါဆိုရက် - ခေါ်ပါသည်။
လမြတ်ဝါခေါင် - ပြည့်ကျော်တရက်ကို၊
ပစ္ဆိမ - ဝါဆိုရက်ဟု - ခေါ်ပါသည်။
ဤကျောင်းတိုက်မှာ - သုံးလဆုံးအောင်၊
ကပ်ရောက်ကျင့်သုံး - နေပါမည်။
ဤသို့ရွတ်ဆို - စကားရပ်ကို၊
ဝါဆိုဝါကပ် - ခေါ်ပါသည်။
ပ - ဝါဆိုယင် - ကျွတ်ကျော်တရက်ကို၊
ဝါကျွတ်ရက်လို့ - ခေါ်ပါသည်။
ဒု - ဝါဆိုယင် - မုန်းကျော်တရက်ကို၊
ဝါကျွတ်ရက်လို့ - ခေါ်ပါသည်။
ကိုယ့်မြို့ကိုယ့်ရွာ - ကိုယ့်ရပ်ကျောင်းမှာ၊
ဝါဆိုကိန်းအောင်း - ရဟန်းတည်။
ချမ်းချမ်းသာသာ - သာသနာပြုဖို့၊
ပစ္စည်းလေးခု - လှူဒါန်းသည်။
ကျောင်းဆောက်လှူသော် - ဝါဆိုကျောင်းပေါ့၊
သက်နိုးလှူဒါန်း - ဝါသက်နိုးမည်။
ဆွမ်းဆေးအလှူ - နည်းတူမျိုးပေါ့၊
ခေါ်ဆိုရိုးတော့ မရှိပြီ။
ဖရောင်းတိုင်လှူသော် - ဝါဆိုဖရောင်းတဲ့၊
ပန်းလှူဒါန်းတော့ - ဝါဆိုပန်းမည်။

ဝါဆိုကြောင်းပြု - မြတ်ကောင်းမှု၊
ပြုကြ - အလိလိ။
အဲဒါကြောင့်၊ ဒါ - သီ - ဘာပွား - ရှင်လှုမျှား၊
ကြိုးစား - နိဗ္ဗာန်ရည်။

(၈) နိဗ္ဗဒပုည ချမ်းသာရ

၃။ သုံးပါးသရဏကို - ပဋ္ဌသီလနှင့်၊
မဲချလှူဒါန်း - စာရေးတံ။
ပကွီကခေါ် - ၁၅ ရက်ဆုမ်းနှင့်၊
ဝါဆိုသက်နန်း - လှူဒါန်းရေကန်။
ကျောင်းဆောက်လှူသော် - နိဗ္ဗဒတဲ့၊
ကုသိုလ်ပုည မြဲတည်ရှိပြန်။
သောတာပန်လို - အပါယ်လဲ့လို့၊
သုဂတိမြဲ မြတ်နိဗ္ဗာန်။
ခုဘဝတွင် - နိဗ္ဗာန်သိဖို့၊
စာဂါနုဿတိ - ပွားဖန်ဖန်။
လှုတဲ့ပုံသွင် - ရုပ်ရှင်ရိုက်သို့၊
သိမ်းပိုက်စိတ်တွင်း - ရှုမြင်ဟန်။
ဂွမ်းဆီထိပမာ ရှမ်းပီတိကို၊
ရှုကြည့်ရှုသိ - သတိပဋ္ဌာန်။
ရုပ်နာမ်ကြောင်းကျိုး - ဖြစ်ပျက်မျိုး၊
ပွားတိုး - အသိဉာဏ်။

အဲဒါကြောင့်၊ အလ္လပေးတတ် - နိုဗ္ဗာန်မြတ်၊
ငြိမ်းခဲတတ် - ရမယ်မှန်။

(ဃ) ဝိသာခါလျှောက်ထား လှူရှစ်ပါး

၄။ မိုးရေခံခေါ် - ဝတ်သက်နန်းကို၊
သံဃာလှူဒါန်း - မြတ်အလှူ။
စတုဒိသာ - ရောက်လာကြွတဲ့၊
အာဂန္တုက - ဆွမ်းကပ်လှူ။
ခရီးသွားလာ - ရှင်ရဟန်းအတွက်၊
ဆွမ်းဆက်ကပ်တဲ့ - မြတ်အလှူ။
ဂိလာနရဟန်းကို - ပြုစုရတဲ့၊
သူနာပြုရဟန်းကို - ဆွမ်းကပ်လှူ။
ဂိလာနခေါ် - ရှင်ရဟန်းကို၊
ဆေးလှူဒါန်းတဲ့ - မြတ်အလှူ။
ဆံပြုတ်ခေါ်တင် - ယာဂုဆွမ်းကို၊
နေ့စဉ်လှူဒါန်း - မြတ်အလှူ။
ဘိက္ခုနီခေါ် - အမျိုးသမီးရဟန်းကို၊
ရေသနုပ်သက်နန်း - မြတ်အလှူ။
မယ်ဝိသာခါ - လှူရှစ်ပါးကို၊
လှူခင့်လျှောက်ထား - တောင်းပန်ယူ။
ဘယ်အကျိုးမှန်းဆ - တောင်းပန်ရ၊
ဗုဒ္ဓ - မိန့်တော်မူ။

အဲဒါကြောင့်၊ ဒီလိုမြှော်ကိုး - လှူရှစ်မျိုး၊
ရှိခိုး - တောင်းပန်ယူ။

(c) လှူရှစ်ပါးထွက် ရည်မှန်းချက်

၅။ ဝါကျွတ်တဲ့အခါ - ဝေးရဟန်းများက၊
မြတ်ဘုရားကို - လာဖူးတယ်။
သီတင်းသုံးဖော် - ကွယ်လွန်ခဲ့လို့၊
ရောက်တဲ့ဘဝ - သိလိုတယ်။
ထိုစဉ်အခါ - မြတ်ဘုရားက၊
ကွယ်လွန်သူတွက် - မိန့်ချေမယ်။
သူဟာ သောတာ - သကဒါဂါမ်အဖြစ်နဲ့၊
အနာဂါမ်စစ် - ရဟန္တာရယ်။
ထိုလျှောက်ထားသူ - အာဂန္တုသို့၊
ရှေ့ရှုတပည့်တော် - လျှောက်မေးမယ်။
ကွယ်လွန်သူရဟန်းဟာ - သာဝတ္ထိသို့၊
ရောက်၏မရောက်၏ - ရှေးခါဝယ်။
ရောက်ဘူးပါတယ် - အဖြေကြားယင်၊
လှူရှစ်ပါးတော့ - လှူဘူးမယ်။
မိမိအလှူ - ခံယူပြီးမှ၊
အရိယာကြီး - ဖြစ်သွားတယ်။

ရှင်လန်းဝမ်းသာ - ငြိမ်းချမ်းမြတော့၊
သမာဓိရလို့ - ဉာဏ်ဖြစ်မယ်။
ဂူနွေငါးသွယ် - ဗိုလ်ငါးပါးနှင့်၊
ခုနစ်ပါးဗောဇ္ဈင် ပြန့်ပွားမယ်။
ဒီကျိုးရည်ကိုး - လှူရှစ်မျိုး၊
ဝပ်လျှိုး - တောင်းပန်တယ်။
အဲဒါကြောင့်၊ သာဓုသာဓု ကောင်းချီးဆု၊
ခွင့်ပြု - မြတ်ဘုန်းကြွယ်။



၉။ ရုပ်နာမ်သိမြင် နိဗ္ဗာန်ဝင် တရားတော်

(က) ပဋ္ဌဂ္ဂဒါယက ဟူသည်

၁။ လယ်ဦး-နယ်ဦး၊ ဘဏ္ဍာဦး၊ အိုးဦး-ခွက်ဦးလူ။
၂။ ပဋ္ဌဂ္ဂဒါယက၊ ခေါ်တွင်ရ၊ မှတ်ကြမျှားဗိုလ်လူ။

(ခ) မုနီ ဟူသည်

၁။ သူမျှားလူကပ်၊ ပစ္စည်းကပ်၊ ကျေနပ်ရဟန်းမည်။
၂။ ဦးလယ်ကြွင်းကျန်၊ဆွမ်းလူပြန်၊လူခံရပါသည်။
၃။ ဆွမ်းဦးရလဲ၊မချိုးခဲ့၊စိတ်ထဲမဘုန်လူပ်ပါပြီ။

၄။ ဆုမ်းကြင်းရလဲ၊မရှုတ်ချပဲ၊စိတ်ထဲမတုန်လှုပ်ပါပြီ။
၅။ ချစ်မုန်းပယ်ဘီ၊ထိုမုနီ၊ကဝိများစွာချီးမွမ်းသည်။

(ဂ) ဘိက္ခု ဟူသည်

၁။ ငါးပါးခန္ဓာ၊ ရူပ်နာမ်မှာ၊ ငါ-ငါ့ဥစ္စာမစ္စံပါ။
၂။ ကုန်ပျက်သော်လဲ၊ ဝမ်းမနဲ၊ ဆင်းရဲစိုးရိမ်ကွာ။
၃။ ပျက်သဘောမို့၊ ပျက်သောလို့၊ မချို့ရှုမြင်စိုးရိမ်ကွာ။
၄။ ထိုသဘောစု၊ ပြည့်စုံမှု၊ ဘိက္ခုသူ့ကိုခေါ်ဆိုရာ။

(ဃ) + ဥပါဒါန်နှင့် ဥပါဒါနကွန်ရှာ

၁။ ထင်လဲ့သာယာ၊ စဲ့လမ်းတာ၊ နှစ်ဖြာဥပါဒါန်။
၂။ ငါ-ငါ့ဥစ္စာ၊ စဲ့နိုင်တာ၊ ဥပါဒါနကွန်။
၃။ ရူပ်.-ဝေ- သညာ၊ သင်္ခါရာ၊ ဝိညာဏ်ငါးတန်။
၄။ ဖောက်ပြန်,ခံစား၊ မှတ်သား,ပြူပြင်၊ အသိပင်ခေါ်တွင်
ပဋ္ဌာန်။

(c) နာမ် ဟူသည်

+ အာရုံထံပါး - ညွှတ်တွားရောက်သည်၊
နာမ်အချင်းချင်းလဲ - ပူးတွဲယှဉ်သည်၊
သူ့တို့ချင်းလဲ၊ မခွဲသာပြီ၊
နာမ်တရား - ပိုင်းခြားမြတ်ယောဂီ။

(စ) ရုပ်ဟူသည်

+ ဖောက်ပြန်တန့် - ပြောင်းလဲတတ်သည်၊
ကြေမွပြိုကွဲ - ပြန့်ကျဲတတ်သည်၊
အာရုံမပြု - သိမှုကင်းသည်၊
ရုပ်တရား - ပိုင်းခြားမြတ်ယောဂီ။

(ဆ) မြင်ဆဲ၌ ရုပ်နာမ် ဒုက္ခသစ္စာကွဲပုံ

+ မျက်စိ - မြင်ရ - ရုပ်ကနှစ်ဖြာ၊
မြင် + တွေ့ + ခံစား—နာမ်ကားသုံးဖြာ၊
မြင်စဉ်တွေ့ရ—ဒုက္ခသစ္စာ၊
မြင်တယ်ဟု+မှတ်ရှုသိရပါ။

+ (ကြားဆဲ စသည်တို့၌လည်း နည်းတူသိပါ)

မှတ်ချက်။ ။ * ဤခရေပွင့်ပြ ဆောင်ပုဒ်များသည် မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ ဖြစ်ပါသည်။

၁၀။ ခုရောနောင်ပါ မြဝမ်းသာ

တရားတော်

(က) သာဝတ္ထိနှင့် ဇေတဝန်ရှခင်း

၁။ ဘုရားမှန်ရှိ - သာဝတ္ထိပြေ (ပြည်)၊
ဘုရားဖူးသွား - တရားနာတော့၊
ဒါ - သီ - ဘာ - မှ - ပေါင်းစုပြုနေ၊
ရှေသို့ဆက် - ခြေတက်အေးရိပ်မြေ။

သာဝတ္ထိနှင့် အရိယာဦးရေ

၂။ အလုံးစုံရှိ - 'သာဝတ္ထိ' တွင်၊
ခုနစ်ကုဋေ့မျှ - နေကြသူရှင်၊
ငါးကုဋေထိ - အရိယာဝင်၊
တရားရေး - အားပေးစံချိန်တင်။

ဓမ္မိကမိသားစု ဓမ္မဂိတိ

၃။ သာဝတ္ထိပြည်မှာ - အပေါင်းစုံလို့၊
ကောင်းမှုပြုသူ - လူမျှားစွာ။

ဓမ္မိကမည်သူ - ခေါင်းဆောင်ပြုတဲ့၊
ဥပါသကာ - လူငါးရာ။
တယောက်တယောက်တွင် - နောက်လိုက်မျှားလဲ၊
ငါးရာငါးရာ - ညီညွတ်စွာ။
ဥက္ကဋ္ဌငါးရာ - ဥက္ကဋ္ဌချုပ်က၊
ဓမ္မိကဥပါသကာ - မည်သင့်တာ။
ထို ဥပါသကာ ချစ်ဇနီးတို့မှ၊
သမီးခုနစ်ယောက် သားခုနစ်ယောက်ပါ။
ဆယ့်ခြောက်ယောက်စုံ - မိသားစုတွင်၊
ရှစ်ခုစီ - ရှစ်ခုစီ - အလှူရှိပါ။
ယာဂုဆွမ်းပြင် - စာရေးတံဆွမ်းတဲ့၊
ပက္ခဆွမ်းနှင့် - ဖိတ်ဆွမ်းပါ။
ဥပုသ်ဆွမ်းပြင် - အာဂန္တုဆွမ်းနှင့်၊
သံဃိကဆွမ်း - ဝါဆိုဆွမ်းပါ။
အနုဇာတ - သားသမီးလှ၊
ဗုဒ္ဓချီးမွမ်းရာ။
အဲဒါကြောင့်၊ ညီညာပေါင်းစု - မြတ်ကောင်းမှု၊
ခုရောနောင်ပါ - မြဲဝမ်းသာ။

မဟာသတိပဋ္ဌာနသုတ် ဟူသည်

၄။ မဟာမျှားမြတ် ပြုအပ်ပူဇော်၊
သတိအမှတ် - ဉာဏ်မြတ်ဓမ္မော၊

ပဌာနဆက် - လေးထက်တည်နေ၊
သုတ္တကြိုး - ပန်းမျိုးကုံးပန်လေ။

သတိပဋ္ဌာန် ကြေးကြော်သံ

၅။ သတိပဋ္ဌာန - လေးဝမ္မာ၊
သမ္မာသမ္ဘုဒ္ဓ - ပစ္စေကဗုဒ္ဓါ၊
တပည့်သာဝက - ကျင့်ကြံဖြာဖြာ၊
နိဗ္ဗာန်နန်း - စံမြန်းသွေ့မကွာ။

၆။ ကျင့်ပြီးကျင့်ဆဲ - နောင်လဲဤဟန်၊
စံပြီးစံဆဲ - နောင်လဲနိဗ္ဗာန်၊
ခရီးမလွဲ - တကြောင်းထဲမှန်၊
ဤတရား - ကျင့်ပွား - ဧဝကန်။

၇။ စိတ်အညစ်အကြေး - ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး - ငိုကြေးလွတ်ရန်၊
သုံးလူထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။

၈။ ကိုယ်စိတ်ဆင်းရဲ - ချုပ်စဲစေရန်၊
မဂ်ဝင်ဖိုလ်ရောက် - မျက်မှောက်ပြုရန်၊
သုံးလူထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။

သတိပဋ္ဌာန်လေးပါး အားထုတ်နည်း

၉။ အဘိဇ္ဈာဒေါမန - ပယ်ချမှန်စွာ၊
လုံးလဇ္ဇီ - သတိမကွာ၊
ကာ-ဝေ-စိတ္တ-ဓမ္မလေးဖြာ၊
ဖန်ဖန်ရှု - ဘိုကျွုလမ်းစဉ်ပါ။

ခုရောနောင်ပါ မြဲဝမ်းသာ

၁။ ကောင်းမှုရှင်ဟာ၊ခုဘဝမှာ၊ဝမ်းသာကြည်နူးရပါသည်။

၂။ ကောင်းမှုရှင်ဟာ၊ နောင်ဘဝမှာ၊ ဝမ်းသာ ကြည်နူး ရပါသည်။

၃။ ကောင်းမှုရှင်ဟာ၊ ခုနောင်ပါ၊ ဝမ်းသာကြည်နူး ရပါသည်။

၄။ ကိုယ့်ကံသုံးဖြာ၊ကောင်းမြင်ရာ၊ လွန်စွာကြည်နူးဝမ်းသာ ရပါသည်။

မဟာစည် ဝိပဿနာရှုနည်း

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွား ပြီးပါယင်။

၂။ လူရှင်သီလ၊ ကိုယ်စီင့၊ တည်ကြပြီးပါယင်။

၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။

၄။ ဗယ်ခြေတွင်းထား၊ ညာခြေအား! ပြင်ကား ခွဲလျက် တင်ပလွင်။

၅။ မည်ပ်မဖိ၊ ချောင်ချောင်ချ၊ ထိုင်ဘိယောဂီရှင်။
၆။ ဗယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန်လက်ကို ထက်ကတင်။
၇။ တင်ပခုံးနား၊ စည်သုံးပါး၊ ထိုင်ခါးဖြောင့်စေချင်။
၈။ မျက်စေ့မှိတ်လေ၊ ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၉။ ဖောင်းတာ ပိန်တာ၊ ဝမ်းဗိုက်မှာ၊ မှတ်ပါ ယောဂီရှင်။
၁၀။ မြင်ယင် မြင်တယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်။
၁၁။ ကြားနံစားသိ၊ စိတ်ကူးရှိ၊ မှတ်ဘိ ရှေးနည်းပင်။
၁၂။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှည်၊ လေးအင် ရှုမှတ်စည်။
၁၃။ ထိုင်တယ်မှတ်ယင်၊ ထိုင်ရုပ်သွင်၊ ထိုင်စည်ဉာဏ်သက်ဝင်။
၁၄။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစည် ဉာဏ်သက်ဝင်။
၁၅။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘို ရှေးနည်းပင်။
၁၆။ သမာဓိယှည်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စည်တက်၍ မင်ဖိုလ်ဝင်။

၁၁။ သောကကင်းဝေး ငြိမ်းချမ်းအေးတရားတော်

(က) သတိပဋ္ဌာန် ကြေးကြော်သံ

၁။ စိတ်အညစ်အကြေး - ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး - ငိုကြွေးလွတ်ရန်၊
သုံးလူ့ထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။

၂။ ကိုယ်စိတ်ဆင်းရဲ - ချုပ်စဲစေရန်၊
မဂ်ဝင်ဖိုလ်ရောက် - မျက်မှောက်ပြုရန်၊
သုံးလူ့ထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။

(ခ) သောကဖြစ်ကြောင်း

၁။ သောကဒုက္ခ - ထုတ်ပြုဗုဒ္ဓါ၊
ဉာတိဘောဂ - ရောဂသိလာ။
ဒိဋ္ဌိငါးဝ - ဗျသနပါ၊
တပါးပါး - တွေ့ကြုံသောခါ။

၂။ ဖြစ်ရပျက်ရ - ဒုက္ခတွေတွင်၊
တာဝုဝုန့် - တွေ့သင့်ကြုံလျှင်။
စိုးရိမ်ပူဆွေး - တနေ့နေ့ပင်၊
အတွင်းနှိုက် - လိုက်လိုက်ဆွေးပူအင်။

(ဂ) သောကကင်းရန် သဘိပဋ္ဌာန်
ဝိပဿနာ ရှုနည်းသံပေါက်

၁။ ရုတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွားပြီးပါလျှင်။
၂။ လူရှင်သီလ၊ ကိုယ်စီဌ၊ တည်ကြပြီးပါယင်။
၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။
၄။ ဗယ်ခြေသွင်းထား၊ ညာခြေအား၊ ပြင်ကား ခွဲလျက်
တင်ပလွှင်။
၅။ မည်ပ်မဖို၊ ချောင်ချောင်ချို၊ တိုင်ဘီယောဂီရှင်။
၆။ ဗယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန်လက်ကို
ထက်ကတင်။

၇။ တင်ပခုံးနား၊စည်သုံးပါး၊ ထိုင်ခါးဖြောင့်စေချင်။
၈။ မျက်စေ့မှိတ်လေ၊ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၉။ ဖောင်းတာပိန်တာ၊ဝမ်းဗိုက်မှာ၊မှတ်ပါသတိယှဉ်။
၁၀။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်။
၁၁။ ကြားနံစားထိ၊စိတ်ကူးရှိ၊မှတ်သိရှေးနည်းပင်။
၁၂။ ဖောင်းပိန်နိုင်ယင်၊ထိုင်ထိယှဉ်၊လေးအင်ရှုမှတ်စဉ်။

၁၃။ ထိုင်တယ်မှတ်ယင်၊ထိုင်ရှုပ်သွင်၊ထိုင်စဉ်ဉာဏ်သက်ဝင်။
၁၄။ ထိတယ်မှတ်ယင်၊တင်ကြမ်းပြင်၊ထိစဉ်ဉာဏ်သက်ဝင်။
၁၅။ ဖောင်းပိန်ထိုင်ထိ၊ပေါ်တိုင်းသိ၊ မှတ်သိရှေးနည်းပင်။
၁၆။ ဖြစ်စဉ်ပေါ်နှိုက်၊ကျင့်စဉ်လိုက်၊ဆိုင်တိုက်မြတ်ဟောစဉ်။
၁၇။ သမာဓိယှဉ်၊ဖြစ်ပျက်မြင်၊ဉာဏ်စဉ်တက်၍မင်ဖိုလ်ဝင်။

(ဃ) သောကလည်းငြိမ်း မျက်ရည်သိမ်းရန်

၁။ သောကကင်းအောင်၊ စွမ်းဆောင်နိုင်ငြား၊
ဂါဘုရားထံ၊ ရောက်ပြီမှန်၏၊
ရှေးသံသာက၊ ဤမိန်းမ၏၊
သေရမျိုးပုံ၊ သင်ဝိုကြုံသည့်၊
ဥဿုံမျက်ရည်၊ လေးမည်သမှုဒ်၊
ရေဇလုပ်ဆက်၊ မရေတွက်နိုင်၊
များပြားလှိုင်သည်၊ကြုံမှိုင်သောက ငြိမ်းသင့်ပြီ။

(င) သောကကင်းအောင် သတိဆောင်

၁။ ရှေရေး နောင်ရေး - ထောက်တွေးညှိုးမှိန်၊
ဖြစ်ဆဲနာမ်ရုပ် - သမုတ်ဂါနှိမ်၊
ရှုမှတ်နှိမ်ပေး - ကင်းဝေးစိုးရိမ်၊
နိဗ္ဗာန - ရောက်ရစ်ရိပ်ငြိမ်။

(စ) သန္ဓတိလောင်းလျှာ နိဗ္ဗာန်ဆော်ခမ္ဘကိတိ

၁။ ထန်းခုနစ်ဆင့်မှာ - ရဟန္တာအဖြစ်နဲ့၊
ဖွင့်လှစ်လျှောက်ထား - သူ့ဖြစ်စဉ်၊

ကိုးဆယ့်တကမ္ဘာ - ဟိုအတိတ်ဇာတ်က၊
ဝိပဿီဘုရား - ပွင့်ချိန်တွင်။
ဗန္ဓုမတီတွင် - လုလင်အဖြစ်နဲ့၊
အောင်ဟစ်လျှောက်သွား - ခြေလျင်၊
ထိုထိုကုသိုလ် - ကောင်းမှုလုပ်လို့၊
ဥပုသ်နေ့မှာ - ဥပုသ်ဝင်၊
သီလဆောက်တည် - လှူဒါနနှင့်၊
ဗုဒ္ဓမမ - ကြားနာစေချင်၊
သုံးပါးရတနာ - အမြတ်ဆုံးမို့၊
မပြတ်ပန်းကုံး - အမြဲဆင်၊
အဲ့ဒါမှ - ရန်ဘေးကင်းဝေး၊
ငြိမ်းချမ်းရေး-မနှေး-ရမည်ပင်။

(ဆ) မေမယောသကအကျိုးပြု ဇာတ်သိမ်း ဓမ္မဂီတိ

၂။ ဒီလို နိဗ္ဗာန်ဆော် - တပည့်တော်ပြုတော့၊
လောကသမု ဘုရင်ဟာ၊
နန်းတော်ခေါ်ကာ - ပန်းကုံးမြင်းနှင့်၊
သိန္ဓောမြင်းက - ရထားရတနာ-။
စည်းစိမ်များစွာ - ဆင်ရတနာကြီးနဲ့-၊
ဆုချီးမြှောက်လဲ - ခံရပါ၊
အနှစ်ရှစ်သောင်းကြာအောင် - နိဗ္ဗာန်ဆော်ပြုတဲ့၊
ဤကောင်းမှုကြောင့် - တပည့်တော်မှာ။

ကိုယ်ခန္ဓာမှာ - စန္ဒကူးသင်းသို့၊
ခံတွင်းကြာညို မွှေးရတာ။
ဤသို့လျှောက်ကာ - ကောင်းကင်ထက်မှာ၊
လောင်လျက် တေဇော ငြိမ်းလေတာ။
မြတ်လေးပန်းလို - ဓာတ်တော်ကျလို့၊
မြတ်ဗုဒ္ဓက - ခံယူကာ။
လောကလူသား - အကျိုးမျှားအောင်၊
ထင်ရှားစေတီ - တည်သေးတာ။
အဲဒါကြောင့်-သောကကင်းဝေး-ငြိမ်းချမ်းအေး၊
မှိုက်ဆေး - စားကြပါ။

၁၂။ ဝိုင်ကြီးကင်းရန် သတိပဋ္ဌာန်

တရားတော်

(က) ပရိဒေဝဆင်းရဲဟူသည်

၁။ ဝိုင်ကြီးဒုက္ခ - ထုတ်ပြုဗုဒ္ဓါ၊
ဉာတိဘောဂ - ရောဂသိုလာ၊
ဒိဋ္ဌိဝါးဝ - ဗျသနပါ၊
တပါးပါး - တွေ့ကြုံသောခါ။

၂။ ဖြစ်ရပျက်ရ - ဒုက္ခထဲတွင်၊
တခုခုနှင့် - တွေ့သင့်ကြုံလျှင်၊
ပျက်စီးပုံမှန်း - မြည်တမ်းလို့ပင်၊
ကျေးဇူးမျှား - ပြောကြားဝိုယိုအင်။

(ခ) ဝိုင်ကြေးကင်းရန် သတိပဋ္ဌာန် ဝိပဿနာရှုနည်း သံပေါက်

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွားပြီးပါယင်။
၂။ လူရှင်သီလ၊ ကိုယ်စိုင့်၊ တည်ကြ ပြီးပါယင်။
၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။
၄။ တင်ပလ္လင်ခွေကာ၊ ဒူးတုပ်ကာ၊ ထိုင်ပါယောဂီရှင်။
၅။ မျက်စေ့မှိတ်လေ၊ ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၆။ ဖောင်းတာပိန်တာ၊ဝမ်းဗိုက်မှာ၊မှတ်ပါသတိယှဉ်။
၇။ ပေါ်ရာပေါ်ရာ၊ စူးစိုက်ကာ၊ မှတ်ပါသတိယှဉ်။
၈။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်ဖိုလ်ဝင်။

(ဂ) မယ်ပဋ္ဌာရဲ့ ဝိုချင်း

၁။ လင်ယောကျ်ားလဲ - မြေ့ခဲ့သေတယ်၊
သားကြီးရေမြုပ် - စွန်ကုတ်သားငယ်၊
မိဘမောင်ဆုံး - အားလုံးသေနယ်၊
အားကိုးမဲ့ - အားနဲ့ဒုက္ခ(သည်)သယ်။

(ဃ) အဝိုကင်းဆေး ဘုရားကြေး

၁။ ဝိုမှုထန်သီး - သမီးပဋ္ဌာ၊
မျက်ရည်အိုင်ဖွဲ့ - ဝိုခဲ့သံသာ၊
သမုဒ်လေးစင်း - ရေမင်းထက်သာ၊
သတိကင်း - ဝိုချင်းဘယ်ကြောင့်ကြာ။

၂။ ကိုလေမကင်း - သေမင်းခေါ်လျှင်၊
ဆွေမျိုးသားချင်း - မိရင်းဘခင်၊
ခင်ပွန်း သားသမီး - တားဆီးကယ်တင်၊
မရပ် - သေမြဲသေရိုးပင်။

၃။ ပညာရှိကောင်း - ဤကြောင်းသိမြင်၊
သီလစောင့်မြဲ - စိတ်လဲကြည်လင်၊
နိဗ္ဗာန်ခရီး - ရေးကြီးသုတ်သင်၊
ခန္ဓာတွင်း - ဉာဏ်သွင်းကိုလေစင်။

(c) ဗုဒ္ဓမိန့်ခွန်း

၁။ ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါပဲ၊ တရားအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရှာ၊ကောင်းမြတ်သာသည်၊မြတ်စွာဗုဒ္ဓ၊ မိန့်ခွန်းတည်း။

(မဟာစည်ဆရာတော်)

(၀) ဓာတ်လေးပါးရှုက နိဗ္ဗာန်ရ

ပထဝီဓာတ်

၁။ မာကြမ်းနုပျော့ - လေးပေါ့ရှုလျှင်၊
ပထဝီဓာတ် - ရှုမှတ်သည်ပင်၊
သို့ရှုမှတ်လျက် - ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက် - ဗိုလ်မင်္ဂ နိဗ္ဗာန်ဝင်။

အာပေါခေတ်

၂။ ပွကြီးကြပ်တီး - ယိုစီးရှုလျှင်၊
အာပေါရေခေတ် - ရှုမှတ်သည်ပင်၊
သို့ရှုမှတ်လျက် - ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက် - ဖိုလ်မဂ်နိဗ္ဗာန်ဝင်။

တေဇောခေတ်

၃။ အပူအနွေး - အအေးရှုလျှင်၊
တေဇောမီးခေတ် - ရှုမှတ်သည်ပင်၊
သို့ရှုမှတ်လျက် - ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက် - ဖိုလ်မဂ်နိဗ္ဗာန်ဝင်။

ဝါယောခေတ်

၄။ ထောက်ကန်လှုပ်ရှား - ရှေ့သွားရှုလျှင်၊
ဝါယောလေခေတ် - ရှုမှတ်သည်ပင်၊
သို့ရှုမှတ်လျက် - ဖြစ်ပျက်ကိုမြင်၊
ဉာဏ်စဉ်တက် - ဖိုလ်မဂ်နိဗ္ဗာန်ဝင်။

(ဆရာတော် ဦးသုဇာတ)

ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအောင် တရားတော်

၁၃။ ကြောက်ရွံ့ကင်းဝေး ချမ်းသာအောင် တရားတော်

(သံ - ၁ - ၅၂၂၊ သုဒြဟ္မသုတ်)

(က) သုဒြဟ္မာနတ်သား တောင်းပန်ပုံ

၁။ သုဒြဟ္မာနတ်သား၊ ဗုဒ္ဓအား၊ လျှောက်ထားတောင်းပန်လျှာ၊

၂။ ရှေးရေးနောက်ရေး၊ ဒုက္ခဘေး၊ မအေးနိုင်လို့ပါ။

၃။ တပည့်တော်စိတ်ပျံ့၊ မြဲထိတ်လန့်၊ ကြောက်ရွံ့နေရတာ။

၄။ အကယ်၍ကား၊ ဗုဒ္ဓအား၊ နည်းမျှားရှိပေရာ။

၅။ ကြောက်ရွံ့ကင်းဝေး၊ နည်းကောင်းဆေး၊ တိုက်ကျွေးတော်မူပါ။

(ခ) မြတ်စွာဘုရား ဟောကြားတော်မူပုံ
သတ္တဝါတို့၏ ချမ်းသာကြောင်း ဂုဏ်ဒီယသံဝရတရား

၁။ သုဒြဟွံ့ဘုရား၊ မြတ်ဘုရား၊ ဟောကြားဒေသနာ။

၂။ ဂုဏ်ဒီယသံဝရ ခြောက်ပါး၊ ရှောင်ဖယ်ရှားပါ၊ အမျှားချမ်းသာ မမြင်ပါ။

၃။ ချမ်းသာလိုချင်၊ထိုခြောက်အင်၊တွင်တွင်ကျင့်ပွားပါ။

(ဂ) ဂုဏ်ဒီယ သံဝရဟူသည်

၈) ဒွါရခြောက်အင်၊သတိယှဉ်၊စောင့်လျှင်ဂုဏ်ဒီယ။

ခ) ဂုဏ်ဒီယ၊ သံဝရ၊ သီလတည်လျှင်၊

ဂ) သုဒ္ဓိလေးပါး၊သီလမျှား၊တည်ငြားပြည့်စုံလင်၊ (ပါတိမောက္ခ သံဝရသီလ၊ဂုဏ်ဒီယသံဝရသီလ၊ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ)

ဃ) သီလစုံက၊ ဓုတင်၊ ကျင့်ရတိုးတက်ယှဉ်။

(ဃ) သတ္တဝါတို့၏ ချမ်းသာကြောင်း ဓုတင်တရား

၁။ ဓုတင်ဆယ့်သုံးပါး၊ ရှောင်ဖယ်ရှား၊ အမျှားချမ်းသာ မမြင်ပါ။

၂။ ချမ်းသာလိုချင်၊ မြတ်ဓုတင်၊ တွင်တွင်ကျင့်ပွားပါ။

(c) ဓုတင်ဟူသည်

က) ကိလေသာပေါင်း၊ ဖျက်ဆီးကြောင်း၊ ကျင့်ကောင်း မြတ်ဓုတင်၊

ခ) တဏှာဖျက်ဘီ၊ ဂီစ္ဆရှိ၊ ကင်း၏ ရှေးရှုထင်။

ဂ) သီလဖြူစင်၊တရားလျှင်၊အစဉ်နီးကြောင်းရှိဓုတင်။

(စ) မြတ်စွာဘုရား ခွင့်ပြုသောဓုတင်

(ဃ) အာသီသကို၊စွန့်ပယ်လို၍၊ကိုယ်နှင့်အသက်၊မင့်ကွက်မှန်၊ မြတ်နိုဗွာန်ကို၊ရရန်လျော်စွာ၊ဝိပဿနာကျင့်၊ပြီးစေလင့်ငါ၊ မြော်မြင်လိုလား၊ သူမြတ်များဖို့၊ ဘုရားရှင်မြတ်၊ ခွင့်ပြုအပ်သည်၊ စွဲမှတ်မုတင် ဆယ့်သုံးပါးတည်း။

(ဆ) ဓုတင် ၁၃-ပါး အကျဉ်းမှတ်ရန် သံပေါက်

(c) ပံ-တေ-ပိဏ်-သ၊ ဧ-ပတ်-ခ၊ တောရ-ရုက္ခမူ၊
(စ) အဇ္ဈော-သုသာန်၊ ယထာသန်၊ မှတ်ရန်နေသင်ဟူ၊
(ဆ) ဓုတင်ဆယ့်သုံး၊အကျဉ်းခေါ်း၊မှတ်အုံးကျင့်လိုသူ။

(ဇ) ပုဂ္ဂိုလ်နှင့် ဓုတင်ရထိုက်သမျှယှဉ်

(ဇ) ရဟန်းတို့အား၊ဆယ့်သုံးပါး၊ရှစ်ပါးဘိက္ခုနီ။
(စျ) သာမဏေအား၊ ဆယ့်နှစ်ပါး၊ ခုနှစ်ပါး၊ သိက္ခာမာန်သာမဏေရီ။
(ည) လူဥပါသကာ၊ ဥပါသိကာ၊ မှတ်ပါနှစ်ပါးစီ။
(ဋ) အရဉ် ခလု၊ အဇ္ဈောဟု၊ သုသာန် ရုက္ခမူ။
(ဌ) ဘိက္ခုနီအား၊ မရခြား၊ ရှစ်ပါးအကြွင်းယူ။ (ဂင်းမှကြွင်းသော ဂ ခု ရသည်)။
(ဍ) တိစီဝရိက်ကြည်၊ ဆယ့်နှစ်အင်၊ ကျင့်ယှဉ်သာမဏေ။
(ဎ) ဘိက္ခုနီရှစ်တွင်၊ တိစီဝရိက်ကြည်၊ ခုနှစ်အင်သိက္ခာမာန်၊ သာမဏေရီ။
(ဏ) အစား-တထိုင်၊ ပတ္တပိဏ်၊ လူဆိုင်နှစ်ပါးဟူ။

(စျ) သတ္တဝါတို့ချမ်းသာကြောင်း ဗောဇ္ဈင်တရား

၁။ ဗောဇ္ဈင်ခုနစ်ပါး၊ ရှောင်ဖယ်ရှား၊ အမျှားချမ်းသာ
မမြင်ပါ။

၂။ ချမ်းသာလိုချင်၊မြတ်ဗောဇ္ဈင်၊တွင်တွင်ကျင့်ပွားပါ။

၃။ ဆိတ်ငြိမ်ကပ်ရာ၊ ကျင့်သီလ၊ ပွားထ ဗောဇ္ဈင် နိဗ္ဗာန်ဝင်။

(ည) ဗောဇ္ဈင်ဟူသည်

(က) သစ္စာလေးပါး သိသူ၏ အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟု
ခေါ်သည်။

(ခ) သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလည်း ဗောဇ္ဈင်
ဟု ခေါ်သည်။

(ဋ) သတိ သမ္မောဇ္ဈင်

၁။ မလွတ်စတမ်း-စောင့်ဖမ်း နေသည်၊
ဖြစ်ပျက် သရွေ့-မမေ့စေပြီ၊
အာရုံရှေရှု-စောင့်မှုထင်သည်၊
မြတ်သတိ-မှတ်သိဗောဇ္ဈင်မည်။

(ဌ) သတိသမ္မောဇ္ဈင် ပွားကြောင်း လေးပါး

(က) သတိသမ္ပဇဉ်၊ အမြဲယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ။

(ခ) မေ့သူရှောင်လွှဲ၊သတိမြဲ၊မှီဝဲဆည်းကပ်ပါ။

(ဂ) သတိပွားရေး၊ အကြောင်းလေး၊ ညွှန်သေးအင္ဂကထာ။

(၃) ဓမ္မဝိစယ သမ္မောဇ္ဈင်

၂။ ရုပ်နာမ်ခွဲခြမ်း - စူးစမ်းသိသည်၊
သဘောမှန်များ - ထင်ရှားစေသည်၊
တွေ့ဝေမှုကင်း - ရှင်းရှင်းသိသည်၊
ဓမ္မဝိ - မှတ်သိ ဟောဇ္ဈင်မည်။

မ္မဝိစယသမ္မောဇ္ဈင် ပွါးကြောင်း ခုနစ်ပါး

(က) မေးမြန်းသနှစ်၊ ညီမျှယှဉ်၊ ထိုတွင် စိတ်ညွှတ်ရာ။
(ခ) ဉာဏ်မှီရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ။
(ဂ) ဉာဏ်ဖြစ်ကြောင်းများ၊ ခုနစ်ပါး၊ညွှန်ကြား အဌကထာ။

(၄) ဝိရိယသမ္မောဇ္ဈင်

၃။ ကြောင့်ကြပြုလုပ် - အားထုတ်တတ်သည်၊
စိတ်အားတက်ရေး - အားပေးတတ်သည်၊
မဆုတ်နစ်ပဲ - စိတ်ဇဲသန်သည်၊
ဝိရိယ - မှတ်ကြ ဟောဇ္ဈင်မည်။

(ဃ) ဝိရိယသမ္မောဇ္ဈင်ပွါးကြောင်း ၁၁ ပါး

(က) အပါယ်ဘေးဆင်ခြင်၊ အာနိသင်၊ လမ်းစဉ်ရှိသပါ။
(ခ) ဆွမ်းဒကျွေးတို့ပြန်၊ မြတ်မှုခံ၊ ရှုရန်မြတ်ဆရာ။
(ဂ) သားကိုမျှားတော်၊ ကျင့်သုံးဖော်၊ ရှုမြော်ဆင်ခြင်ပါ။
(ဃ) ပျင်းသူကိုကြဉ်၊ ဇဲကောင်းယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ။
(င) ဝိရိယပွားရန်၊ ဆယ့်တစ်တန်၊ ထုတ်ပြန်အဌကထာ။

(တ) ပီတိသမ္မောဇ္ဈင်

၄။ နှစ်သိမ့်ရောင့်ရဲ - ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်းရုပ်သန့် - ပျံ့နှံ့စေသည်၊
ကိုယ်စိတ်ပေါ့လျက် - ကြွတက်ထင်သည်၊
မြတ်ပီတိ - မှတ်သိဗောဇ္ဈင်မည်။

(ထ) ပီတိသမ္မောဇ္ဈင်ပွါးကြောင်း ၁၁ ပါး

(က) ရတနာသုံးစုံ၊ သီလဂုဏ်၊ စွန့်ပုံ အောက်မေ့ပါ။
(ခ) နတ်ဖြစ်ဖွယ်စု၊ ငြိမ်းအေးမှု၊ တွေးရှု အောက်မေ့ပါ။
(ဂ) မဲ့ခြောက်သူကြည်၊ စိုပြေယှည်၊ ထိုတွင်စိတ်ညွှတ်ရာ။
(ဃ) ကြည်ညိုဖွယ်ညွှန်ကြား၊သုတ္တန်များ၊စဉ်းစားဆင်ခြင်ပါ။
(င) ပီတိပွားရန်၊ ဆယ့်တစ်တန်၊ ထုတ်ပြန်အဌကထာ။

(ဒ) ပဿဒ္ဓိသမ္မောဇ္ဈင်

၅။ ကြောင့်ကြပူရေး - ငြိမ်းအေးနေသည်၊
ကြောင့်ကြပူခြင်း - နှိမ်နင်းပယ်သည်၊
လှုပ်ရှားမှုကင်း - အေးခြင်းထင်သည်၊
ပဿဒ္ဓိ - မှတ်သိဗောဇ္ဈင်မည်။

(၀) ပဿဒ္ဓိသမ္မောဇ္ဈင် ပွားကြောင်း ခုနစ်ပါး

(က) ဘောဇဉ်ညတု၊ နေထိုင်မှု၊ မှီပြုသင့်မြတ်ရာ။
(ခ) မလွန်မယုတ်၊ လုံ့လထုတ်၊ ကြမ်းကြုတ်သူရှောင်ပါ။
(ဂ) ငြိမ်းအေးသူတွင်၊ မှီဝဲယှဉ်၊ ထိုတွင်စိတ်ညွှန်ရာ။
(ဃ) ပဿဒ္ဓိပွား၊ ခုနစ်ပါး၊ ညွှန်ကြားအဌကထာ။

(၁) သမာဓိသံမ္မောဇ္ဈင် ဟူသည်

၆။ ပျံ့လွင့်မထွက် - ကပ်လျက်တည်သည်၊
တအာရုံတည်း - ပေါင်းစည်းစေသည်၊
ငြိမ်သက်သည်ဟု - ရှေးရှုထင်သည်၊
သမာဓိ - မှတ်သိုပေါ့ဇ္ဈင်မည်။

(ပ) သမာဓိသမ္မောဇ္ဈင်ပွားကြောင်း ၁၁-ပါး

(က) ဝတ္ထုသန့်စင်၊ ညီမျှယှဉ်၊ ကျမ်းကျင်နိမိတ်မှာ။
(ခ) ကြွလျင်နှိမ်လင့်၊ ကျလျင်ပင့်၊ ရှင်သင့်ရှင်စေရာ။
(ဂ) ညီမျှနေလျင်၊ ရှုမြဲပင်၊ ထိုတွင်စိတ်ညွှတ်ရာ။
(ဃ) ပျံ့လွင့်သူကြည်၊ တည်သူယှဉ်၊ ဆင်ခြင်ဈာန်မောက္ခာ။
(င) သမာဓိပွား၊ ဆယ့်တစ်ပါး၊ ညွှန်ကြားအဌကထာ။

(ဃ) ဥပေက္ခာသမ္မောဇ္ဈင် ဟူသည်

၇။ ဥပေက္ခာက - ညီမျှစေသည်၊
တဖက်လိုက်ခြင်း - ပယ်ခွင်းတတ်သည်၊
လယ်ဗဟိုမျှ - ချိန်ကျနေသည်၊
နှားစုံကောင်း - နှင်မောင်းတူပေသည်။

(၆) ဥပေက္ခာ သမ္မောဇ္ဈင်ပွားကြောင်း ငါးပါး

(က) ပုဂ္ဂိုလ်ဝတ္ထု၊ လျစ်လျူရှု၊ ညှတ်မှုထိုတွင်သာ။

(ခ) ယုယသူအား၊ပယ်ရှောင်ရှား၊စိတ်ထားမျှသူမှီဝဲပါ။
ဥပေက္ခာကား၊ ကြောင်းငါးပါး၊ ညွှန်ကြားအဋ္ဌကထာ။

(ဘ) သတ္တဝါတို့၏ ချမ်းသာကြောင်း နိဗ္ဗာန်တရား

၁။ နိဗ္ဗာန်တရား၊ ရှောင်ဖယ်ရှား၊အမျှားချမ်းသာမမြင်ပါ။

၂။ ချမ်းသာလိုချင်၊ နိဗ္ဗာန်ခွင်၊ မြော်မြင်ကျင့်သုံးပါ။

၁၄။ အောင်မြင်းလေးဖြာ မင်္ဂလာ တရားတော်

(က) သီရိဂေဟာ ဓမ္မဂီတိ

၁။ ရာဇဂြိုဟ်ပြည်မှာ - အလေးပြုကြတဲ့၊
သင်္ဃေး ဦးသုမန - ထံပါးတွင်။
မောင်ပုဏ္ဏပါ - ဥတ္တရာဇနီးနှင့်၊
သမီးဥတ္တရာ - ခစားဝင်။
ပျော်ပွဲသဘင် - မလိုက်စားပဲ၊
လုပ်အားတန်ဖိုး - မြှင့်နိုးခင်။
မြေပဒေသာ - တွန်ယက်ပျိုးလို၊

အောင်ခြင်းလေးဖြာ မင်္ဂလာတရားတော်

ရိုးရိုးသားသား - ကြိုးစားစည်။
သာရိပုတ္တရာ - မထေရ်မြတ်ကို၊
တပ်ပူရေကပ - ဆုံမီးကပလျှင်။
ထွန်ခဲလယ်မြေ - ရွှေတွေ့ဖြစ်လို့၊
စင်စစ်သဌေး - ဘွဲ့ချီတင်။
အိမ်တက်မင်္ဂလာ - ဘုရားကြွလို့၊
တရားနာကြ - လူကြ ပျော်ရွှင်။
မိရော ဖရော - သမီးရော၊
မြတ်သောတာပန်ဝင်။
အဲဒါကြောင့် - တရားမြင်သိ၊
မင်္ဂလာရှိ - သိရိဂေဟာတွင်။

(၁) သောတာပန်မယ်စံပြ ဓမ္မဂိတီ

၂။ မြို့ရာဇကြိုဟ် - သဌေးဦးသုမနရဲ့၊
သားနန္ဒနှင့် လက်ထပ်ကာ။
ပုဏ္ဏသဌေးကျော် - ဇနီးဥတ္တရာရဲ့၊
သမီးဥတ္တရာ - လိုက်သွားရှာ။
လပြည့်ဝါဆို - နေ့အတွင်းက၊
တော်သလင်း - လကွယ်အထိပါ။
နှစ်လခဲ့ကြာ - မိစ္ဆာလက်မှာ၊
ထိတ်စရာ - စိတ်ပျက် - ရတနာကင်းကွာ။
ဖခင်ထံကို - စာသတင်းပေးတော့၊
သမီးလေးထံ - ပြန်ကြားစာ။

သီရိမာကို - တနေ့တထောင်စေျးနဲ့၊
လင်လုပ်ကျေးဖို့ - ၄ါးရမ်းပါ။
သီတင်းကျတ်တွင် - ဆန်းတရက်မှ၊
လပြည့်ရက်ထိ သတ်မှတ်ကာ။
ဆယ့်ငါးရက်တာ - ဥတ္တရာလေးက၊
ဗုဒ္ဓဆွမ်းကျေး - တရားနာ။
ကာမဂုဏ်ရပ် - တရားကပ်၊
ကိန်းဝပ်ရတနာ။
အဲဒါမှ - သောတပန္နဲ - မယ်စံပြ
မြတ်လှ - ဥတ္တရာ။

(ဂ) အောင်ဇေယျာ ဓမ္မဂိုတိ

၃။ နန္ဒလုင် - ခေတ္တမယားနှင့်၊
ပျော်ပါးတိုက်ခန်းက - လှမ်းကြည့်ရာ။
မဟာပဝါရဏာ - လပြည့်နေ့တွက်၊
ဆွမ်းဆက်ကပ်ဖို့ မယ်ဥတ္တရာ။
စဖိုဆောင်မှာ - ပရိသတ်များနှင့်၊
ချက်လား ပြုတ်လား - လှုပ်ရှားဝမ်းသာ။
ရပြီးချမ်းသာ - မခံစားပဲ၊
ကတုံးများကို - အထင်ကြီးရှာ။
သနားစရာ - မိုက်လေစွလို့၊
ဟာသလုပ်ပြီး - ရယ်လိုက်ရာ။
သီရိမာယာ - ဒါကိုတွေ့တော၊

ဘဝမှေ့လို့ - ရန်လုပ်မှားတာ။
ဥတ္တရာကို - ဆီပူလောင်းလို့၊
မကောင်းပြုမှား - လွန်ကျူးရှာ။
ဥတ္တရာဟာ - အမျက်မထွက်ပဲနှင့်၊
မေတ္တာဖက်လို့ - ပိုလိုက်ရာ။
ဆီပူတွေဟာ - စန္ဒကူးမှေးသို့၊
ကြိုင်အေးချမ်းသာ - ဖြစ်သွားရာ။
ဥတ္တရာခြုံရုံ - ပရိသတ်မျှားက၊
သီရိမာအား - ရိုက်ငြားလဲရှာ။
ဥတ္တရာတားကာ - နှာနှပ်ပေးမှ၊
သရမာလေး - နောင်တရရှာ။
တောင်းပန်သောခါ - ဘုရားထံပို့တော့၊
နှစ်လိုဝမ်းသာ - ဘုရားဟောရာ။
အောင်ခြင်းလေးပါး - နာရှုပွား၊
တရားရကြတာ။
အဲဒါကြောင့် - အောင်ခြင်းလေးမျိုး၊
မှန်အားကိုး - ပွားတိုးအောင်ဇယျာ။

(ဃ) မေတ္တာဟူသည် ဓမ္မဂိတိ

၄။ မေတ္တာဆိုတာ - လိုတဏှာကင်းလို့၊
ချိုသာဖြောင့်စင်း - အေးကြည်ပေ။
ပွားစီးထူထောင် - အတူဆောင်ရွက်လို့၊
ပူလောင်စနက် - ဖျက်ကင်းပေ။

စန်းငွေ့စမ်းရေ - ဖြန်းဝေနှောလို့၊
ကိုယ်ရောစိတ်ရော - အေးကြည်ပေ။
ရန်ပြိုးကင်းဝေး - ငြိမ်းချမ်းရေး၊
မနှေးရန္ဒာပေ။
အဲဒါကြောင့် - သတ္တဝါချင်း - မေတ္တာသွင်း၊
ချစ်ခြင်းပွားကြလေ၊
ပွားလေ ပွားလေ။

(c) မေတ္တာသုံးမျိုး ဓမ္မဂီတိ

၅။ ကိုယ်ဖြင့်အမှန် - စိမ်ပြူတော့၊
ကာယကံမှု - မေတ္တာပေ။
နှုတ်ဖြင့်အမှန် - စိမ်ပြူတော့၊ ဝစီကံမှုမေတ္တာပေ။
စိတ်ဖြင့်အမှန် - စိမ်ပြူတော့၊
မနောကံမှု - မေတ္တာပေ။
မေတ္တာသုံးပါး - နေ့စဉ်ပွား၊
အမျှားချမ်းသာဝေ။
အဲဒါကြောင့် - သတ္တဝါချင်း၊
မေတ္တာသွင်း - ချစ်ခြင်းပွားကြလေ၊
ပွားလေ ပွားလေ။

(ဝ) မေတ္တာအကျိုး ၁၁-မျိုး ဓမ္မဂီတိ

၆။ အိပ်ခါနီးခါ - ချမ်းသာလျက်နဲ့၊
အိပ်မက်ဆိုးလဲ - မမက်ပေ။

လူနတ်နှစ်သွင် - ချစ်ခင်ငြားလို့၊
နတ်ကောင်းမျှားလဲ - စောင့်ရှောက်ပေ။
မီးဘေးဆယ်စာ - ကင်းကွာလက်နက်၊
စိတ်ငြိမ်သက်လို့ - ဆင်းကြည်ပေ။
တွေ့ဝေလွတ်ကင်း - ဗသရခြင်း၊
ရောက်ခြင်း - ဗြဟ္မာ့ပြေ။
အဲဒါကြောင့် - သတ္တဝါချင်း၊ မေတ္တာသွင်း၊
ချစ်ခြင်း - ပွားကြလေ၊
ပွားလေ ပွားလေ။

(ဆ) မဟာစည်ဝိပဿနာအလုပ်ပေးဆောင်ပုဒ်

၁။ အာရုံဒွါရ၊ ဆုံတွေ့က၊ ရှုရ သတိပဋ္ဌာန်ပင်။
၂။ လျှောင်းထိုင်ရပ်သွား၊ ဖြစ်ခိုက်မျှား၊ ရှုပွားသတိပဋ္ဌာန်ပင်။
၃။ တင်ပလ္လင်ခွေကာ၊ ဒူးတုပ်ကာ၊ မှတ်ပါသတိယှဉ်။
၄။ ဖောင်းတယ် ပိန်တယ်၊ ရှုမှတ်ကွယ်၊ နှစ်သွယ် ရုပ်နာမ်ပင်။
၅။ မြင်ယင်မြင်တယ်၊ မှတ်ရမယ်၊ ပျောက်ကွယ်ဖောင်းပိန်ပင်။
၆။ ကြားနံစားထိ၊ စိတ်ကူးရှိ၊ မှတ်သိ ရှေးနည်းပင်။
၇။ ထိုင်တယ်မှတ်ယင်၊ ထိုင်ရုပ်သွင်၊ ထိုင်စဉ်ဉာဏ်သက်ဝင်။
၈။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ် ဉာဏ်သက်ဝင်။
၉။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိရှေးနည်းပင်။
၁၀။ ဖြစ်စဉ်ပေါ်ခ၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက် မြတ်ဟောစဉ်။
၁၁။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်္ဂုလ်ဝင်။

(၈) အောင်ခြင်းလေးဖြာ မင်္ဂလာသံပေါက်

၁။ စိတ်ဆိုးသူကို၊ မေတ္တာပို၊ ကိုယ်က အောင်နိုင်စေ။

၂။ မကောင်းသူကို၊ ကောင်းမှုပို၊ ကိုယ်က အောင်နိုင်စေ။

၃။ နှမြောသူကို၊ ပေးကမ်းပို၊ ကိုယ်က အောင်နိုင်စေ။

၄။ မှားပြောသူကို၊ မှန်ပြောဆို၊ ကိုယ်က အောင်နိုင်စေ။

၁၅။ တရားဟူသည် တရားတော်

ဆောင်ပုဒ်မျှား

(က) တရားဟူသည်

၁။ တရားမှန်မျှား - ကျင့်ပွားသူမှာ၊
တရားကပဲ - စောင့်မြဲသေချာ၊
တရားတော်က - အေးမြချမ်းသာ.
ဆောင်ယူပေး - ကင်းဝေးပယ်ဒုက္ခာ။

ဘုရားဖူး-ဖိတ်ခေါ်သံ

၂။ လပြည့်စက်ဝန်း - တက်ထွန်းစင်ကြယ်၊
ပန်းစုံဖူးပွင့် - နတ်ညဉ့်ပျော်ဖွယ်၊
အရှင်ဂေါတမ - မည်ရမျိုးနွယ်၊
တို့ဘုရား - ခုသွားဖူးစို့ကွယ်။

၃။ ကိုယ်ရောနှုတ်ရော - မနောစင်ကြယ်၊
ဝိဇ္ဇာစရဏ - စုံလှပေတယ်၊
ရှင်ဂေါတမ - မည်ရမျိုးနွယ်။
တို့ဘုရား - ခုသွားဖူးစို့ကွယ်။

မှတ်ချက်။ ။ဤ * ခရေပွင့်ပြ ဆောင်ပုဒ်များသည် မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များဖြစ်ပါသည်၊ အခြား ဆောင်ပုဒ်များသည် ဓမ္မပဒဘိက္ခု၀ဂ် သမ္မဟုလ ဝတ္ထုနှင့်အညီ သီကုံးထားသော ဆောင်ပုဒ်များ ဖြစ်ပါသည်။

(၁) မေတ္တာမှသည် — နိဗ္ဗာန်ပြည်သို့

၄။ မေတ္တာကမ္မဋ္ဌာန်း - စီးဖြန်းကြည်ဖြူ၊
ဗုဒ္ဓဆုံးမ - လုံး၀ယုံသူ၊
အခါခပ်သိမ်း - အေးငြိမ်းရာဟူ၊
ချမ်းသာလှ - ရောက်ရပြည်နိဗ္ဗာန်။

(ဂ) ယောဂီဓလေ့ တရားပျော်မွေ့

၅။ ဆိတ်ငြိမ်ရာသို့ - ဝင်လိုမသွေ့၊
စိတ်ငြိမ်တည်မတ် - ဝိပဿနာ၊
ထိုယောဂီအား - လူများထက်ပေ၊
မွေ့လျော်ခြင်း - မယှင်း ရနိုင်ပေ။

(ဃ) ပီတိအမြိုက်ရေ

၆။ ဝိပဿနာ - ကြိုးအားထုတ်နေ၊
အားထုတ်သူအား - မမှားမသွေ့၊
ပီတိရှင်ပွား - ရငြားထွေထွေ၊
ထိုပီတိ - ခေါ်ဘိအမြိုက်ရေ။

(င) မဟာစည် ဝိပဿနာရှုနည်း

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွားပြီးပါယင်။
၂။ လူရှင်သီလ၊ ကိုယ်စီင့၊ တည်ကြည်ပြီးပါယင်။
၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။
၄။ တင်ပလွင်ခွေကာ၊ ဒူးတုပ်ကာ၊ ထိုင်ပါယောဂီရှင်။
၅။ အညှပ်မဖိ၊ ချောင်ချောင်ချိ၊ ထိုင်ဘိယောဂီရှင်။
၆။ ဗယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန်လက်ကို ထက်
ကတင်။
၇။ တင်ပခုံးနား၊ စည်သုံးပါး၊ ထိုင်ခါးဖြောင့်စေချင်။
၈။ မျက်စိမှိတ်လေ၊ ခေါင်းတည့်နေ၊ ငြိမ်းစေကိုယ်စိတ်ပင်။
၉။ ဖောင်းတာပိန်တာ၊ ဝမ်းဗိုက်မှာ၊ မှတ်ပါသတိယှဉ်။

၁၀။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်။
၁၁။ ကြားနံစားထိ၊ စိတ်ကူးရှိ၊ မှတ်သိ ရှေးနည်းပင်။
၁၂။ ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှု သတိယှဉ်။
၁၃။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင် ရှုမှတ်စဉ်။
၁၄။ ထိုင်တယ်မှတ်ယင်၊ ထိုင်ရပ်သွင်၊ ထိုင်စဉ် ဉာဏ်သက်ဝင်။
၁၅။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ် ဉာဏ်သက်ဝင်။
၁၆။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိ ရှေးနည်းပင်။
၁၇။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်္ဂုလ်ဝင်။



၁၆။ အချိန်နှင့်လူသားသတိထား တရားတော်

ဆောင်ပုဒ်များ

(က) နှစ်ဦးဆုမှန်

(က) နှစ်ဟောင်း ကုန်ပျက်၊ နှစ်သစ်ဆက်၊ တိုးတက် မင်္ဂလာ ဖြစ်ပါစေ။

(၁) အကုသိုလ်များ၊ ရှောင်ဖယ်ရှား၊ ပွားများ ကုသိုလ်တွေ။

(၂) နိဗ္ဗာန်ရောက်ရန်၊သတိပဋ္ဌာန်၊အမှန် ရှုမှတ်ပွားများလေ။

(၁) အချိန်နှင့်သတ္တဝါ ယှဉ်ပြိုင်ရာဝယ်

၁။ နာရီရက်လ၊ ခေါ်ဆိုကြ၊ ကာလ အချိန်မည်။

၂။ မိမိနှင့်သာ၊ တူမကွာ၊ သတ္တဝါ အားလုံးသည်။

၃။ အချိန်ဝါးမျိုး၊ အစားကို၊ ဖြစ် အို နာ သေ ခံရသည်။

၄။ ဆုံလည်သည့်နှား၊ ရဟတ်ချား၊ တူကြားမဆုံးသံသာရှည်။

၅။ အကြင်သူကား၊ ကာလအား၊ မျိုစား နိုင်လေသည်။

၆။ ဒါနသီလာ၊ ဘာဝနာ၊ ပြုကာ စားမျိုသည်။

၇။ ဖြစ်ပျက်ရုပ်နာမ်၊ ဇဲသန်သန်၊ နည်းမှန်ရှုမှတ်စားမျိုသည်။

၈။ ထိုစားနိုင်သူ၊ တဏှာပူ၊ စင်ဖြူ ကင်းတော့သည်။

၉။ တဏှာကင်းက၊ နိဗ္ဗာန်ရ၊ ကာလ တိုဆုံးသည်။

၁၀။ ပဋ္ဌိသန္ဓေ၊ အိုနှာသေ၊ ဘေးတွေ့ ဆုံးတော့သည်။
၁၁။ နိဗ္ဗာန်လိုက၊ ချိန်ကာလ၊ စားကြမျိုကြ ခါတော်မီ။
၁၂။ မူလပရိယာယ၊ ဇာတ်တော်မှ၊ ထုတ်ပြ တိုက်တွန်းသည်။

(ဂ) မူလပရိယာယသုတ် အကျဉ်းချုပ် ဆောင်ပုဒ်

၁။ မြေကိုမြေသာ၊မှတ်ကြံကာဖြင့်၊ငါ့ဟာစွဲပြန်၊ပုထုဇဉ်သည် အမှန်မသိရှာလိုပဲ။
၂။ ထို့အတူပင်၊ ပုထုဇဉ်သည်၊ ရေပြင်လေမီး၊ သတ္တဝါပြီးနတ်၊ ယုတ်မာရ်နတ်နှင့်၊ ထက်ရပ်ဗြဟ္မာ၊ ဆင်းသံပါတွေ့၊ ထူးစွာသိအပ်၊ အာရုံရပ်နှင့်၊ သမာပတ် စျာန်စိတ်၊ ကာမစိတ်စုံ၊ နိဗ္ဗာန်ဘုံကို၊ မှတ်တုံကြံဘိ၊ တပ်စွဲ့ကြ မသိရှာလိုပဲ။
၃။ သေကွဲဟူသည်၊ မြေစသည်ကို၊ သိသည်အမှန်၊ မမှတ်ကြံ၊ ပယ်လှန်တပ်မက်ရှဲ။
၄။ အသေကွဲလဲ၊ နည်းတူပဲ၊ သိမြဲ လော-ဒေါ မောဟရှဲ။
၅။ မြတ်စွာဘုရား၊ ထူးသိငြား၊ တရားလုံးစုံ ပြည့်စုံမြဲ။

(ဃ) တင်းပြည့် တုပြည့် တပည့်သုံးမျိုး

၁။ ဆရာကွယ်ရာ၊ တင်းပြောတာ၊ မှတ်ပါ တင်းပြည့်ဆို။
၂။ ဆရာ့ဂုဏ်လှ၊ ဖက်ပြိုင်တူ၊ သူ့ကို တုပည့်ဆို။
၃။ ညီညာထက်ဌ၊ ဆုံးမနှာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေ့အံ့ရှတ်၊တပည့်ဝတ်မျှား၊မချတ်ငါ်ခု၊ပြည့်စုံမှု၊ သူ့ကို တ,ပည့်ဆို။

(c) ပျက်စီးကြောင်း သုံးမျိုး

၁။ မတော် မတရား၊မိန်းမများ(ယောကျ်ားများ)၊ပျော်ပါး လွန်ကျူးသူ။

၂။ သောက်စားယစ်မူး၊ သေသောက်ကြူး၊ ပျော်မြူးလေ သောသူ။

၃။ ကြေ့အန်ဖဲများ၊ လောင်းကစား၊ ပျော်ပါးလွန်ကျူးသူ။

၄။ ရတိုင်းဥစ္စာ၊ ကုန်စေရာ၊ ပျက်ရာ ကြောင်းရင်းမူ။

၅။ ပရာဘဝ၊ သုတ္တန္တ၊ ဗုဒ္ဓ မိန့်တော်မူ။



၁၇။ အဓိဋ္ဌာယသုတ္တန် တရားတော်

ဆောင်ပုဒ်များ

၁။ လမ်းဖြောင့် မည်တွင်၊ ထိုမဂ္ဂင်၊ ရပ်ခွင်ဘေးမဲ့ နိဗ္ဗာန်ပါ။
၂။ **လုံ**းလနှစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထား၊ ထိုမင်္ဂလာပါ။
၃။ ရှက်ကြောက်နှစ်တန်၊နောက်မှီခံ၊ကာရန် အမှတ်သတိပါ။
၄။ ဝိပသ်ရှေသွား၊ မင်ဉာဏ်ကား၊ ရထားမောင်းသူ ဆိုရပါ။
၅။ ဤသို့ရထား၊ ရှိသူများ၊ ယောကျ်ားမိန်းမ လူတိုင်းမှာ။
၆။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီးနိဗ္ဗာန် ဆိုက်ရောက်ပါ။

(ခ) မဂ္ဂင်ရှစ်ပါး၏ လက္ခဏာ စသည်များ

၁။ ရုပ်နာမ်ဖြစ်ပျက် - မှတ်လျက်မြင်သည်၊
ခေတ်သစ္စာများ - ထင်ရှားသိသည်၊
အဝိဇ္ဇာမှောင်ကြီး-ဖျက်ဆီးထင်သည်၊ မဂ္ဂ-ဂ်သမ္မာဒိဋ္ဌိမည်။

၂။ အာရုံဆီသို့ - တင်ပို့လေသည်၊
ထိုဌာနစိတ်မျှား - သွင်းထားတတ်သည်၊
မိစ္ဆာဝိတက် - ဖြိုဖျက်ပယ်သည်၊
သက်ပွ - သိကြ မဂ္ဂင်မည်။

၃။ ကောင်းရာရှာမှီး - သိမ်းဆည်းပြောသည်၊
လိမ်ခွဲဆဲဖျင်း - ပြောခြင်းရှောင်သည်၊
မိစ္ဆာနှုတ်ထွက် - ပယ်ဖျက်ထင်သည်၊
မဂ္ဂဏ် - သမ္မာဝစာမည်။

၄။ ကောင်းမှုကိုပဲ - အားခဲပြုသည်၊
သတ်ခိုးမှောက်မှား - ပယ်ရှားလေသည်၊
မိစ္ဆာကမ္မ - လုံးဝပယ်သည်၊
ကမ္မန္တ - သိကြ မဂ္ဂင်မည်။

၅။ ရှာဖွေသက်မွေး - ဖြူဖွေးစင်သည်၊
ကောင်းရာပြုလျက် - ဝမ်းတွက်ရှာသည်၊
မိစ္ဆာဇီဝ - ပယ်ချရှောင်သည်၊
အာဇီဝ - သိကြ မဂ္ဂင်မည်။

၆။ အားထုတ်ထကြွ - ကြောင့်ကြစိုက်သည်၊
မကောင်းမပြု - ကောင်းမှုပွါးသည်၊
မိစ္ဆာလုံ့လ - လုံးဝပယ်သည်၊
ဝါယာမ - သိကြ မဂ္ဂင်မည်။

၇။ အာရုံပေါ်ဌာ - စူးစိုက်လေသည်၊
သတိမြဲ၍ - မမေ့တော့ပြီ၊

မိစ္ဆာသတိ - မရှိပယ်သည်၊
မဂ္ဂင် - သမ္မာသတိမည်။

၈။ အာရုံတပါး - ပျံ့သွားကင်းသည်၊
ပျံ့လွင့်မထွက် - ငြိမ်သက်တည်သည်၊
မိစ္ဆာသမာဓိ - မရှိပယ်သည်၊
သမာဓိ - မှတ်သိ မဂ္ဂင်မည်။

မှတ်ချက်။ ။ဤဆောင်ပုဒ်များကို မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များစာအုပ်မှ တဆင့် ဖော်ပြသည်။



ကြွေးတင်ရှင်ဘုရင်ဆပ်
တရားတော်

၁၇။ ကြွေးတင် ရှင်ဘုရင်ဆပ် ဝိပဿနာ တရားတော်

ဗဟုဓိတရသုတ္တန် တရားတော် ဆောင်ပုဒ်များ

(က) သာသနာနှင့် ဆရာ ဒကာ

၁။ သင်ကြားပရိယတ် - ကန်မြတ်မင်းလာ၊
ကျင့်ပွားပဋိပတ် - ရေမြတ်မင်းလာ၊
ရင်ခြားအသိဓာတ် - ကြာမြတ်မင်းလာ၊
ဤသုံးဝ - ဗုဒ္ဓသာသနာ။

၂။ ကြာမြတ်လိုဘိ - ရေရှိရမည်၊
ရေတည်လိုဘိ - ကန်ရှိရမည်၊
ကန်ဘူးဆယ်ဖို - စာပို့ချမည်၊
ကျင့်တရား - ရေများ ကြာတင့်မည်။

၃။ ရှင်ရဟန်းမင်း - ကျင့်ယင်း ဟောပါ၊
လူ့ဒကာမင်း - လူ့ယင်းကြားနာ၊
တရားရေသောက် - ကြာပေါက်နိုဗ္ဗာ၊
လက်ဘဲ့ထား - ကြီးပွား သာသနာ။

(ခ) ဘုရားတိုင် ရင်ဖွင့်သံများ

၁။ အကျွန်ုပ်အား၊ နွားရှိပြား၊ ထိုနွားပျောက်လို့ ဆင်းရဲတယ်။
၂။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာနွားမရှိ ထင်မိတယ်။
၃။ နှမ်းခင်းရှိပြား၊ ကျွန်ုပ်အား၊ ပျက်ပြားကုန်လို့ဆင်းရဲတယ်။
၄။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ နှမ်းခင်း မရှိ ထင်မိတယ်။
၅။ အကျွန်ုပ်အား၊ ကျီမှာထား၊ စပါးကုန်လို့ ဆင်းရဲတယ်။
၆။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ ကျီပါစပါးမရှိ ထင်မိတယ်။
၇။ အကျွန်ုပ်မှာ၊ အိပ်နေရာ၊ ပိုးလာကိုက်လို့ ဆင်းရဲတယ်။
၈။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ အိပ်ရာပိုးမရှိထင်မိတယ်။
၉။ အကျွန်ုပ်အား၊ သမီးများ၊လင်သားပင်လို့ ဆင်းရဲတယ်။
၁၀။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ သမီးမရှိ ထင်မိတယ်။

၁၁။ အကျွန်ုပ်အား၊ အိပ်သူမယား၊ ကြိမ်းဝါးဆုလို့ ဆင်းရဲတယ်။

၁၂။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ ကြင်ယာမရှိ ထင်မတယ်။

၁၃။ အကျွန်ုပ်အား၊ ကြေးရှိငြား၊ ကြေးများတောင်းလို့ ဆင်းရဲတယ်။

၁၄။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ ကြေးမရှိ ထင်မိတယ်။

(ဂ) ဘုရားတို့ပြန် တရားသံများ

၁။ သင်ပုဏ္ဏားအား၊ နွားရှိငြား၊ ထိုနွားပျောက်လို့ ဆင်းရဲတယ်။

၂။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာနွားမရှိ မှန်ပေတယ်။

၃။ နွမ်းခင်းရှိငြား၊ သင်ပုဏ္ဏား၊ နွမ်းများပျက်လို့ ဆင်းရဲတယ်။

၄။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ နွမ်းခင်းမရှိ မှန်ပေတယ်။

၅။ သင်ပုဏ္ဏားအား၊ကျီမှာထား၊စပါးကုန်လို့ ဆင်းရဲတယ်။

၆။ ငါဘုရားဟာ၊ငြိမ်းချမ်းသာ၊ကျီပါစပါးမရှိမှန်ပေတယ်။

၇။ သင်ပုဏ္ဏားမှာ၊ အိပ်နေရာ၊ ပိုးလာကိုက်လို့ ဆင်းရဲတယ်။

၈။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ အိပ်ရာပိုးမရှိမှန်ပေတယ်။

၉။ သင်ပုဏ္ဏားအား၊သမီးများ၊လင်သားပစ်လို့ဆင်းရဲတယ်။

၁၀။ ငါဘုရားဟာ၊ငြိမ်းချမ်းသာ၊ငါ့မှာသမီးမရှိ မှန်ပေတယ်။

၁၁။ သင်ပုဏ္ဏားအား၊ အိမ်သူကား၊ ကြိမ်းဝါးဆုလို့ ဆင်းရဲတယ်။

၁၂။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ ကြင်ယာမရှိ မှန်ပေတယ်။

၁၃။ သင်ပုဏ္ဏားအား၊ ကြေးရှိငြား၊ ကြေးမျှား တောင်းလို့ ဆင်းရဲတယ်။

၁၄။ ငါဘုရားဟာ၊ငြိမ်းချမ်းသာ၊ငါ့မှာကြေးမရှိမှန်ပေတယ်။

(ဃ) ကောသလမင်း၏ လျှောက်ထားချက်

၁။ ပစ္စည်းလေးတန်၊လှူဖို့ရန်၊ တာဝန်တပည့်တော်ယူပါ့မယ်။

၂။ ဘုရားလိုလား၊ ရဟန်းတရား၊ ကြိုးစားပါရန် လျှောက်ဝံ့တယ်။

(c) မဟာစည် ဝိပဿနာရှုနည်း

၁။ တင်ပလ္လင် ခွေကာ၊ ဒူးတုပ်ပါ၊ ဝမ်းမှာ သတိယှဉ်။
၂။ ဖောင်းတယ် ပိန်တယ်၊ ရှုမှတ်ကွယ်၊ နှစ်သွယ်ရှုပ်နာမ်ပင်။
၃။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်။
၄။ ကြားနံစားထိ၊ စိတ်ကူးရှိ၊ မှတ်သိ ရှေးနည်းပင်။
၅။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင် ရှုမှတ်စဉ်။
၆။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်သိရှေးနည်းပင်။
၇။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်ဖိုလ်ဝင်။

၁၉။ သတ္တဝုတ္တန်တရားတော်

ဆောင်ပုဒ်များ

(က) ပူလောင်တဏှာ ကင်းအောင်သာ

၁။ သတ္တဝါ သတ္တဝါ၊ အဘယ်ဟာ၊ နေ၊ပါရသနည်း။
၂။ ခန္ဓာငါးဝ၊ ကပ်ငြိုက၊ ခေါ်ရ သတ္တဝါတည်း။
၃။ ကလေးငယ်များ၊ ဆောကစား၊ လမ်းကြား မြေမှုန့်အိမ်။
၄။ တွယ်တာခိုက်တွင်၊ ငါ့ဟာထင်၊ ငါပင် ပိုင်စိုးအိမ်။
၅။ တွယ်တာကင်းသော်၊ ပျင်းမှုန်းပေါ်၊ ဖျက်တော်ကစား ချိန်။
၆။ ဤပုံပမာ၊ များသတ္တာ၊ ခန္ဓာငါးပါးအိမ်။
၇။ တွယ်တာခိုက်တွင်၊ ငါ့ဟာထင်၊ ငါပင် ပိုင်စိုးအိမ်။
၈။ တွယ်တာကင်းသော်၊ ပျင်းမှုန်းပေါ်၊ ဖျက်တော်သံသရာ အိမ်။
၉။ အိမ်ပမာထား၊ ခန္ဓာငါး၊ ပယ်ရှားဖျက်ချိုးနှိမ်။
၁၀။ ပစ်လွှင့်ဖြုန်းကြ၊ ကစားပွဲ၊ ရပ်စဲ ရှုပ်သိမ်းငြိမ်။
၁၁။ ပူလောင်တဏှာ၊ ကင်းအောင်သာ၊ ကျင့်ပါအကြိမ်ကြိမ်။
၁၂။ တဏှာကင်းက၊ နိဗ္ဗာန်၊ မုချ ဝင်စံငြိမ်။

(ခ) တိုက်တွန်းသြဝါဒ

သတိပဋ္ဌာန် အားထုတ်ကြ

၁။ ခန္ဓာငါးတန်၊ အိမ်ဖျက်ရန်၊ ကျင့်ကြံ သတိပဋ္ဌာန်ကို။
၂။ ပူလောင်တဏှာ၊ကင်းအောင်သာ၊ကျင့်ပါ သတိပဋ္ဌာန်ကို။
၃။ အာရုံဒွါရ၊ဆုံတွေ့က၊ရှုရသတိပဋ္ဌာန်။
၄။ လျှောင်းထိုင်ရပ်သွား၊ ဖြစ်ခိုက်မျှား၊ ရှုပွား သတိပဋ္ဌာန်။
၅။ တင်ပလွင်ခွေကာ၊ ဒူးတုပ်ကာ၊ ဝမ်းမှာသတိယှဉ်။
၆။ ဖောင်းတယ်ပိန်တယ်၊ ရှုမှတ်ကွယ်၊ နှစ်သွယ် ရုပ်နာမ်ပင်။
၇။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ် ဖောင်းပိန်ပင်။
၈။ ကြားနံစားထိ၊ စိတ်ကူးရှိ၊ မှတ်ဘိ ရှေးနည်းပင်။
၉။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင် ရှုမှတ်စဉ်။
၁၀။ ထိုင်တယ် မှတ်ယင်၊ ထိုရုပ်သွင်၊ ထိုင်စဉ် ဉာဏ်သက်ဝင်။
၁၁။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ် ဉာဏ်သက်ဝင်။
၁၂။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိ ရှေးနည်းပင်။
၁၃။ ဖြစ်စဉ်ပေါ်ခ၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက် မြတ်ဟောစဉ်။
၁၄။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍၊ မင်ဖိုလ်ဝင်။

(ဂ) ခန္ဓာငါးပါး၏ လက္ခဏာစသည်ကို သိပုံ

၁။ ဖောက်ပြန်တနဲ - ပြောင်းလဲတတ်သည်၊
ကြေပွပြိုကဲ့ - ပြန့်ကျဲတတ်သည်၊
အာရုံမပြု - သိမှုကင်းသည်၊
ရုပ်တရား - ပိုင်းခြားမြတ်ယောဂီ။

၂။ အာရုံခြောက်ပါး - ခံစားတတ်သည်၊
သူ့ရသလဲ - သုံးစွဲတတ်သည်၊
ချမ်းသာဆင်းရဲ - ဉာဏ်ထဲထင်သည်၊
ခံစားမှု - မှတ်ရှုမြတ်ယောဂီ။

၃။ မမေ့စေကြောင်း - ကောင်းကောင်းမှတ်သည်၊
မှတ်မိဖွယ်ဟိတ် - နိုမိတ်ယူသည်၊
ယူထားတိုင်းပဲ - မှတ်စွဲနေသည်၊
သညာဓာတ် - သိမှတ်မြတ်ယောဂီ။

၄။ ကိုယ်နှုတ်စိတ်မှု - သူပြုတတ်သည်၊
လှုံ့ဆော်အုပ်ချုပ် - အားထုတ်တတ်သည်၊
လှုပ်လှုင်ရှရှ - ကြောင့်ကြစိုက်သည်၊
သင်္ခါရ - မှတ်ကြ မြတ်ယောဂီ။

၅။ အာရုံသိသော၊ သဘောရှိသည်၊
ခေါင်းဆောင်အလား - ရှေသွားတတ်သည်၊
ရှေးစိတ်နှင့်စပ် - အထပ်ထပ်ဖြစ်သည်၊
ဝိညာဏ်ဓာတ် - သိမှတ်မြတ်ယောဂီ။

(ဃ) နန်းတွင်း မယ်ခေမာ

၁။ ပဒုမုတ္တိုရ် မြတ်ဗုဒ္ဓရဲ့၊
အဂ္ဂသာဝက သုဇာတာ။
ဟံသာဝတီမှာ ဆွမ်းခံကြွတော့၊
ခေမာလောင်းလျှ အိမ်သူဟာ။

ဖူးမြင်ကြည်ဖြူ မုန့်လှူပြီးတော့၊
ဆံပင်စုကြီး လှူသေးတာ။
နောင်ခါထေရ်လို ပညာကြီးတဲ့၊
ပညာရှင်ကြီး ဖြစ်စေသာ။
ထို့နောက်နတ်ပြည်၊ သူရောက်သွားခဲ့၊
ကဿပဘုရား ပွင့်သောခါ။
ကိုကိုသမီးတော် ခုနစ်ဖော်ထဲမှာ၊
သူလဲပါခဲ့ မြတ်ကျင့်တာ။
ထိုနောက်နတ်ပြည် သူရောက်သွားခဲ့၊
ဂေါတမဘုရား ပွင့်ပြန်ရာ။
မဒ္ဒရာဇ်တိုင်းမှာ၊ မြို့သာဂလဝယ်၊
ရာဇသမီး သူဖြစ်လှာ။
ခေမာမင်းသွေး၊ လှပဂေး၊
သူလေး ရှယ်ရောက်လာ၊
အဲဒါကြောင့်၊ ရာဇကြိုဟ်မင်း၊ ဆက်သသွင်း၊
နန်းတွင်း မယ်ခေမာ။

(c) လှမျိုးကုဋေကုဋာ မယ်ခေမာ

၂။ ဘုရားဒါယကာ ဗိမ္ဗိသာရရဲ့၊
ကြင်ရာအဂ္ဂ မယ်ခေမာ။
မဒ္ဒရာဇ်သူ - လှအချောက၊
အတောမသတ်အောင် လှချင်ပြန်ရာ။

လှမျိုးကုဋ္ဌေကုဋ္ဌာ၊ ပဒေသာရအောင်၊
မကြာခဏ ပြုပြင်ကာ။
မိုးအောက်မြေပြင်၊ ငါလှမ္ဘုးလို၊
မာနရှုံးကြီး သူရှုံးရှာ။
လှတယ်ဆိုတာ အပုပ်ကောင်ကြီးကို၊
ရုပ်ဆောင်ပြီးတော့ လိမ်ကြတာ။
ဘုရားဟောတယ် သတင်းကြားတော့၊
ဘုရားထံမှောက် မရောက်ရှာ။
ဘုရင်ဗိမ္မိသာ ဥပါယ်လှည့်လို့၊
ဝေဠုဝန်ဘွဲ့ သီစေရာ။
ခေမာမိဖုရား၊ ဥယျာဉ်သွားပြီ
ဘုရားထံမှောက် ရောက်ရပါ။
အဲဒါကြောင့်-ဘုရားဖန်ဆင်း လှယမင်း၊
ခပ်သွင်း ယက်လေသာ။

(၀) တရေးရေးခြင်း အိုမင်းလာ

၃။ သူ့ထက်လှပြီး လှတပါးကို၊
ဘုရားထံပါး မြင်သောခါ။
မယ်ခေမာမှာ လွန်အံ့သြလို့၊
ငေးမောတွေးတော မာန်ကျ၊လာ။
ထို လှပဂေးဟာ တဖြေးဖြေးနဲ့၊
တရေးရေးခြင်း အိုမင်းလာ။

ကယ်ပါယူပါ အော်ဟစ်ယင်းနဲ့၊
ချက်ခြင်းသေပြီး ပုပ်ပွကာ။
သွေးပြည်ယိုကာ ပိုးလောက်စားလို့၊
သွေးသားကုန်ခန်း ရိုးကျန်တာ။
ရေပ်ဆင်းဆိုတာ အလကားလို့၊
ခေမာမိဖုရား စိတ်ပေါ်လာ။
ဘုဏ်အမြင်လင်း သိမြင်ရှင်း၊
စိတ်တွင်း တရားရှာ။
အဲ့ဒီတော့-ရှင်တော်ဘုရား၊ ကရုဏာထား၊
ဟောကြား ဒေသနာ။

၄။ ရောဂါမျိုးစုံ၊ နှိပ်စက်ညှဉ်းလို့၊
မစင်ကြယ်ခြင်း ပုပ်ပွတာ။
အရိုးစိုက်ထောင် ပုပ်ကောင်ကြီးက၊
ယိုစီးထက်အောက် အနံ့ထွက်လာ။
ပုထုဇနာမျှား လူမိုက်က၊
နှစ်ခြိုက်တောင့်တ ဣာခန္ဓာ။
အသေအချာ ဉာဏ်ထောက်လှမ်းလို့၊
ရှုကြည့်စမ်းဟဲ့ မယ်ခေမာ။
ခေမာကိုယ်တွင်း ရှုမှတ်ယင်း၊
ဉာဏ်လင်းပေါ်လာတာ။
အဲ့ဒါကြောင့် - သောတာပန္နမဂ်ဉာဏ်ရ၊
မြတ်လှ မယ်ခေမာ။

သတ္တသုတ္တန်တရားတော်ဆောင်ပုဒ်များ

(ဆ) အဂ္ဂလကျိ၁ ထေရီ ခေမာ

၅။ ထိုနောက်ဆက်ကာ မြတ်ဘုရားက၊
မြတ်တရားကို မိန့်ကြားကာ။
ရဟတဏှာ တပ်မက်ပွားတဲ့၊
သတ္တဝါအများ ပင့်ကူပမာ။
ကိုယ့်ကြိုးကိုယ်ဆင် ကွန်ယက်တွင်းမှာ၊
ဖန်ဖန်ကျယင်း ငြိတွယ်ကြာ။
ပညာရှင်ဟာ ထိုထိုကြိုးကို၊
ဝိပဿနာစစ်ထိုး ဖျက်ဖြုတ်ကာ။
ဌာ ဝ
ဌကမည်သော ဒုက္ခများကို၊
ပယ်ရှားအရဟတ် ဉာဏ်နဲ့သာ။
ဆင်းရဲငြိမ်းချမ်း - နိုဗ္ဗာန်နန်း၊
စံမြန်းသွားကြတာ။
အဲဒါကြောင့် ခေမာဖြစ်ရ၊ အရဟန္တ၊
အဂ္ဂလကျိ၁ ထေရီမဟာ။

၂၀။ သတိပဋ္ဌာန် ကြွေးကြော်သံ
တရားတော်ကြီး

(က) မဟာသတိပဋ္ဌာန်သုတ်-ဟူသည်

၁။ မဟာ-မျှားမြတ် - ပြုအာပ်ပူဇော်
သတိ-အမှတ် - ဉာဏ်မြတ်မမေ့
ပဋ္ဌာန်ဆက - လေးထကတည်နော်
သုတ္တာကြိုး - ပန်းမျိုး ကုံးပန်းလေ။

(ခ) နိဒါန်း

၂။ ကုရုပြည်တိုင်း - သမိုင်းတွင်လေ
ကမ္မာသဟု - မည်ပြုနိုဂမေ။
နေစဉ်ဗုဒ္ဓ - မိန့်ဟခဲမ့ေ
ဤသုတ်ကြီး - အပြီးကျော်ကြားပေ။

(ဂ) တရားကြည်ညာချက်

၃။ သတိပဋ္ဌာန - လေးဝခမ္မာ
သမ္မာသမ္မုဒ္ဓ - ပစ္စေကဗုဒ္ဓါ
တပည့်သာဝက - ကျင့်ကြံဖြာဖြာ
နိဗ္ဗာန်နန်း - စံမြန်းသွေ့မကွာ။

၄။ ကျင့်ပြီးကျင့်ဆဲ - နောင်လဲ့ဂျိုဟန်၊
စံပြီးစံဆဲ - နောင်လဲ့နိဗ္ဗာန်၊
ခရီးမလွဲ - တကြောင်းထဲမှန်၊
ဤတရား - ကျင့်ပွားဝေကန်။
၅။ စိတ်အညစ်ကြေး - ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး - ငိုကြေးလွတ်ရန်၊
သုံးလူ့ထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။
၆။ ကိုယ်စိတ်ဆင်းရဲ - ချုပ်စဲစေရန်၊
မဂ်ဝင်ဖိုလ်ရောက် - မျက်မှောက်ပြုရန်၊
သုံးလူ့ထွတ်ထား - ဘုရားမိန့်မှန်၊
လမ်းတကြောင်း - ကျင့်ကောင်းသတိပဋ္ဌာန်။

(ဃ) အကျိုးပြု မိန့်ခွန်းတော်

၇။ ကျား-မ မလပ် - ရှုမှတ်သူဟာ၊
ခုနစ်ရက်မှ - အစပြုကာ၊
ခုနစ်နှစ်တွင်း - ထင်လင်းမှန်စွာ၊
နိဗ္ဗာန်နန်း - စံမြန်းနိုင်သည်သာ။

(c) အကျဉ်းချုပ်အားထုတ်နည်း

၈။ အဘိဇ္ဈာဒေါမန - ပယ်ချမှန်စွာ၊
လုံ့လဇွဲရှိ - သတိမကွာ၊
ကာ-ဝေ-စိတ္တ - ဓမ္မလေးဖြာ၊
ဖန်ဖန်ရှု - ဘိုကွ၊ကျင့်စဉ်ပါ။

(စ) မဟာစည် ဝိပဿနာရှုနည်း

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝတ်တူးပြီးပါယင်။
၂။ လူရှင်သိလ၊ ကိုယ်စိုင့၊ တည်ကြပြီးပါယင်။
၃။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။
၄။ ဗယ်ခြေတွင်းကား၊ ညာခြေအား၊ ပြင်ကားခွေချက်
တင်ပလွှင်။
၅။ မည်ပ်မဖိ၊ ချောင်ချောင်ချ၊ ထိုင်ဘိယောဂီရှင်။
၆။ ဗယ်လက်ဝါးလှန်၊အောက်ကခံ၊ညာလှန်လက်ကို ထက်
ကတင်။
၇။ တင်ပခုံးနား၊စည်သုံးပါး၊ထိုင်ခါး ဖြောင့်စေချင်။
၈။ မျက်စေ့မှိတ်လေ၊ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၉။ ဖောင်းတာပိန်တာ၊ဝမ်းဗိုက်မှာ၊မှတ်ပါသတိယှဉ်။
၁၀။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်၊
၁၁။ ကြားနံစားသိ၊စိတ်ကူးရှိ၊မှန်ဘိရှေးနည်းပင်။
၁၂။ ဖြစ်တိုင်းမှတ်ရှု၊သတိပြု၊စောင့်မှုသတိယှဉ်။
၁၃။ ဖောင်းပိန်နိုင်ယင်၊ထိုင်ထိယှဉ်၊လေးအင်ရှုမှတ်စဉ်။
၁၄။ ထိုင်တယ်မှတ်ယင်၊ထိုင်ရှုပ်သွင်၊ထိုင်စဉ်ဉာဏ်သက်ဝင် ။
၁၅။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ် ဉာဏ်သက်ဝင်။
၁၆။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိ ရှေးနည်းပင်။
၁၇။ ဖြစ်စဉ်ပေါ်နှိုက်၊ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟောစဉ်။
၁၈။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်ဖိုလ်ဝင်။
၁၉။ ထိုင်စဉ်ရှုနည်း၊ မှုသေစည်း၊ သိမ်းဆည်း သူတော်စင်။

ကုရတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်

တရားတော်

၂၁။ ကုရတိုင်းသွင်သတိပဋ္ဌာန်ပွားစေချင် တရားတော်

(က) ရှေပန်းတောင်း ရှေသေတ္တာ ရှစ်လုံးဘဲ့ကဗျာ

၁။ တိုင်းကြီးကုရ - ဥဘုကောင်းရာ၊
ကိုယ်စိတ်ခန့်ကျန်း - ပွင့်လန်းပညာ၊
သတိပဋ္ဌာန်တရား - နာကြားသိမှာ၊
ရှင်တော်သိ - ဟောဘိသုတ်တော်ပါ။

၂။ ရှေပန်းတောင်းတွင်း - သည့်သွင်းပန်းစုံ၊
ရှေသေတ္တာတွင်း - သည့်သွင်းရတနာပုံ၊
ကုရုတိုင်းသား - ရှေနားကြည်ယုံ၊
မြတ်ဘုရား - ဟောကြားသတ်ထုံ။

(၁) အသက်ရှင်လျက် သေသူပမာ ရှစ်လုံးဘွဲ့ကဗျာ

သတိမပ္ပဒါး - အလကားသက်ရှင်၊
ဒီသက်ရှင်ရုပ် - စက်ဆုပ်ဖွယ်ပင်၊
သင်သက်ရှင်လဲ - သေပဲပုံသွင်၊
အပြစ်ပြ - ဆုံးမကဲ့ရဲ့ဘင်။

(၂) ဘုရားပွင့်တာ သင့်တွက်တာ ရှစ်လုံးဘွဲ့ကဗျာ

သတိပ္ပဒါးလျက် - အသက်ရှင်မူ၊
ကောင်းသောအသက် - ရှင်လျက်နေသူ၊
လူစစ်ဘဝ - ရောက်ရစင်ဖြူ၊
သင့်အတွက် - ပွင့်လျက် သဗ္ဗညူ။

(ဃ) ဗုဒ္ဓရက္ခိတ ဇာတ်လမ်းလင်္ကာ

ကုရုတိုင်းမှာ၊ လူသာမက၊ ကျေးငှက်ကပင်လျှင်၊ ပတိရူပ၊ မိတ်ကောင်းရရှိ၊ ဓမ္မပ္ပဒါးများ၊ ရှိခဲ့ပြား၏၊ မှတ်သားစရာ၊ ပြောပြ ပါအုံ၊ တခါတုန်းက၊ ကမ္မာသင်္ခ၊ က-ပြုရှိစား၊ ဇာတ်သမားသည်၊ ကျေးသားတကောင်၊ လှည့်လည်ဆောင်ရှာ၊ လူ့ဘောင်စကား၊ သင်ပေးထား၏၊ ဘုရားသမီး၊ ကျောင်းကိုမှီးကာ၊ တည်းခို

ထွက်သွား၊ ထိုကျေးသားကို၊ မေ့ထားခဲ့ပြီ၊ သာမဏေရိတ္တိ၊ ကောက်ချီမေ့စား၊ ထိုကျေးသားကို၊ ဘုရားစောင်မ၊နိမိတ်ပြလို့၊ ဗုဒ္ဓရက္ခိတ၊မည်ပေးကြ၏၊ ထေရ်မ,ကြီးက၊တနေ့ကျသော်၊ "ဗုဒ္ဓ ရက္ခိတ၊ ချစ်သားလှရယ်၊ ဓမ္မအစု၊ တခုခုကို၊ ပွားရှစိတ်တွင်း၊ နှလုံးသွင်းရဲ့လား"၊ ပွင့်လင်းမေ့ပြား၊ထိုကျေးသားက၊ "တရား တခု၊ ပွားမှုမရှိ"၊ ဖြေပြုသောခါ၊ ထေရ်ဆရာက၊ "ဗုဒ္ဓရက္ခိတ၊ သံဃဝိဟာ၊ နေသူမှာကား၊ ဓမ္မာလွတ်ထား "အလကားတော့၊ နေပြားမသင့်၊ တရားကျင့်မှ၊ နေခွင့်သင့်လျော်၊ အရတော်လိမ့်၊ မျှားသော်ကမ္မဋ္ဌာန်း၊ စီးဖြန့်ခြင်းငှာ၊ မစ္စမ်းသာလျှင်၊ သူငါမရှိ၊ အဋ္ဌအဋ္ဌ၊ရိုးစုရှိ၏၊စိတ်သိရှတ်ပွား၊ နှလုံးထားလော့ "တရားပေး ပြား၊ ထိုကျေးသားလဲ၊ တရားပွားလျက်၊တနံနက်တွင်၊တိုင်ထက် နားနေ၊ ဆောင်းသစ်နေကို၊ လှုံပေသောခါ၊ ဝမ်းစာရေးတွက်၊ စာရှာထွက်သည့်၊ သိန်းဌက်မြင်မှ၊ ခြေဖြင့်ယူတော့၊ သံဆူကိရိ၊ မျှားကြားသိလျှင်၊ လှန့်ဘိခဲပစ်၊ ငှက်ချလှစ်သော်၊ အားသင်ယူပြီ၊ သာမဏေရိတ္တိ၊ ထေရိမကြီး၊ ထံတော်နီးသို့၊ ပိုပြီးထား စည်၊ ဆရာရှင်က၊ "အသင်သားလှ၊ ဗုဒ္ဓရက္ခိတ၊ သိန်းကသင့်ချို၊ ဝေဟင်ဆီ၌၊ ကြံစည်စိတ်ထဲ၊ ဘယ်လိုလဲ"ဟု၊ လှိုက်လှဲမေးက၊ "တစုံတခု၊ စိုးရိမ်မှုဖြင့်၊ မပြုမိရိုး၊ စုတရိုးက၊ တရိုးစုအား၊ ချီယူသွား၏၊ ဘယ်နားကြဲမှ၊ ပစ်ချချေအုံ၊ ကြံနေမိပါ၊ "လျှောက်တင်ရှာသော်၊" သာဓု-သာဓု၊ ဤအမှုကား၊ ယခု သေလတ်၊ အနာဂတ်တွင်၊ ကင်းပြတ်ဘဝ၊ ပစ္စယတည့်၊ မိန့်ဟ သမှု၊ ကောင်းချီးပြုသည်၊ လူထုနှုန်းနှာ ယူစေသော်။

(သာဓု....သာဓု....သာဓုပါ ဘုရား)

(၈) နမူနာထား လူမျှားကျင့်စေလို

ကျေးဌက်လေးက - ဗုဒ္ဓအလို၊
အဌ ဌ ဌ ၎ ဌ ၎ ဌ
အဌ ဌ - စတသ္ဓိတဆု၊
ရန်သူဖမ်းကောက် - ရှုံ့ကြောက်မည်၊
ရိုးတခု - ရိုးစုချီ၏ကို။
နမူနာထား - လူမျှားကျင့်စေလို။ ။

(၉) သာသနာပြု နမူနာဆောင်ပုဒ်

၁။ ကုရုတိုင်းက၊ ကမ္မာသ၊ ဒမ္မနိဂုံးမှာ။
၂။ ဘုရားဟောပြ၊ သတိပဋ္ဌာန၊ သုတ္တမျှားလေ့လာ။
၃။ မိတ္တာကာဋ္ဌ၊ ကြည်ညိုပြီ၊ ထေရိပြုသည်သာ။
၄။ အကျင့်မပါ၊ ဟောပြောကာ၊ လာဘ်ရှာမေ့မှားကြာ။
၅။ ခုနစ်နှစ်ကျော်၊ သံဃပေါ်၊ တွေးခေါ်ကျင့်ဖိုရာ။
၆။ တောအရပ်နား၊ ကျင့်တရား၊ ဖြစ်ခြားရဟန္တာ။
၇။ သာသနာပြု၊ စံထားရှု၊ ယခု ကြိုးစားကြစို့ပါ။

(၁၀) ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင်

ကမ္ဘာလူထု - ကုရုပြည်သွင်၊
သတိတရား - ရှုပွားစေချင်၊
သတိမစ္ဆဲ - သေမြဲသေပင်၊
သတိလမ်း၊ ငြိမ်းချမ်းနိဗ္ဗာန်ဝင်။



၂၂။ စိတ်ညစ်ကင်းရန် သတိပဋ္ဌာန် တရားတော်

၁။ နှိမ်နိုင်ခဲစ့ဝ၊ လျင်မြန်လှ၊ သူကျလိုရာ ကျတတ်သည်။

၂။ ဝိညာဏသွမ်း၊ စိတ်သရမ်း၊ စောင့်ဖမ်းဆုံးမ ကောင်းလှသည်။

၃။ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာ၊ ချမ်းသာ ဆောင်ပေးတတ်ပါသည်။

(က) စိတ်၏လက္ခဏာ စသည်ကိုသိပုံ

၁။ အာရုံသိဘော - သဘောရှိသည်၊
ခေါင်းဆောင်အလား - ရှေ့သွားတတ်သည်၊
ရှေစိတ်နှင့်စပ် - ထင်လပ်ဖြစ်သည်၊
စိတ်တရား-မှတ်သားမြတ်ယောဂီ။

(ခ) အပြင် မှားနေပုံ

ရူပ်ကိုသာပြင်၊ နာမ်မပြင်၊ နာမ်သွင်မလှ ရူပ်မလှ။
လောရှစ် ဒေါနှစ်၊ မောလည်းနှစ်၊ဆယ့်နှစ်အကုသိုလ်။

(ဂ) ကိလေသာ ၁၀-ပါး

၁။ တပ်မက်လိုချင်တာက လောဘ။
၂။ စိတ်ဆိုးပြစ်မှားတာက ဒေါသ။
၃။ အမှန်မသိ အမှားသိတာ တွေ့ဝေတာက မောဟ။
၄။ အထင်ကြီးတာ ထောင်လွှားတာက မာန။
၅။ အယူမှားတာက ဒိဋ္ဌိ။
၆။ ရတနာသုံးပါး၊ ကံ ကံ၏အကျိုးတရားအပေါ်မှာ ယုံမှားတာက ဝိစိကိစ္ဆာ။
၇။ ထိုင်းမှိုင်းပျင်းရိတာက ထိန။
၈။ ပျံ့လွင့်တာက ဥဒ္ဓစ္စ။
၉။ အကုသိုလ်ဒုစရိုက်ပြုရမှာ မရှက်တာက အဟိရိက။
၁၀။ အကုသိုလ်ဒုစရိုက်ပြုရမှာ မကြောက်တာက အနောတ္တပ္ပ။

(ဃ) တစ်ထောင့်ငါးရာ ကိလေသာ မြောက်ပွားပုံ

၁။ နာမ်တေပညံ၊ ရုပ်နိဗ္ဗန်၊ လက္ခဏာရုပ်လေး။
၂။ သုဒ္ဓာန်နှစ်ဝ၊ မြောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး။
၃။ ဆယ်ကိလေသာ၊ မြောက်ဆင့်ကာ၊ ငါးရာ
တစ်ထောင်တွေး။

(အခြေပြုသင်္ဂြိုဟ်)

(c) ကိလေသာသုံးမျိုးကို သိကွာသုံးပါးနှင့်ပယ်ပုံ

လွန်ကျူးကိလေသ - သီလနှင့်ပယ်၊
ထကြွလေဘီ - သမာဓိနှင့်ပယ်၊
ကိန်းဝပ်စ့ဲပြီ - ရှုသိဉာဏ်နှင့်ပယ်၊
ဤသုံးပါး - ဘုရားဟောခဲ့တယ်။

(စ) ရဟန်းချင်းချင်း ဩဝါဒ

၁။ ယောဂီတို့မှာ၊ မေ့ခြင်းငှာ၊ ဘယ်ခါမသင့်ပြီ။
၂။ ကိုယ့်ကျောင်း(အိမ်)လိုပဲ၊ ရှစ်ဝရဲ၊ ပွင့်မြဲ တံခါးတည်။
၃။ မြတ်ဘုရားထံ၊ တရားမှန်၊ ကျင့်ရန်တောင်းခဲ့သည်။
၄။ ဗုဒ္ဓတို့သည်၊ ကောက်ကျစ်လည်ချ၊ ခရီးရှည်ထွက်၊ တပည့်ပျက်
နှစ်သက်လိုခြင်း ကင်းလိမ့်မည်။
၅။ ကောက်ကျစ်ဇယ်ရှား၊ ဖြောင့်စင်းထား၍၊ တရားကျင့်လျှင်၊
ဘုရားရှင်၊ ကြည်လင် နှစ်သက်တော်မူသည်။
၆။ မမေ့ရအောင်၊ သတိဆောင်၊ အမှောင်ပယ်ကြမည်။
၇။ အဖော်မခင်၊ ကျောင်းခန်းဝင်၊ တွင်တွင် အားထုတ် သင့်
အလုပ်။

၇။ မထေရ်ကြီးထံ၊ ဆုံးမခံနှင့်၊ ဆွမ်းခံချိန်ပဲ၊ အတူတွဲမည်။
၉။ မကျန်းမမာ၊ ဖြစ်သောခါ၊ ခေါက်ပါ ကျောင်းစည် လာ ပြုမည်။

(ဆ) ငရဲကြီးရှစ်ထပ် သရုပ်

သိဒ္ဓိစ်း, ကာဠ, သံဃာတနှင့်၊ ရောရုဝပါ၊ မဟာရောရုဝ၊ တာပနဟု၊ မဟာတာပနရှိ၊ အဝီစိ၊ မှတ်သိ ငရဲရှစ်ဖြာ။

(ဇ) သိဒ္ဓိစ်းငရဲ ခံရပုံ

ငရဲထိန်းများက၊ ခုတ်ဖြတ်ကြလဲ၊ ဇီဝသက်ရှင်၊ ဖန်ဖန်ပင်၊ ခေါ်တွင် သိဒ္ဓိစ်း ငရဲမျိုး။

(စျ) ကာဠသုတ်ငရဲ ခံရပုံ

ငရဲထိန်းထိုထို၊ သားကောင်ကိုခွေး၊ လိုက်သလို ပြေးလိုက်၊ သတ္တဝါမိုက်ကား၊ မောဟိုက်လဲလေ၊ ငရဲထိန်းတွေက၊ သစ်ရွှေ ပုံတိုင်း၊မျဉ်းကြိုးတိုင်း၍၊ခုတ်ပိုင်းလှီးဖြတ်၊ကြိမ်ကြိမ်သတ်လည်း၊ သတ်ဖြတ်မသေ၊ ဖန်ဖန်တော၊ ခေါ်လေသမှတ် ကာဠသုတ်။

(ည) သံဃာတငရဲခံရပုံ

မီးလျှံမြေ၊ခါးမြုပ်စေ၍၊ကြိတ်ချေသံတောင်၊ဆင်းရဲထောင်၊ မှတ်ဆောင်သံဃာတ။

(ဋ) ရောရုဝငရဲ ခံရပုံ

ငရဲသတ္တဝါ၊ ကိုးဒ္ဓါရာက၊ မီးဖြာဖြာဝင်ထွက်၊ မြဲနှိပ်စက်၊ မှတ်ချက် ရောရုဝ။

(၄) မဟာရောရ၀ငရဲ ခံရပုံ

တငရဲလုံး၊ မီးခိုးဖုံး၍၊ မဆုံးတွင်းပြင်၊ အတင်း ဝင်လျက်၊ တွင်တွင်ဆင်းရဲ၊ ငိုမစဲ၊ ငရဲမဟာရောရ၀။

(၃) တာပနငရဲ ခံရပုံ

မီးသံတံကျင်၊ ထိုးစိုက်ဝင်လျက်၊ နာကျင်ပူလောင်၊ဆင်းရဲ ထောင်၊ မှတ်ဆောင် တာပန။

(၂) မဟာတာပနငရဲ ခံရပုံ

ဒီငရဲကျနေ၊ သတ္တ၀ါတွေကို၊ တောင်ခြေမီးလျှံ၊ စိုက်ထောင် သံချွန်၊ တောင်ယံတက်ခိုင်း၊ တောင်ထိပ်ပိုင်းရောက်၊ မုန်တိုင်း တိုက်ချ၊ လောင်စူးရှ၊ ခံရ မဟာတာပန။

(၈) အဝီစိငရဲ ခံရပုံ

မီးလျှံသတ္တ၀ါ၊ ဆင်းရဲတာကို၊ မျှားစွာကျပ်ပိ၊ ကြားမရှိပဲ၊ ခံရမြဲ မှတ်စွဲအဝီစိ။

(၅) အရုံငရဲ

ငရဲကြီးရှစ်ထပ်၊ ခြုံရုံအပ်သည့်၊ ငါးရပ် ငရဲငယ်၊ ချင်းချင်း သွယ်ဆက်၊ ဘင်ပြာလက်၊ သန်လျက် ကြိမ်ပိုက်ချောင်း။

၂၃။ မဟာသဠာယတနိကသုတ္တန် ဝိပဿနာတရားတော်ကြီး

ပထမပိုင်း

(က) အမြင်မှား၍ သံသာရာလည်ပုံ

၁။ မျက်စိအဆင်း၊ မြင်တွေ့ခြင်းနှင့်၊ သုံးသင်းခံစား၊ တရား မျှားခ၊ အမှားသိမြင်၊ တဏှာဝင်၊ လိုချင်သာယာစွဲသတည်း။

၂။ သာယာယှဉ်တွယ်၊ တွေ့ဝေဖွယ်ခ၊ ခင်ဖွယ်ဖန်ခါ၊ ရှုနေ ပါသော်၊ နောင်ခါစွဲမှား၊ ခန္ဓာငါးတို့၊ တိုးပွားလာခို၊ တဏှာပို၊ ကိုယ်စိတ်ပူလောင် ကျမ်းသတည်း။

၃။ သောတစသည်၊ ကျန်ငါးလီ၊ တူပြီ ၎င်းနည်း။

(ခ) ပကတိလူတို့အား မြင်ဆဲခ ဖြစ်ရိုးဖြစ်စဉ်

၁။ ထင်ဆဲဆင်းခဝတ် - မြင်လတ်စစ္ဓာ၊
မြင်ပြီးတရား - စဉ်းစားပြန်ရာ၊
သဏ္ဌာန်ခြုပ် - ပညာတ်ပေါ်ကာ၊
မည်နာမ - သိဂုနောက်ဆုံးမှာ။
(အမည်ပညတ် ပေါ်လတ်ပြီးခါ၊
အ'နက်ခြုပ် သိလတ်နောက်ဆုံးမှာ။)

၂။ ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။

၃။ စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ။

၄။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။

၅။ ဆင်ခြင်ပြီးခါ၊ဇောတဒါ၊ကြံရာစိတ်ဖြစ်ပုံ။

၆။ ကြားနံစားထိ၊ မြင်တူ၏၊ မှတ်သိ စိတ်ဖြစ်ပုံ။

၇။ အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာ လိမ်နှိုး၊ ရည်မျှော်ကိုးလျက်၊သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ဝိညာဏ် တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ် အာယတန၊ ဖဿ ခြောက်ဖြာ၊ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ဥပါဒါန် နှင့်၊ဖြစ်ရန်အကြောင်း၊ကံဆင့်လောင်း၍၊ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြေး ကိုယ်နှမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ ဘဝဆင်းရဲစုသာ တည်း။

(ဂ) အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးပေါ်ပုံ

၈။ အမှန်မသွား - အမှားသိမြင်၊
အဝိဇ္ဇာဖုံး ၊ ကောင်းလုံးမှတ်ထင်၊
စိတ်ကိုယ်နှုတ်မှု - ကြံပြုပြောလျှင်၊
ဝိညာဏ်စပ် - နောက်ထပ်သန္ဓေရှင်။

(သ) ပစ္စုပ္ပန်အကျိုး ပေါ်ပုံ

၉။ ဝိညာဏ်မျိုးစေ့ ရေ့ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ - ပူးတွဲပါဝင်၊
အာယတန - ဖဿပေါ်ထင်၊
ကောင်းဆိုးများ - ခံစားမိရိုးပင်။

(c) ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးပေါ်ပုံ

၁၀။ ခံစားမှုတက် - တပ်မက်ခင်မင်၊
မည်သို့ပြုငြား - ကောင်းစားမည်ထင်၊
ဝင်စားစွဲလန်း - ရော်ရမ်းပြုလျှင်၊
နောင်ဘဝ - ဖြစ်ရဇာတိပင်။

(စ) အနာဂတ်အကျိုးငါးပါး ပေါ်ပုံ

၁၁။ ဘဝဇာတိ - သူရှိပြန်လျှင်၊
အိုသေပူဆွေး - ငိုကြွေးထို့ပြင်၊
ကိုယ်စိတ်ဆင်းရဲ - ထန်သဲပူပင်၊
သို့ဖြစ်ရ - လုံးဝဆင်းရဲပင်၊

(၁-မှ ၁၁) အထိ ဆောင်ပုဒ်များသည် မဟာစည် ဆောင်ပုဒ်များ ဖြစ်ပါသည်)

ဥပရိပဏ္ဏာသ မဟာသဋ္ဌာယတနိကသုတ်
ဝိပဿနာ တရားတော်ကြီး

ဒုတိယပိုင်း

(ဆ) အမြင်မှန်၍ သံသာရပြတ်ပုံ

၄။ မျက်စိအဆင်း၊ မြင်တွေ့ခြင်းနှင့်၊ သုံးသင်းခံစား၊ တရား မျှားခ၍၊ မှန်သွားသိမြင်၊ တဏှာစင်၊ လိုချင်သာယာ လွတ်သတည်း။

၅။ မသာယာပဲ၊ မယှဉ်တွဲ၍၊ ကွာရှဲတွေဝေ၊ အပြစ်တွေဟု ရှုနေဖန်ခါ၊ နောင်မှာစွဲမှား၊ ခန္ဓာငါးတို့၊ ပျက်ပြားထင်လင်း၊ တဏှာကင်း၊ နှစ်သင်းကိုယ်စိတ် ချမ်းသာတည်း။

(ဇ) ဝိပဿနာယောဂီတို့အား မြင်ဆဲ၌ ဖြစ်ရိုးဖြစ်စဉ်

(က) မြင်မြင်လျှင်မြင်ခြင်း - လက်ငင်းမှတ်လျှင်၊
မြင်ရုံတွင်ပဲ - ရပ်စဲစိတ်စဉ်၊
ရူပ်နာမ်ကွဲလျက် - ဖြစ်ပျက်သိမြင်၊
အနိစ္စ - ဒုက္ခ သဘောထင်။

(စျ) မြင်ဆဲ၌ ရုပ်နာမ် ဒုက္ခသစ္စာကဲ့ပုံ

(၁) မျက်စိမြင်ရ ရုပ်ကနှစ်ဖြာ၊
မြင်တွေ့ခံစား နာမ်ကားသုံးဖြာ၊
မြင်စဉ်တွေ့ရ ဒုက္ခသစ္စာ၊
မြင်တယ်ဟု မှတ်ရှုသိရပါ။
(ကြားဆဲစသည်တို့၌လည်း နည်းတူပင်သိပါ)

(ည) မျက်စိကို သိပုံ

(၈) အဆင်းထင်ကြောင်း ကောင်းကောင်းကြည်သည်၊
အဆင်းဆီသို့ ဆောင်ပို့ပေးသည်၊
သူ့ကိုမှီပြု မြင်မှုဖြစ်သည်၊
မျက်စိ၌ သိထိုက်ကျိသုံးမည်။

(ဌ) အဆင်းကို သိပုံ

(ဃ) မျက်စိထဲ၌ တိုက်ခိုက်ပေါ်သည်၊
မြင်သိခံရ ကိုစွဲရှိသည်၊
မြင်မှုရောက်သွား ကျက်စားရာမည်၊
အဆင်း၌ သိထိုက်ကျိသုံးမည်။

(ဍ) မြင်သိကို သိပုံ

(c) မျက်စိမှီယင်း အဆင်းမြင်သည်၊
အဆင်းကိုမျှ သူကသိသည်၊
အဆင်းဆီ ရှေးရှု သူပြုနေသည်၊
မြင်သိ၌ သိထိုက်ကျိသုံးမည်။

(၃) မြင်တွေ့ကို သိပုံ

(၈) စိတ်နှင့်အဆင်း ထင်လင်းတွေ့သည်၊
စိတ်ကိုအဆင်းဌ် ထိခိုက်စေသည်၊
မျက်စိအဆင်း မြင်ခြင်းစုံညီ၊
မြင်တွေ့ဌ် သိထိုက်ဤသုံးမည်။

(၄) ကာယိကသုခကို သိပုံ

(၈) အတွေ့ကောင်းမျှား ခံစားတတ်သည်၊
စိတ်အဖော်မျှား ရှင်ပွားစေသည်၊
ကိုယ်ထဲကောင်းလျက် နှစ်သက်ဖွယ်မည်၊
ကာယိကသုခ ထင်ရှားသည်။

(၈) ကာယိကဒုက္ခကို သိပုံ

(၉) အတွေ့ဆိုးမျှား ခံစားတတ်သည်၊
စိတ်အားကုန်ခန်း ညှိုးနွမ်းစေသည်၊
ကိုယ်ထဲနှိပ်စက် ခံခက်ထင်သည်၊
ကာယိကဒုက္ခ ထင်ရှားသည်။

(၀) စေတသိကသုခခေါ် သောမနဿကိုသိပုံ

(၈၂) အာရုံကောင်းမျှား ခံစားတတ်သည်၊
အကောင်းကိုပဲ သုံးစဲ့တတ်သည် (အဌကထာ)၊
စိတ်အဖော်မျှား ရှင်ပွားစေသည် (ဋီကာ)၊
စိတ်ထဲကောင်းလျက် နှစ်သက်ဖွယ်မည်၊
စိတ်ထဲမှ သုခထင်ရှားသည်။

(ထ) စေတသိကဒုက္ခခေါ် ဒေါမနဿကို သိပုံ

(ည) အာရုံဆိုးများ ခံစားတတ်သည်၊
အဆိုးကိုပဲ သုံးစဲ့တတ်သည် (အဌကထာ)၊
စိတ်အားကုန်ခန်း ညှိုးနွမ်းစေသည် (ဋီကာ)
စိတ်ထဲနှိပ်စက် ခံခက်ထင်သည်၊
စိတ်ထဲမှ ဒုက္ခထင်ရှားသည်။

(ဒ) ဥပေက္ခာကို သိပုံ

(ဌ) အလယ်လတ်များ ခံစားတတ်သည်၊
စိတ်ညှိုးရှင်ပြ ကင်းပစေသည်၊
ကောင်းဆိုးမဖက် ငြိမ်သက်စေသည်၊
ဥပေက္ခာတ် သိမှတ် မြတ်ယောဂီ။

(က မှ ဌ အထိ ဆောင်ပုဒ်များသည် မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ ဖြစ်ပါသည်)။

ဥပရိပဏ္ဏာသ မဟာသင်္ဃာယတနိကသုတ် ဒီပသီနာ တရားတော်ကြီး

တတိယပိုင်း

(၀) ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်ပုံ

၆။ ထိုမှန် ချမ်းသာ၊ ရှိသူမှာကား၊ အဌာမဂ္ဂင်၊ လေးအင်သတိပဋ္ဌာန်၊လေးတန်သမ္မပဓာ၊ လေးဖြာဣဒ္ဓိပါဒ်၊ ငါးရပ်ဣန္ဒြေ၊ ငါးထေ့ဗလ၊ သတ္တမဗောဇ္ဈင်၊ ပြည့်စုံလင်၍၊ နှစ်သွင်ဖြူစ၊ သမထဝိပဿနာ၊ ယုဂါနဒ္ဓ၊ဖြစ်ရဖြိုးကြွယ်၊ သိ-ပယ်-ပွား-ဆိုက်၊ လေးပါးမြိုက်၊ ကြုံကြိုက်နိဗ္ဗာန်၊ အောင်ပန်းတည်း။

၇။ သောတစသည်၊ ကျန်ငါးလီ၊ တူပြီ ၎င်းနည်း။

(နှ) မဂ္ဂင်ရှစ်တန် လမ်းမှန်၏ သရုပ်

(က) မှန်စွာမြင်သိ ကြံမိမှန်ကန် (ပညာ့ခွဲကွာ ၂-ပါး)
မှန်စွာပြောပြ ရှာမှီလမ်းမှန် (သီလကွန့် မဂ္ဂင် ၃-ပါး)
မှန်စွာကြောင့်ကြ မှတ်ရ မှန်ကန် (သမာဓိကွန့ွာ ၃-ပါး)
စူးစိုက်ကပ် ရှစ်ရပ်မင်္ဂလမ်းမှန်။

(ပ) သတိပဋ္ဌာန်လေးပါး ဖြစ်ပုံ

(ခ) ၁။ ထင်ရှားပေါ်ပေါက်လာတဲ့ ရူပ်အမှုအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့်ကြ စိုက်ရမည်၊ မပြတ် မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလိုသိလျှင် သိတိုင်း သိတိုင်း ကိုလေသာ ငြိမ်းတော့သည်၊ ရူပ်အမှုအရာတိုင်းမှာ ကိုလေသာ ငြိမ်းအောင် ဒီလို သိမှတ်နေတာကို ကာယာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

၂။ ထင်ရှားပေါ်လာတဲ့ ခံစားမှုဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့်ကြ စိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလို သိလျှင် သိတိုင်း သိတိုင်း ကိုလေသာ ငြိမ်းလေတော့သည်၊ ခံစားမှုတိုင်းမှာ ကိုလေသာငြိမ်းအောင် ဒီလို သိမှတ်နေတာကို ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

၃။ ထင်ရှားပေါ်လာတဲ့ စိတ်ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့်ကြ စိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလို သိလျှင် သိတိုင်း သိတိုင်း ကိုလေသာ ငြိမ်းလေတော့သည်၊ စိတ်အမှုအရာတိုင်းမှာ ကိုလေသာငြိမ်းအောင် ဒီလို သိမှတ်နေတာကို စိတ္တာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

၄။ ထင်ရှားပေါ်လာတဲ့ သဘောတရား ဟူသမျှကို အမှန်အတိုင်းရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိုလေသာငြိမ်းတော့သည်၊ သဘောတရားတိုင်းမှာ ကိုလေသာ ငြိမ်းအောင် ဒီလို သိမှတ်နေတာကို ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

(ကျေးဇူးတော်ရှင် **မဟာစည်ဆရာတော်ဘုရားကြီး၏ အသံလွှင့် သတိပဋ္ဌာန်တရားတော်ကြီးမှ**)

(ဖ) သမ္မပဓာန် ၄-ပါး

(ဂ) ၁။ မိမိသန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း။

၂။ မိမိသန္တာန်၌ ရှေ့သို့ဖြစ်လတ္တံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၃။ မိမိသန္တာန်၌ မဖြစ်ဖူးသေးကုန်သော ကုသိုလ်တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၄။ မိမိသန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို နိယျာနအဖြစ်သို့ ရောက်စေရန် လွန်စွာကြိုးပမ်းစေခြင်းငှာ အားထုတ်ခြင်း၊ ဤလေးပါးကို သမ္မပဓာန်လေးပါးပေ ခေါ်သည် (လယ်တီ ဗောဓိ ပဏ္ဍိယဒီပနီ ၂၀၁)။

(၇) ဣဒ္ဓိပါဒ် ၄-ပါး

(ဃ) ဆန္ဒိဒ္ဓိပါဒ်၊ ဝိရိယိဒ္ဓိပါဒ်၊ စိတ္တဒ္ဓိပါဒ်၊ ဝိမံသိဒ္ဓိပါဒ်၊ ဤလေးပါးကို၊ ဣဒ္ဓိပါဒ်လေးပါးဟု ခေါ်သည်၊ ဣဒ္ဓိပါဒ်ဟူသည် ပြီးစီးပြည့်စုံခြင်းကို ခေါ်သည်။

(ယင်းဒီပနီမှပင်)

(၈) ဣန္ဒြေ ၅-ပါး

(c) သဒ္ဓိန္ဒြေ၊ဝိရိယိန္ဒြေ၊သတိန္ဒြေ၊မသာဓိန္ဒြေ၊ပညိန္ဒြေ၊ ဤငါးပါးကို၊ ဣန္ဒြေငါးပါးဟု ခေါ်သည်၊ ဣန္ဒြေဟူသည် အစိုးရမှုကိုခေါ်သည်။

(ယင်းဒီပနီမှပင်)

(၉) ဗိုလ် ၅-ပါး

(စ) သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ဤငါးပါးကို ဗိုလ်ငါးပါးဟုခေါ်သည်။ ဗိုလ်ဟူသည် ဆန့်ကျင်ဘက်တရားတို့ကို အားတိုက်ဖိစီးတတ်ခြင်း၊ ဆန့်ကျင်ဘက် ရန်သူတို့နှင့် တွေ့လျှင် မတုန်လှုပ်ခြင်းတို့ကို ခေါ်သည်။

(ယင်းဒီပနီမှပင်)

(၁၀) ဗောဇ္ဈင် ၇-ပါး

(ဆ) သတိသမ္ဗောဇ္ဈင်၊ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ဝိရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင်၊ပဿာဒ္ဓိသမ္ဗောဇ္ဈင်၊သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဤ ၇-ပါးကို ဗောဇ္ဈင် ၇-ပါးဟု

ခေါ်သည်၊ ဗောဇ္ဈင်ဟူသည် သစ္စာလေးပါးကို သိသူ၏ အကြောင်းအင်္ဂါ၊ သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကို ခေါ်သည်။

(ရ) သမထနှင့် ဝိပဿနာ

(ဇ) ၁။ 'စူးစိုက်သမှု၊ ကပ်ရှု၊ ဈာန်ဟု ခေါ်ဝေါ်သည်။
၂။ သမထဈာန်၊ဝိပဿနာဈာန်၊ နှစ်တန်ကွဲပြားသည်၊
၃။ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်၊
၄။ လက္ခဏာသုံးရပ်၊ရှုသိမှတ်၊ဝိပဿနာ ခေါ်သည်။

(လ) သစ္စာ ၄-ပါး

(စျ) ၁။ ဒုက္ခသစ္စာ - ဆင်းရဲအစစ်အမှန်၊
၂။ သမုဒယသစ္စာ - ဆင်းရဲကြောင်း အစစ်အမှန်၊
၃။ နိရောဓသစ္စာ - ဆင်းရဲချုပ်ရာ အစစ်အမှန်၊
၄။ မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာ ဆိုက်ရောက်ကြောင်း အစစ်အမှန်။

(ဝ) သစ္စာလေးပါးကို တပြိုင်နက်သိပုံ

(ည) ၁။ ဒုက္ခမြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး၊ (ဝိပဿနာခဏ)
၂။ နိဗ္ဗာန်မြင်ကာ၊ကြွင်းသစ္စာ၊မှန်စွာသိမှုပြီး(မဂ်ခဏ)

မှတ်ချက်။ (ဆ မှ ည အထိ ဆောင်ပုဒ် မျှားသည် မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်မျှားမှ ဖြစ်ပါသည်။)

၂၄။ ရတနာခြေလှမ်းနှင့် မြတ်ချမ်းသာ တရားတော်ကြီး

(က) သုသာန်စောင့် နတ်မင်းက တိုက်တွန်းခြင်း

၁။ ဘုရားဖူးရန်၊ စိတ်ရည်သန်၊ အမှန်ထွက်ခဲ့သည်။
၂။ ခြေတလှမ်းမှာ၊ ဆယ့်ခြောက်ဖြာ၊ ပုံကာခဲ့ရမည်။
၃။ ဆယ့်ခြောက်ပုံမျိုး၊ တပုံကျိုး၊ တန်ဖိုးကြီးလှသည်။
၄။ ဆင်မြင်းရထား၊ ကညာများ၊ မှတ်သားတော်သိန်းစီ။
၅။ အားလုံးတန်ဖိုး၊ တပုံကျိုး၊ တန်ဖိုးလိုက်မမှီ။
၆။ အိုသင်္ဃေးကြီး၊ ရှေ့သို့မှီး၊ အပြီးချီတက် ဆက်ရမည်။
၇။ ရှေတက်လျှင်မြတ်၊ နောက်ဆုတ်လတ်၊မမြတ်မှန်ပေသည်။

(ခ) အနာထပိဏ်သင်္ဃေး၏ မေးလျှောက်ချက်

၁။ ဘဒ္ဒေ ဘဂဝါ၊ အိုမြတ်စွာ၊ ကျိန်းရာအသို့နည်း ဘုရား။
၂။ ဆင်းရဲမဖက်၊ ချမ်းသာလျက်၊ကျိန်းစက်နိုင်ရဲလားဘုရား

(ဂ) ဗုဒ္ဓမိန့်ခွန်း ချမ်းသာညွှန်း

၁။ မကောင်းမှုတိမ်း၊ ကိလေဒြိမ်း၊ မလိမ်းကာမမြှုကင်းစင်။
၂။ ဥပဓိစင်၊ အေးငြိမ်းဝင်၊ မြတ်ရှင်ထိုသည့်သူဆိုယင်။
၃။ ခပ်သိမ်းအခါ၊မြဲချမ်းသာ၊မှန်စွာနေရ ကြည်ကြည်လင်။

၄။ တဏှာကုန်ကင်း၊ အပူရှင်း၊ ငြိမ်းခြင်းရောက်သော သူဆိုယင်။

၅။ ခပ်သိမ်းအခါ၊မြဲချမ်းသာ၊မှန်စွာနေရ ကြည်ကြည်လင်။

(ဃ) ပိတိငါးမျိုး

၁။ ဖျဉ်းကနဲကြွ၊ကြက်သီးထ၍၊ရင်မှလှိုက်ဖို၊မျက်ရည်ယိုမျှ၊ စိမ့်စိုငြိမ့်ငြိမ့်၊တအိမ့်အိမ့်၊ နှစ်သိမ့်ငယ်စွ ခုဒ္ဓိကာ။

၂။ ကြက်သီးထခြင်း ၊တဖျဉ်းဖျဉ်းနဲ့၊ လျှပ်လင်းတမျှ၊ ခဏခဏ၊ အားရမရှိ၊ နှစ်သိမ့်ဘိ၊ ခေါ်၏ ခဏိကာ။

၃။ ကိုယ်လုံးခြုံမျှ၊ လှိုင်းလုံးကြွသို့၊ အားရငြိမ့်ငြိမ့်၊ တစိမ့်စိမ့်၊ နှစ်သိမ့် သြက္ကန္တိကာ။

၄။ ကိုယ်အင်္ဂါမျှား၊မြောက်တက်သွားအောင်၊အားရစိမ့်စိမ့်၊ တငြိမ့်ငြိမ့်၊ နှစ်သိမ့် ဥဗ္ဗေဂါ။

၅။ ဆီထိုးမ်းလို၊ ရှမ်းရှမ်းစိုမျှ၊ တကိုယ်လုံးစိမ့်၊ တငြိမ့်ငြိမ့်၊ နှစ်သိမ့် ဖရဏာ။

(c) နှလုံးသွေး အရောင်ပြောင်းခြင်း

၁။ နိမ္မိန်းရာဂ၊ ဒေါသမည်းငြား၊ သားဆေးရေ မောဟာ၊ တက္ကပဲပြုတ်ရည်၊ ဝါရှေသဒ္ဓါ၊ ပညာပြိုးပြက်၊ ဇော တမြက်သို့၊ ထိန်လက် အရောင် လျှမ်းသတည်း။



၂၅။ ဗုဒ္ဓဓမ္မကြားနာရသော်တရားတော်

၁။ တပါးအခါ၊ မြတ်ဗုဒ္ဓါ၊ ဝေသာလီမြို့ မင်းနေပြည်။

၂။ မဟာဝုန်တောရပ်၊ကျောင်းပြာသာဒ်၊မှီကပ် စံပယ်သည်။

၃။ ထိုခါတပါး၊ ဤသို့မျှား၊ ထူးခြား ဖြစ်ခဲ့သည်။

၄။ ပိုဏ်ယာနီ၊ ဗုဒ္ဓဆီ၊ ခိုမှီ ပြန်ခဲ့သည်။

၅။ ကာရဏပါလီ၊ တွေ့မေးပြီ၊ ဗုဒ္ဓိ ဘယ်သို့ ပညာရည်။

၆။ ပိုဏ်ယာနီ၊ ပြောပြသည်၊ မမီ မြတ်ဉာဏ်ရည်။

၇။ ဗုဒ္ဓဉာဏ်ကို၊ ဗုဒ္ဓလို၊ ပုဂ္ဂိုလ်မှသာ သိနိုင်သည်။

၈။ ဘယ်ကျိုးကိုမြင်၊ ဤသို့လျှင်၊ အသင် ချီးမွမ်းသည်။

၉။ ဘုရားဂုဏ်ကို၊ ငါသည်လို၊ ကြည်ညို မြင်ရသည်။

၁၀။ အရသာကောင်းမျှား၊ဝသူအား၊တခြားအစာ မစားပြီ။

၁၁။ ဗုဒ္ဓတရား၊ နာသူမျှား၊ တခြားတရား မလိုပြီ။

၁၂။ ဆာလောင် ယောကျ်ား၊ ပျားမုန့်အား၊ ဘယ်နှား
လျက်လျက် ချီမြဲသည်။

၁၃။ ဗုဒ္ဓဓမ္မ၊ ကြားနာရ၊ ဘယ်မျှနာနာ စိတ်ကြည်သည်။

၁၄။ စန္ဒကူးအား၊ ရင်း-လယ်-ဖျား၊ ဘယ်နားနမ်းနမ်း၊ မွှေး ကြ။သည်။

၁၅။ ဘုရားဟောယုံ၊ တရားစုံ၊ ဘယ်ပုံနာရ ရှင်ပျသည်။

၁၆။ သမားကောင်းဟာ၊ များလူနာ၊ ရောဂါမြန်မြန် ပျောက်စေသည်။

၁၇။ သမားဗုဒ္ဓ၊ နာသတ္တာ၊ ဒုက္ခချက်ချင်း၊ ပျောက်စေသည်။

၁၈။ ရေလိုသူဟာ၊အိုင်သာယာ၊ဆင်းလာသုံးကအေးမြသည်။

၁၉။ တရားအိုင်မှာ၊သုံးသူဟာ၊ပူတာအားလုံး အေးစေသည်။

၂၀။ ကာရဏပါလီ၊ ကြားနာပြီ၊ ဦးချိဘုရား မြတ်စွာဆီ။

၂၁။ နမော တဿ၊ သုံးကြိမ်မျှ၊ နှုတ်ဟ ရှိခိုးသည်။

၂၂။ သရဏာဂုံ၊ ပန်းသုံးစုံ၊ ကြည်ယုံ ဆည်းကပ်သည်။

(အံ ၂၊ ၂၀၆-၂၀၇-၂၀၈၊ အတွဲ ၁၇၊ အမှတ် ၃၂ ဗုဒ္ဓဓမ္မ)

၂၆။ ဗုဒ္ဓဝမ္မသြဝါဒ လောကအမြတ်ဆုံး တရားတော်

၁။ အမြစ်နံ့သာ၊ အားလုံးမှာ၊ ကောင်းတာ မြတ်ဆုံး၊ ကရမက်တုံး။

၂။ အနှစ်နံ့သာ၊ အားလုံးမှာ၊ ကောင်းတာ မြတ်ဆုံး၊ စန္ဒကူးတုံး။

၃။ အပွင့်နံ့သာ၊ အားလုံးမှာ၊ ကောင်းတာ မြတ်ဆုံး၊ မြတ်လေးကုံး။

၄။ ဗုဒ္ဓဝမ္မ၊ သြဝါဒ၊ လောကမြတ်ဆုံး၊ စွဲမှတ်သုံး။

၅။ တရားကရမက်၊ လိမ်းကျံလျက်၊ နံ့သက် ကိုလေ ပျောက်ပါစေ။

၆။ တရားစန္ဒကူး၊ လိမ်းကျံလူး၊ ညစ်ညူးကိုလေ ပျောက်ပါစေ။

၇။ တရားမြတ်လေး၊ပန်ဆင်မှေး၊ညစ်ကြေးကိုလေ ပျောက်ပါစေ။

(မ-၃၊ ၅၂) (အတွဲ ၁၇၊ အမှတ် ၂၇၊ ဗုဒ္ဓဝမ္မလောကမှ)

၂၇။ နှစ်သက် ဝမ်းသာ မြတ်ခုမ်းသာ

၁။ ကောင်းမှုရှင်ဟာ၊ မျက်မှောက်မှာ၊ ဝမ်းသာနှစ်သက်ရပါသည်။

၂။ ကောင်းမှုရှင်ဟာ၊ တမလွန်မှာ၊ ဝမ်းသာ နှစ်သက်ရပါသည်။

၃။ ပစ္စုပ်တမလွန်၊ ဖြစ်နှစ်တန်၊ အမှန် ဝမ်းသာ နှစ်သက်ရပါသည်။

၄။ ငါသည် ကောင်းမှု၊ ပြုရဟု၊ မှတ်ပြု ဝမ်းသာ နှစ်သက်ရပါသည်။

၅။ သုဂတိရောက်ရာ၊ ကဲလွန်းစွာ၊ ဝမ်းသာနှစ်သက်ရပါသည်။

(ဓမ္မပဒ သုမနဒေဝီဝတ္ထု)



၂၇။ သံသရာအမိုက်တိုက်ပိုက်ကွန်တွင်းမှ လွတ်ကင်းရေး တရားတော်

၁။ အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

အယံ လောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ပညာမျက်စိ မှန်မရှိသဖြင့် အကန်းသဖွယ်ဖြစ်ချေ၏။ တွေ့၊ ဤလောကသား လူအများထဲ၌။ တနုကော၊ ဦးရေမများလှ မပြောပဖွယ် အနည်းငယ်သောသူသည်သာလျှင်။ ဝိပဿတိ၊ အနိစ္စစသည်ဖြင့်

ရှုမြင်နိုင်ပေ၏။ ဇာလမုတ္တာ၊ ဌက်မုဆိုး၏ ပိုက်ကွန်တွင်းမှ လွတ်မြောက်သွားသော။ သကုဏာ၊ ဌက်သည်။ အပ္ပေါ ဂ္ဂဝ၊ ဦးရေမများ နည်းပါးသကဲ့သို့။ အပ္ပေါ၊ အနည်းငယ်သောသူ သည်သာလျှင်။ သဂ္ဂါယ၊ လူ့ပြည် နတ်ပြည် နိဗ္ဗာန်ဆီသို့။ ဂစ္ဆတိ၊ သွားရောက်နိုင်ပေ၏။ ဂစ္ဆတိ၊ အမှားပျောက်အောင် တရားပေါက်လေမှ သွားရောက်နိုင်ပါပေသတည်း။

(က) လူ့ပြည် နတ်ပြည်

၁။ ဤလောကမှာ၊ လူများစွာ၊ ပညာမျက်စိကန်းကြသည်။

၂။ လူများစွာထဲ၊ ဦးရေနဲ၊ မမြဲစသည် ရှုနိုင်သည်။

၃။ ဌက်မုဆိုးမင်း၊ ဖမ်းထောင်သွင်း၊ပိုက်တွင်းဌက်တို့သည်။

၄။ လွတ်ကင်းနိုင်ပါ၊ သေဆင်းရဲ၊ မလွဲခံရသည်။

၅။ ပိုက်ကွန်တွင်းမှ၊ လွတ်ထွက်ရ၊ ဌက်က နည်းလှသည်။

၆။ ထိုပုံပမာ၊ များသော်လာ၊ သံသာကွန်ထဲ ဝဲလည်လည်။

၇။ မုဆိုးသေမင်း၊ သတ်ဖြတ်ခြင်း၊ မယွင်းခံရသည်။

၈။ ဆင်းရဲတွင်းမှ၊ လွတ်သူက၊ မုချနည်းလှသည်။

၉။ လူ့ပြည် နတ်ပြည်၊ နိဗ္ဗာန်ပြည်၊ ရောက်မီသောလူ နည်းလှသည်။

(ခ) **မရဏသတိ ပွားများရေး ဘုရားဆေး**

က။ အခုဝံ မေ ဇီဝိတံ၊ ငါ၏အသက်သည် မခိုင်မြဲပါတကား။

ခ။ ခုဝံ မေ မရဏံ၊ ငါ၏သေခြင်းသည် ခိုင်မြဲလှချေတကား။

၈။ အဝဿံ မယာ မရိတဗ္ဗမေဝ၊ ငါသည် မခ္ခတ်သေရမ္မာပ တကား။

၁။ မရဏပရိယောသာနံ မေ ဇီဝိတံ၊ ငါ၏ အသက်သည် သေခြင်းလျှင် အဆုံးရှိချေ၏။

၂။ ဇီဝိတမေဝ အနိယတံ၊ အသက်သည်သာလျှင် မည်၍ မည်မျှ ရှည်မည်ဟု ကိန်းမသေပဲ ရှိချေ၏။

၃။ မရဏံ နိယတံ၊ သေခြင်းမှာမူ ကိန်းသေပါတကား။

(၈) ငါ့အသက်ဟာ

၁။ ငါ့အသက်ဟာ၊ မခိုင်မာ၊ သေချာ သေရမည်။

၂။ ငါ၏သေခြင်း၊ ခိုင်မာတင်း၊ မယွင်းသေရမည်။

၃။ ငါသည် မုချ၊ မသွေပ၊ သေရပါလိမ့်မည်။

၄။ ငါ့အသက်ဟာ၊ သေခြင်းသာ၊ မှန်စွာ ဆုံးတော့သည်။

၅။ အသက်သည်သာ၊ မခိုင်မာ၊ သေချာ မမြဲသည်။

၆။ သေခြင်း မရဏံ၊ နိယတံ၊ အမှန်မြဲတော့သည်။

(၈) မသိသုံးပါး သိတပါး

၁။ ဘယ်ဘဝက၊ လာခဲ့ရ၊ မုချ ဘယ်မသိ။

၂။ သေရပြန်က၊ ဘယ်ဘဝ၊ လာရ ဘယ်မသိ။

၃။ သေရမည်မှာ၊ မလွဲပါ၊ သူငါတိုင်းပင်သိ။

၄။ သေရမည်မှာ၊ နေ့ရက်ဟာ၊ မှန်စွာ ဘယ်မသိ။

၅။ မသိသုံးပါး၊ သိတပါး၊ တရားရအောင်ကြည့်။

(ဓမ္မပဒ ၂၁၁၁)

ကပ်။ ။ဤတရားတော်ကို မြတ်စွာဘုရား အာဌဝိပြည် (ယခုအခေါ် အလာဟာဘတ်)ကြွရောက်သီတင်း သုံးတော်မူစဉ် ယက်ကန်းသည် အမျိုးသမီး တယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်။)



၂၉။ ဘုရားရှင်၏ နောက်ဆုံး မှာတမ်းတရားတော်

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုပြီး အိုချစ်သားတသီး ချစ်သမီးတို့။ ဟန္ဒဒါနိ၊ ပရိနိဗ္ဗာန် ဝင်စံကာနီး ယခုအခါကြီးဌ။ အဟံ၊ သင်တို့ကိုစား ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတသီး ချစ်သမီးတို့အား။ အာမန္တယာမိ၊ နောက်ဆုံး စကား မြဲမှတ်သားဖို့ ညွှန်ကြားမိန့်မှာတော်မူခဲ့ပေအုံ့။ သင်္ခါရာ၊

ကံစိတ်ဉဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သောသခ်ါရတရားမှန်သမျှတို့သည်။ ဝယမမှာ၊ လှစ်ကနဲ သုတ်ခနဲ ဖြုတ်ခနဲပင် အဟုတ်မစဲ ပျက်တတ်သော သဘောရှိကုန်၏။ တသွာ၊ ထို့ကြောင့်။ တုမ္မေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့်။ သမ္မာဒေထ၊ ကိုယ်တိုင် ကိုယ်ကျ အားထုတ်ကြလျက် စေ့ငဂုန်လုံ ပြီးစီးပြည့်စုံရစ်ကြကုန်လော။

(ဂ) ရှုမှတ်ပွားကျင့်

၁။ ငါ၏ချစ်သား၊ သမီးများ၊ ထောင်နှားစိုက်ကြကွယ်။
၂။ နိဗ္ဗာန်ပြည်ကြီး၊ ဝင်ခါနီး၊ အပြီးဖခင် မှာခဲ့မယ်။
၃။ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ မှန်စွာပျက်တတ်တယ်။
၄။ ရှုမှတ်ပွားကျင့်၊ သတိနှင့်၊ အသင့်ပြည့်စုံရစ်ကြကွယ်။

၃၀။ သေခြင်းဆင်ခြင် တရားဝင် တရားတော်

တခါတုန်းက၊ နာတိကရွာ၊ အုတ်ကျောင်းသာ၌၊ ဗုဒ္ဓါ ရှင်ပြုံး၊ သီတင်းသုံးစဉ်၊ စုရုံးညီတော်တူး၊ ရဟန်းများကို၊ မိန့်ကြားလို၍၊ "အို....ချစ်သားတို့" မိန့်ခွန်းပျို၏၊ နှစ်မြို့ပြန်ကြား၊ "အရှင်ဘုရား" ဟု ထောင်နားဆင်မြန်း၊ သားရဟန်းတို့၊ ရှင်လန်းသောခါ၊ မြတ်ဗုဒ္ဓါက၊ "အို....သားလှတို့၊ မရဏာသတိ၊ ပွားများသိလျှင်၊ များဘိကျိုးထင်၊ အာနိသင်နှင့်၊ ပြည့်ခွင်နိဗ္ဗာန်၊ ရောက်စေမှန်၏၊ နိဗ္ဗာန်ရောက်မှ၊ များဒုက္ခတို့၊ လက်စဆုံးလေ၊ သို့ဖြစ်ထွေကြောင့်၊ သေခြင်းတရား၊ မပြတ်ပွားကြ၊ ချစ်သားလှတို့" ယင်းသို့ဘုရား၊ ဟောမိန့်ကြားသော်။

၁။ တပါးသိသ၊ မြတ်ဗုဒ္ဓကို၊ ဖွင့်ဟဝပ်တွား၊ "သေတရားကို၊ ပွားများသည်ပင်၊ လျှောက်ထားတင်သော်၊ မြတ်ရှင်ကပင်၊ ခွန်းတုံ့လှင်၍၊" အသင်ချစ်သား၊ ဘယ်လိုပွားလဲ၊ ဘုရားမေးသော်၊ "တပည့်တော်အသက်၊ နေ့ညဉ့်ဆက်၍၊ တရက်ရှည်လျှင်၊ သုံးလူရှင်၏၊ သုံးခွင်သာသနာ၊ အားထုတ်ပါအုံ"။

၂။ ဆက်ကာလျှောက်ထား၊ ဒု-တပါးက၊ "ရက်မျှားမရှိုး၊ တနေ့ပတ်လုံး၊ သက်ရှင်ပြုံးသော်၊ မြတ်ဘုန်းသာသနာ၊ အားထုတ်ပါအံ့"။

၃။ ဆက်ကာလျှောက်ထား၊ တ-တပါးက၊ "သက်ကားမပျက်၊ နေ့ဝက်ရှည်လျှင်၊ သုံးလူရှင်၏၊ သုံးခွင်သာသနာ၊ အားထုတ်ပါအံ့"။

၄။ ဆက်ကာလျှောက်ထား၊ စ-တပါးက၊ "သက်ကားမပြတ်၊ ဆွမ်းတနပ်မျှ၊ သက်ရှည်ရသော်၊ ဗုဒ္ဓသာသနာ အားထုတ်ပါအံ့"။

၅။ ဆက်ကာလျှောက်ထား၊ မ-တပါးက၊ "သက်ကားမပျက်၊ ဆွမ်းထက်ဝက်မျှ၊ သက်ရှည်ရသော်၊ ဗုဒ္ဓသာသနာ၊ အားထုတ်ပါအံ့"။

၆။ ဆက်ကာလျှောက်ထား၊ ဆ-တပါးက၊ "သက်ကားဆက်သေး၊ ဆွမ်းလေးငါးလုတ်၊ သက်မပြုတ်လျှင် ဗုဒ္ဓသာသနာ အားထုတ်ပါအံ့"။

၇။ ဆက်ကာ လျှောက်ထား၊ သ-တပါးက၊ "သက်ကားမယုတ်၊ ဆွမ်းတလုတ်မျှ၊ သက်ရှည်ရသော်၊ ဗုဒ္ဓသာသနာ၊ အားထုတ်ပါအံ့"။

၈။ ဆက်ကာလျှောက်ထား၊ ဌ-တပါးက၊ "သက်ကားစိုက်စိုက်၊တရှုရှိုက်မျှ၊သက်ရှည်ရသော်၊ဗုဒ္ဓသာသနာ၊အားထုတ်ပါအံ့။

မှန်စွာစင်စစ်၊ ရဟန်းရှစ်ပါး၊ သို့လျှောက်ထားသော်၊ ဘုရားမြတ်ကား၊ ရှေးခြောက်ပါးကို "တရားမမ့ေ,ဟု၊ နံ့ေ,နှုးသူ"

ဟု၊ မိန့်မူပြီးငြား၊ နောက်နှစ်ပါးကို၊ "တရားဓလေ့၊ ထက်မြက်မေ့ရှု၊ မမေ့သော သူ"၊ မိန့်တော်မူသည်၊ မျှားလူ မှတ်သားကျင့်ဖွယ်တည်း။

(က) မဟာသီဝမထေရ်ဝတ္ထု

၁။ တဆယ့်ရှစ်ပါး၊ ဂိုဏ်းတို့အား၊ စာမျှားပို့ချသည်။

၂။ မဟာသီဝ၊ မည်နာမ၊ ထေရထင်ရှားသည်။

၃။ ထေရ်ဆုံးမ-ကောင်း၊ ရဟန္တာပေါင်း၊ သုံးသောင်းဖြစ်ကြသည်။

၄။ သုံးသောင်းထဲက၊ တပါးက၊ မှတ်ရဆရာ့ဂုဏ်ရည်။

၅။ ငါ့ဆရာရှင်၊ ပုထုဇဉ်၊ ဤတွင်ရှိသေးသည်။

၆။ ငါ့ဆရာဟာ၊ သူမျှားသာ၊ မှီရာဖြစ်ခဲ့သည်။

၇။ မိမိမှီရာ၊ ဖြစ်ဖို့ရာ၊ သွားကာဆုံးမမည်။

၈။ ကောင်းကင်ခရီး၊ ပျံတက်ပြီး၊ ကျောင်းနီးဆင်းခဲ့သည်။

၉။ မထေရ်ထံမှောက်၊ ချဉ်းကပ်ရောက်၊ ဒူးထောက်ဝပ်တွားသည်။

၁၀။ အမောင်ပဉ္စင်း၊ ငါ့ထံရင်း၊ ဘယ်သင်းဘယ်ကြောင့်လာခဲ့သည်။

၁၁။ အနုမောဒနံ၊ တပုဒ်မှန်၊ သင်ရန်လာခဲ့ရပါသည်။

၁၂။ သင့်သင်ဖို့ရာ၊ ငါ့ထံမှာ၊ ခွင့်ခါမအားပြီ။

၁၃။ ဆွမ်းခံနီးတွင်၊ တန်ဆောင်းဝင်၊ ကြုံစဉ်နေခိုက် မေးပါ
မည်။

၁၄။ ထိုနေရာကား၊ အခြားသူများ၊ လျှောက်ထားမေးကြ
သည်။

၁၅။ ဆွမ်းခံသွားစဉ်၊ လမ်းမှာပင်၊ လျှောက်တင်မေးပါမည်။

၁၆။ အဲသည်မှာလဲ၊ မေးသူပဲ၊ ရှိမြဲရှိနေသည်။

၁၇။ သက်နှံးရုံဆဲ၊ သပိတ်မဲကို၊ အိတ်ထဲမှနုတ်၊ အပြင်ထုတ်
စဉ်၊ ဆန်ပြုတ်ယာဂု၊ သောက်ဆဲပြု၊ အနုမောဒနာ
သင်ပါမည်။

၁၈။ ထိုခါမျှားမှာ၊ ဌကထာ၊ လေ့လာသူများရှိကြသည်။

၁၉။ ဤသို့အားဖြင့်၊ သင်ယူခွင့်၊ ဆင့်ဆင့်တောင်းလေသည်။

၂၀။ ရွာမှထွက်ခြား၊ ကျောင်းပြန်သွားနှင့်၊ ဆွမ်းစားပြီးကာ၊
နေ့နေရာနှင့်၊ အိပ်ရာဝင်နီး၊ ခြေဆေးပြီးဟု၊ အိပ်ပြီး
တထစ်၊ မျက်နှာသစ်နီး၊ သစ်ပြီးကာလ၊ ခန်းဝင်ကြ
ခေတ္တနေစဉ်၊ မေးပါမည်။

၂၁။ ထိုထိုချိန်ဟု၊ အားလုံးမှ၊ မေးသူရှိနေကြပါသည်။

၂၂။ ဤတိုင်းဆိုခြား၊ အရှင်ဘုရား၊ သေအားချိန်မျှမရှိပြီ။

၂၃။ အရှင်ဘုရားသည်၊ ခုံနောက်မှီ၊ တူညီနေတော့သည်။

၂၄။ သူများမှီရာ၊ ဖြစ်၍သာ၊ ကိုယ့်မှာမှီရာမဖြစ်ပြီ။

၂၅။ အရှင့်ထံမှာ၊ အနုမောဒနာ၊ မနာလိုတော့ပြီ။

၂၆။ သို့လျှောက်ပြီးလျှင်၊ ထက်ကောင်းကင်၊ စျာန်ယာဉ်စီး၍ ပြန်ကြွသည်။

၂၇။ ထိုရောအခါ၊ ထေရ်ကြီးမှာ၊ မှန်စွာသတိရတော့သည်။

၂၈။ သူ့လာပုံမှန်၊ စာသင်ရန်၊ လာတန်မဟုတ်ပြီ။

၂၉။ သတိပေးရန်၊ သူ့ဝါထံ၊ အမှန်လာခြင်းဖြစ်လေသည်။

၃၀။ ဝါ့လိုပုဂ္ဂိုလ်၊ အရဟာတ္တဖိုလ်၊ ခက်ကိုမခက်ပြီ။

၃၁။ နှစ်ရက်သုံးရက်၊ အရဟာတ္တမဂ်၊ ဆက်ဆက်ယူပြီး ပြန်လာမည်။

၃၂။ သို့ကြုံပြီးက၊ ကျောင်းတိုက်မှ၊ ထွက်ကြွခဲ့လေသည်။

၃၃။ ဝါဆိုဆန်းတက်၊ ဆယ့်သုံးရက်၊ တောထွက်ရှာနိုး တောင်ခေါင်းဆီ။

၃၄။ ဝါဆိုလပြည့်၊ ဥပုသ်နေ့၊ မတွေ့တရား ကြာလေသည်။

၃၅။ ထို့ကြောင့်တဝါ၊ သုံးလကြာ၊ ကျင့်တာတရားမရပြီ။

၃၆။ ဝါကျွတ်သောခါ၊ ဝမ်းနည်းစွာ၊ ဖြာဖြာမျက်ရည် ကျရသည်။

၃၇။ ထို့နောက်မထေရ်၊ မအိပ်ပေ၊ ခြေလည်းမဆေးပြီ။

၃၈။ သွားရပ်ထိုင်ဖြင့်၊တရားကျင့်၊သို့ဖြင့်တရားကြာနေ့သည်။

၃၉။ နှစ်ဆယ့်ကိုးနှစ်၊ ဝါကျွတ်ခေတ်၊ ရောက်သစ်တိုင်းပင် ကျမျက်ရည်။

၄၀။ ခြေတော်ကွဲပြား၊ ရှာသူသား၊ ဆူးများဖြင့် ချုပ်ပေး ကြသည်။

၄၁။ ကလေးချင်းချင်း၊ ကစားယင်း၊ ကျိန်ခြင်းပြုကြသည်။
၄၂။ မဟာသီဝ၊ မထေရ်မျှ၊ ခြေကကွဲစေ ကျိန်ကြသည်။
၄၃။ နှစ်သုံးဆယ်ကြာ၊ ဝါကျွတ်ခါ၊ ဓမ္မာမရ ကြာပြန်သည်။
၄၄။ ဒါလောက်ကြိုးစား၊ မြတ်တရား၊ငါ့ကားမရ ကြာလေ
သည်။
၄၅။ ဤဘဝမှာ၊ မဂ်ဖိုလ်ဟာ၊ ငါ့မှာမရ ထိုက်လေပြီ။
၄၆။ ရဟန္တာဆင့်၊ အဖြစ်ဖြင့်ပင်၊ မျှော်လင့်စရာ၊ ပဝါရဏာ၊
ငါ့မှာ မပြုနိုင်ပါပြီ။
၄၇။ ထိုသို့တွေးကာ၊ ထေရ်မဟာ၊ သေချာငိုရပြန်ပါသည်။
၄၈။ ထိုခါထံနီး၊ နတ်သမီး၊ လာပြီးငိုပြန်သည်။
၄၉။ ဤနားငိုတာ၊အသင်ဟာ၊ပြောပါဘယ်သူဖြစ်လေသည်။
၅၀။ တပည့်ငိုပြီး၊ နတ်သမီး၊ အပြီးဖြစ်ပါသည်။
၅၁။ ဘာ့ကြောင့်သည်နား၊ လာငိုငြား၊ ထင်ရှားဖြေရမည်။
၅၂။ ငိုခြင်းဖြင့်သာ၊ မဂ်ဖိုလ်ဟာ၊ရလာနိုင်သည် ထင်မိသည်။
၅၃။ တမဂ် နှစ်မဂ်၊ငိုတလျက်၊ဆက်ဆက်ရအောင်ငိုပါသည်။
၅၄။ ထိုရောအခါ၊ ထေရ်မဟာ၊ ကိုယ့်ဟာကိုယ်ပဲ ဆုံးမသည်။
၅၅။ အမောင်သီဝ၊ ကြည့်စမ်းပါ၊နတ်က သင်နှင့် ပြက်ရယ်ပြီ။
၅၆။ သည်အမှုအရာ၊ သင့်တွက်တာ၊ ဘယ်မှာမသင့်ပြီ။
၅၇။ သို့ဆင်ခြင်ပြု၊ ဝမ်းနည်းမှု၊ မှုတ်ရှုပယ်ဖျောက်သည်။
၅၈။ ဝိပဿနာ၊ ဆက်ရှုရှာ၊ ထေရ်ဟာ ရဟန္တာဖြစ်လေပြီ။

၅၉။ သေခြင်းတရား၊ နိုးနိုးပွား၊ တရားမှတ်သင့်ပြီ။
၆၀။ တရားရရေး၊သည်အရေး၊အရေးကြီးဆုံးဖြစ်တော့သည်၊
၆၁။ မဟာသီဝ၊ ဝတ္ထုကာ၊ မုချသက်သေခံလေသည်။
၆၂။ ဘာကြောင့် ညာ့ကြောင့်၊ အဓိပ္ပါယ်ကြောင့်၊ မနှောင့်
သင့်ကပြီ။

၃၁။ လေဉပမာ ဝေဒနာနုပဿနာ တရားဘော်ကြီး

ဒေဝတာသံယုတ် ပထမ အာကာသသုတ်

၁။ ကောင်းကင်ထက်မှာ၊လေဖြာဖြာ၊ တိုက်လာခတ်လာ မျှားလှုတယ်။

၂။ ရွှေနောက်ခြောက်တောင်၊မြို့ကိုဆောင်၊ မဆောင်လေတို့ တိုက်ကြတယ်။

၃။ ပူအေးနဲ့မျှား၊ လေထူးပြား၊ မမှားတိုက်ကြတယ်။
၄။ လေတိုတူစ္စာ၊ ဣခန္ဓာ၊ ဝေဒနာဖြစ်ပေါ်တယ်။
၅။ သုခါဒုက္ခာ၊ ဥပေက္ခာ၊ ဝေဒနာဖြစ်ပေါ်တယ်။
၆။ အကြင်အခါ၊ ယောဂီ (ဘိက္ခု)ဟာ၊ ပြင်းစွာအားထုတ်တယ်။
၇။ သတိသမ္ဘေဇ္ဈင်၊အမြဲယှဉ်၊တွင်တွင်အားထုတ်တယ်။
၈။ ထိုစဉ်အခါ၊ယောဂီဟာ၊ဝေဒနာအားလုံးမှန်သိတယ်။
၉။ ထိုအသိရှင်၊ ခုဘဝတွင်၊ လေးအင်အာသဝေါ ကင်းစင်တယ်။
၁၀။ သစ္စာတည်သူ၊ ဝေဒဂူ၊ သေမူနောက်ခါဝယ်။
၁၁။ ပုထုဇဉ်ထဲ၊မပါပဲ!မလွဲစာရင်း ဖျက်ရတယ်။
၁၂။ သုတ်အာကာသ၊ ထုတ်ကာပြ၊ ဗုဒ္ဓဟောခဲ့တယ်။
၁၃။ လိုက်နာကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံးနိဗ္ဗာန် ရောက်ရမယ်။

(က) ပူတိဂတ္တတိဿရဟန်း ဝတ္ထု
(ဓမ္မပဒဋ္ဌ ၂၊ ၂၀၅)
(ခ) ပစ္စုပ္ပန် ဝတ္ထု

၁။ သာဝတ္ထိမြို့-ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း-ကိန်းအောင်းချိန်ခါ၊
ပူတိဂတ္တ-တိဿထေရာ၊
အကြောင်းပြု-ဟောမှုဒေသနာ။

၂။ ဤမြို့ထဲမှ-ကုလပုတ္တာ၊
မျိုးကောင်းတယောက်-ဝင်ရောက်သာသနာ၊
တိသမည်ဆန်း-ရဟန်းတော်မှာ၊
တကိုယ်လုံး-စွဲဖုံးပုပ်ရောဂါ။

၃။ တကိုယ်လုံးပုပ်-ညှီစုပ်နံစော်၊
မပြုနိုင်ငြား-ပစ်ထားကြသော်၊
ကိုယ်တိုင်တော်ကြွ-ဗုဒ္ဓပြုသော်၊
သက်သာရ-ဓမ္မတိုက်ကျွေးဖော်။

၄။ ချစ်သားတိသ-ဒုက္ခပူသယ်၊
ခန္ဓာကုယည-စွန့်ပစ်ရမယ်၊
ဝိညာဏ်ကွာကင်း-ကဲ့ထင်းပုံနှယ်၊
သုံးမကျ-အိပ်ရမြေပေါ်ဝယ်။

၅။ တရားနာရ - တိသမထေရ်၊
ရဟန္တာကြီး - ဖြစ်ပြီးမသွေ၊
နိဗ္ဗာန်မြို့သို့ - ဝင်လိုစံပေ၊
ခဝတ်တော်မျှား - တည်ထားစေတိမှေ။

၆။ တိသဘယ်ရောက် - မေးလျှောက်ကြသော်၊
နိဗ္ဗာန်စံသွား - ဘုရားမိန့်ဖော်၊
သူ့ဖြစ်ရပ်ဆန်း - မေးမြန်းပြန်သော်၊
မိန့်တော်ဟိတ် - အတိတ်ဆောင်ပြီနော်။

(ဂ) အတိတ်ဝတ္ထု

၇။ ကဿပဘုရား - ထင်ရှားပွင့်စဉ်၊
ဌက်သတ်မုဆိုး - ဂုဏ်ညှိုးဖြစ်စဉ်၊
ဘုရင်ကိုဆက် - ကျန်ဌက်စုံလင်၊
ရောင်းစားရေး - သက်မွေးအလုပ်ဝင်။

၈။ ရောင်းရှိကျန်ငြား - ဌက်များကိုလေ၊
သတ်ရှိထားငြား - ပုပ်သွားနိုင်ပေ၊
လွတ်ဆုက်ပုံမြန်း - မစွမ်းနိုင်စေ၊
တောင်ခြေများ - ချိုးထား ရှင်မသေ။

၉။ နောကနေ့ နောကရက - ထုဌကတွေ့ကု၊
ရက်စက်သတ်ဖြတ် - နောက်ထပ်ရောင်းပို၊
အများကြီးရ - အိမ်ကမယ်ကို၊
ချက်စေငြား - ဌက်သား စားသောက်မျှို။

၁၀။ တနေ့သဘ - ကြုံကြိုက်ကုသိုလ်၊
ထိုမုဆိုးကြီး - စားနီးချိန်ကို၊
ရဟန္တာကြွ - စိတ်ကကြည်ညို၊
စားမည့်ဆွမ်း - လှူဒါန်း တောင်းဆုဆို။

၁၁။ အရှင်ဘုရား - သိထားမမေ့၊
ဤကောင်းမှုကြောင့် - မနှောင့်မသွေ၊
တပည့်တော်လဲ - မလွဲပုံသေ၊
ဉာဏ်မြင်ရှင်း - အလင်းသိရစေ။

(ဃ) နုသန္ဓေ

၁၂။ ဌက်သတ်ခဲ့မှု - ယခုအခါ၊
တိသ္သချစ်သား - ကိုယ်မျှားပုပ်ကာ၊
ရောဂါနှိပ်စက် - ဒဏ်ချက်လွန်နာ၊
ဝဋ်ကျွေးပဲ - မလွဲခံရရှာ။

၁၃။ ဆွမ်းလှူခဲ့မှု - တောင်းဆုကြောင့်ပေ၊
ယခုဘဝ - တိသ္သမထေရ်၊
ကိလေသာကုန်ခန်း - ရဟန္တာပေ၊
ဖြစ်ရခြား - စံသွားနိုဗ္ဗာန်တော။



၃၂။ မိဘကျေးဇူးတရားတော်

(က) သဒ္ဓြဟ္မကသုတ်ဆောင်ပုဒ်

၁။ သားသမီးကို၊ ဒ္ဓြဟ္မစိုရ်၊ ပဉ္စားပိုမိဘ ဒ္ဓြဟ္မာမည်။

၂။ သားသမီးအား၊ သင်ဖွယ်မျှားကို၊ သင်ကြားဦးစွာ၊ မိဘမှာ၊ ပုဗ္ဗာစရိယမည်။

၃။ ခရီးဝေးစွာ၊ ဆောင်ယူရှာမှီး၊ သားသမီး၏၊ ပစ္စည်းအလှ၊ ခံယူထိုက်စွာ၊ မိဘမှာ၊ အာဟုနေယျမည်။

၄။ ထို့ကြောင့်သားလှ၊ မိန္ဒင့်ဘ၊ ဦးချရှိခိုးရပါမည်။

၅။ စားဖွယ် ကျွေးမွေး၊ အဝတ်ပေး၊ လေးမြတ်ပြုစု ရပါမည်။
၆။ ရေချိုးနှိပ်နယ်၊ ကိုယ်နှံ့ပယ်၊ လိမ်းခြယ်ပြုစုရပါမည်။
၇။ ထိုသို့ပြုခြား၊ သမီးသား၊ အမျှားချိုးမှမ်းခံရမည်။
၈။ တမလွန်လဲ၊ နတ်ပြည်ထဲ၊ လိုက်လှဲဝမ်းသာစံရမည်။

(ခ) အဂ္ဂတ္တရနိကာယ သမစိတ္တဝဂ် ဒုတိယသုတ်ဆောင်ပုဒ်

၁။ မိဘကျေးဇူး၊ မြင်းမိုရ်ဦးကို၊ အထူး သိလျက်၊ အဆပ်ခက်၊ မိန့်မြွက်အဂ္ဂတ္တိ၏။
၂။ ပေးဆပ်မည်မျှော်၊ ပခုံးပေါ်၊ တင်ခေါ်မိဘကို။
၃။ နှစ်တရာစွဲ၊ လုပ်ကျွေးလဲ၊ ကျေပဲ မကျေကို။
၄။ လေးကျွန်းပိုင်သ၊ စကြာရအောင်၊ ပေးဆပ်ဆောင်လဲ၊ ကျေးဇူးခဲ၊ ကျေပဲ မကျေကို။
၅။ ထိုသို့ပြုဦး၊ မြတ်ကျေးဇူး၊ ကျေဘူး ဘယ်ကြောင့်ဆို။
၆။ စောင့်ရှောက်ကျွေးမွေး၊ လောကရေး၊ ပြပေး ကျေးဇူး မျှားကြောင့်ဆို။
၇။ ကျေအောင်ဆပ်လို၊ ရင်သွေးပျို၊ ဒီလို ပြုမှကို။
၈။ ယုံကြည်စွန့်ကြဲ၊ သီလစွဲ၊ နက်နဲပညာပွားအောင်ကို။
၉။ ရွက်ဆောင် နိုင်ငြား၊ သမီးသား၊ နှစ်ပါး ကျေးဇူး ကျေပြီကို။

၃၃။ တရားနာသူတူပုံသုံးမျိုး(မဇ္ဈိမ)

၁။ ရေအိုးကြီးကို မြောက်ကာသားလို့၊
ရေကြည်အေးများ လောင်းထည့်ယင်၊
အချည်းနှီးပင် ရေမပြည့်သမို့၊
ရေထည့်သူပဲ မောရုံပင်။
ထိုအိုးတူစွာ တရားနာကြားတဲ့၊
သတ္တဝါများလဲ အရှိပင်။
တရားပဲ့ကို အရောက်သွားလို့၊
တရားဟောဆဲ ထိုင်နေစဉ်။
တရားတော်ကို စ လယ် ဆုံးထိ၊
ဘာတလုံးမှ စိတ်မဝင်။
တရားဆုံးသော် ထပြန်စိုင်းခဲ့၊
သည်အတိုင်းပဲ့ တရားမယှဉ်။
အဲဒါကြောင့် တရားနာကြား ထိုသူကား
မြောက်ထား အိုးအသွင်။
ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။

၂။ ထိုင်နေသောသူ ခါးပိုက်ထဲမှာ၊
နှမ်း ပြောင်း ဆန် ပဲ ထည့်လို့ပင်။
ထသွားသည့်ခါ သတိမထားတော့၊
ထိုပစ္စည်းများ ကျန်ခဲ့အင်။
သူ့ခါးပိုက်လို့ တရားနာကြားတဲ့၊
သတ္တဝါများလဲ အရှိပင်။
တရားပဲ့ကို အရောက်သွားလို့၊
တရားဟောဆဲ ထိုင်နေစဉ်။
တရားတော်ကို စ လယ် ဆုံးထိ၊
စိတ်နှလုံးတော့ သွင်းသည်ပင်၊
တရားဆုံးသော် ထ·ပြန် လှည့်တော့၊
မေ့လျော့ခဲ့လို့ တရားမယှဉ်။
အဲဒါကြောင့် တရားနာကြား ထိုသူကား၊
ခါးပိုက်ပုံအသွင်။
ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။

၃။ ရေအိုးကြီးကို လှန်ကာထားလို့၊
ရေကြည်အေးများ လောင်းထည့်လျင်၊
ရေလောင်းထည့်သူ မပင်ပန်းပဲ၊
အိုးနှုတ်ခမ်းထိ ရေပြည့်တင်။
ထိုအိုးတူစွာ တရားနာကြားတဲ့၊
သတ္တဝါများလဲ အရှိပင်။

တရားပွဲကို အရောက်သွားလို့၊
တရားဟောဆဲ ထိုင်နေစဉ်။
တရားတော်ကို စ လယ် ဆုံးထိ၊
စိတ်နှလုံးသွင်း တရားယှဉ်။
တရားဆုံးသော် ထ,ပြန်ယင်းလဲ၊
စိတ်နှလုံးသွင်း တရားယှဉ်။
အဲဒါကြောင့် တရားနာကြား ထိုသူကား၊
လှန်ထား အိုးအသွင်။
ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။
(အင်္ဂုတ္တိုရ်-တိကနိပါတ် အဝကုဇ္ဇသုတ်ကို မှီးသည်)
(အတွဲ ၁၁၊ အမှတ် ၃၀၊ ဗုဒ္ဓမမ္မလောကစာစောင်မှ)

၃၄။ ပတ်ဝန်းကျင်မှ သံဝေဂတရားတော်

(က) ကုမ္ဘကာရ

(ခ) ပစ္စုပ္ပန်ဝတ္ထု

၁။ သာဝတ္ထိမြို့ - ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း - ကိန်းအောင်းချိန်ခါ၊
ရဟန်းအများ - ကြုံမှားစိတ်မှာ၊
ရှင်တော်သီ- ဟောဘိ မြတ်ဓမ္မာ။

၂။ မိမိစိတ်ထဲ - ပေါ်ဆဲကိုလေ၊
ချက်ခြင်းရှုမှတ် - နှိမ်သတ်နိုင်စေ၊
မနှိမ်သတ်က - မျှောရဝင်ဦးဘွေ့၊
နှိမ်သတ်က - ရောက်ရနိုဗ္ဗာနေ။

၃။ ရှေးပညာရှိ - ကဝိမြတ်တွေ့၊
ပတ်ဝန်းကျင်၏ - တွေ့ထိသံဝေ၊
ကိုယ်တိုင်ရှုမှတ် - နှိမ်သတ်ကိုလေ၊
ပစ္စေက-ဖြစ်ကြ ထုံးရှိပေ။

(ဂ) အတိတ်ဝတ္ထု

၄။ ဗာရာဏြဟ္မဒတ် - စံလတ်ချိန်ခါ၊
ရှာမြိုတံခါး - ဘုရားလောင်းဟာ၊
အိုးထိန်းသည်မှ - သက်မွေးပြုရာ၊
ပစ္စေများ-ဟောကြား ကြောင်းစုံမှာ။

၅။ တိုင်းကလိုင် - ဒန္ဒပုရာ၊
ကရဏ္ဍဟု - မင်းပြုခဲ့ရာ၊
သီးရှိသရက် - လှုနိုပ်စက်တာ၊
သံဝေဝှား-ဖြစ်ခြားပစ္စေကာ။

၆။ တိုင်းဂန္ဓာရ - တက္ကသိုလာ၊
နဂ္ဂဇီဟု - မင်းပြုခဲ့ရာ၊
လက်ကောက်နှစ်ခု - ထိမှုကိုသာ၊
သံဝေဝှား-ဖြစ်ခြားပစ္စေကာ။

၇။ တိုင်းဝိဒေဟ - မိထိလာပြေ၊
နိမိရာဇ - ဖြစ်ခဲ့ရပေ၊
သားတစ်တော်အား - ငှက်များလုနေ၊
သံဝေဝှား၊ ဖြစ်ခြားရှင်ပစ္စေ။

၈။ တိုင်းပဉ္စာလ - ကပိလပြေ၊
ဒုမ္မုခဟု - မင်းပြုခဲ့ပေ၊
ကာမလုယင်း - နှားချင်းသတ်နေ၊
သံဝေဝှား-ဖြစ်ခြားရှင်ပစ္စေ။

၉။ ရှင်ပစ္စေပေါင်း - ဖြစ်ကြောင်းကုန်ဧင်၊
ပြောစကားများ - သိကြားဘုရားယှဉ်၊
အိုးထိန်းမယ်ထူး - ရှေးဦးတောဝင်၊
ဖန်သင်္ကန်း ဆင်မြန်း တရားခင်။

၁၀။ ငါလောင်းတော်က - နောက်မှတောဝင်၊
ဖန်ဝါသင်္ကန်း - ဆင်မြန်းကြည်လင်၊
တရားကျင့်ထ - ဗြဟ္မာပြည်ဝင်၊
ပုံမှီးလို-သင်တို့ကျင့်စေချင်။

(ဃ) နိုဂုံး

၁၁။ တရားနာရ - သမဏတွေ၊
ကိုယ်သန္တာန်ဖြစ် - ညမ်းညစ်ကိုလေ၊
ချက်ချင်းရှုမှတ် - နှိမ်သတ်နိုင်ပေ၊
အမြိုက်ထူး-ဆုတ်ခူး အောင်ပန်းဝေ။

(ဇာတက အဋ္ဌကထာ၊ ဂန္ဓာရဝဂ္ဂ ကုမ္ဘကာရဝတ္ထု)
(အတွဲ ၁၂၊ အမှတ် ၄၉၊ ဗုဒ္ဓဓမ္မလောကစာစောင်မှ)

၃၅။ ဗုဒ္ဓချီးမွမ်း ဒါနစွမ်း

အင်္ဂုတ္တရ သုမနသုတ်တော်

(မေး) ၁။ သာဝတ္ထိမြို့ - ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း - ကိန်းအောင်းချိန်ခါ၊
သုမနကား - ထံပါးရောက်လာ၊
ဗုဒ္ဓအား-လျှောက်ထား လှူဆိုတာ။

၂။ မြတ်ဘုရား၏ - တပည့်နှစ်ဖြာ၊
သဒ္ဓါသီလ - တူမျှပညာ၊
မတူပုံက - ဒါနအရာ၊
လှူတဦး တဦး မလှူပါ။

၃။ ထိုနှစ်ဦးသား - ယေသွားသောခါ၊
နတ်ပြည်ရောက်သစ် - နတ်ဖြစ်ကုန်ရာ၊
နတ်ချင်းတူလား - တူးခြားသိသာ၊
မြတ်ဘုရား-ဖြေကြား မိန့်ချေပါ။

(ဖြ) ၄။ မလှူသူထက်-လှူဖက်သူမှာ၊
သက်ရှည်ဆင်းလှ-သုခယသာ၊
အစိုးရမှု-ငါးခုဌာနာ၊
လွှမ်းမိုးငြား-ထူးခြား"နတ်"ချမ်းသာ။

(မေး) ၅။ ထိုနှစ်ဦးသား-သေသွားသောခါ၊
လူ့ပြည်လူစစ်-လူဖြစ်ပြန်ရာ၊
လူချင်းတူလား-ထူးခြားသိသာ၊
မြတ်ဘုရား-ဖြေကြားမိန့်ချေပါ။

(ဖြ) ၆။ မလှူသူထက်-လှူဖက်သူမှာ၊
သက်ရှည်ဆင်းလှ-သုခယသာ၊
အစိုးရမှု-ငါးခုဌာနာ၊
လွှမ်းမိုးငြား ထူးခြား"လူ"ချမ်းသာ။

(မေး) ၇။ လူ့ဘောင်ရှုပ်လှ-ဒုက္ခလွတ်ရာ၊
ရှင်ရဟန်းပြု-ကျင့်ရှုကုန်ရာ၊
ရှင်ချင်းတူလား-ထူးခြားသိသာ၊
မြတ်ဘုရား-ဖြေကြားမိန့်ချေပါ။

(ဖြ) ၈။ မလှူသူထက်-လှူဖက်သူမှာ၊
ဆွမ်းသက်နှုံးကျောင်း-ဆေးကောင်းမျှားစွာ၊
သီတင်းဖော်ချစ်၊ထူးသစ်ပူဇာ၊
လွှမ်းမိုးငြား-ထူးခြား"ရှင်"ချမ်းသာ။

(မေး) ၉။ ရဟန်းနှစ်ပါး-တရားကျင့်ရာ၊
မင်ဖိုလ်ရှစ်ပါး-ရင်ခြားကုန်ရာ၊
'မြိုက်'ချင်းတူလား-ထူးခြားသိသာ၊
မြတ်ဘုရား-ဖြေကြားမိန့်ချေပါ။

(ဖြေ) ၁၀။ ရဟန္တာမျှား-ဖြစ်သွားပြီကို၊
ကိလေကင်းပြတ်-အရဟတ္တဖိုလ်၊
ထူးထွေကွဲပြား-ခြားနားထိုထို၊
မရှိဘူး-ထွတ်မူးငါမိန့်ဆို။

၁၁။ ဒါနဒါန-ပြုကြခါခါ၊
ပုညပုည-ပြုကြမကွာ၊
နတ်လူရှင်ထူး-ကျေးဇူးကြွယ်ရာ၊
မြတ်ဘုရား-မိန့်ကြားထောမနာ။

ဂါထာမျှား

၁၂။ ညစ်ကြေးလွတ်ကင်း-လ,မင်းစန္ဒာ၊
တာရာကြယ်မျိုး-လွှမ်းမိုးလင်းသာ၊
သဒ္ဓါသီလ-ပုညရှင်ဟာ၊
မစ္ဆရိ-မရှိ သူ့ထက်သာ။

၁၃။ တိမ်တောင်လျှပ်ပန်း-ဆင်မြန်းမိုးဟာ၊
ကုန်းချိုင့်မြေပြည့်-ရွာထည့်နိုင်တာ၊
သောတာပန်စစ်-ရှင်ချစ်သီသာ၊
မစ္ဆရိ-မရှိ သူ့ထက်သာ။

၁၄။ ထိုသောတာဝစစ်-ရှင်ချစ်သိသာ၊
သက်ရှည်ဆင်းလှ-သုခယသာ၊
အစိုးရမှု-ငါးခုစုံစွာ၊
ဘဝသစ်-နှတ်ဖြစ်လွန်ချမ်းသာ။
(အတွဲ ၁၃၊အမှတ် ၉၊ ဗုဒ္ဓဓမ္မလောကစာစောင်မှ)

၃၆။ ကေုပေါသထာထေရိခေါ် ဥတ္တမာထေရိ၏ဖြစ်စဉ်

ဥတ္တမာ၌၊ ဖြစ်စဉ်ဖွဲ့အုံ့၊ ကိုးဆယ့်တရပ်၊ ကမ္ဘာကပ်ဝယ်၊ ဝိပဿီဟု၊ သဗ္ဗညုခေတ်၊ ဗန္ဓုမတီ၊ မင်းနေပြည်၌၊ သည်ပျံ့မွှေး၊ ရှင်သင်္ဃေးထံ၊ လုပ်ကျေးခယ၊ အိုးဆေးရသည့်၊ ကုမ္ဘဒါသီ၊ တွင်နာမည်နှင့်၊ ဖြစ်တည်ခဲ့ရာ၊ ထိုအခါဝယ်၊ ရာဇာဘုရင်၊ ဥပုသ်ဝင်၍၊ တွေ့မြင်ပါရ၊ မယ်ကုမ္ဘလဲ၊ သီလတခါ၊ စောင့်ခဲ့ပါ၍၊ နတ်ရွာမီဖုရား၊ ဖြစ်တုံ၊ ငြားဏ်၊ ကြိမ်ကားခြောက်ဆယ်၊ လေးခုကယ်ဏ၊ နောက်ဝယ်လူ့ရွာ၊ မင်းစကြာဏ်၊ ကြင်ရာခေါင်ဖျား၊ ဖြစ်တုံ ငြားဏ်၊ ကြိမ်ကားခြောက်ဆယ်၊ သုံးခုကယ်ဏ၊ နောက်ဝယ် သံသာ၊ ကိုးဆယ်သာတစ်၊ ပါယ်မဖြစ်ပဲ၊ ပွင့်သစ်ခုခါ၊ သာသနာ၌၊ ပြည်သာဝတ္ထိ၊ ဥစ္စာရှိသည့်၊ သူ၏သမီး၊ ဖြင်လာမှီး၍၊ မည်းရှယ်မြစ်၊ ခုနှစ်နှစ်တွင်၊ ရှင်ချစ်မီတာ၊ ရဟန္တာဟု၊ ပဋာစာရီ၊ မြတ်ဘေရီထံ၊ ပြုပြီမသွေ၊ သာမဏေရီ၊ ဓမ္မေကျင့်ပွား၊ စိတ်ကစား၍၊ တရားမငြိမ်၊ လေးငါးကြိမ်မျှ၊ စိတ်နှိမ်ဖိုရန်၊ ဆရာ့ထံကို၊ သွားပြန်လျှောက်ထား၊ အကြိမ်ငါးမှာ၊ မြတ်ဆရာက၊ ခန္ဓာအာယတန၊ ဓာတ်သစ္စာ့ကို၊ မိန့်ဟည်ရန်ကြား၊ အမှန်အားဖြင့်၊ တရားပေးရာ၊ ဝမ်းမြောက်စွာပင်၊ ယူလာတရား၊ ရှုမှတ်သွားသော်၊ စိတ်အားထက်မြက်၊ ခုနှစ်ရက်ပင်၊ မဖျက်တင်ပလွင်၊ ရှစ်ရက်ဝင်၌၊ ဖြစ်မြင်ပျက်မြင်၊ ကိလေစင်၍၊ မည်တွင်ဥတ္တမာ၊ ရဟန္တာသည်၊ တဖြာကေုပေါသထာ ထေရီတည်း။

(အတ္ထ ၁၅၊ အမှတ် ၈၊ ဗုဒ္ဓမမ္မလောကစာစောင်မှ)

၃၇။ စိတ္တာထေရီဖြစ်စဉ်

သုံးချက်ညီ ကေပိုဒ်

မယ်စိတ္တာ၏၊ ဖြစ်စဉ်ဖွဲ့အုံ့၊ ကိုးဆယ့်လေးကမ္ဘာ၊ သုညခါတွင်၊ စန္ဒာဘာမြစ်၊ ကိန္နရီဖြစ်စဉ်၊ ရှင်ပစ္စေအား၊ သဒ္ဓါထား၍၊ လှူပွားကျူပန်း၊ ဝတိုမြန်း၏၊ နတ်နန်းမိဖုရား၊ ဖြစ်တုံ၊ ငြားမ၏၊ ကြိမ်ကားသုံးဆယ်၊ ခြောက်ခုကယ်၏၊ နောက်ဝယ်လူ့ရွာ၊ မင်းစကြာ၏၊ ကြင်ရာခေါင်ဖျား၊ ဆယ်ကြိမ်လား၏၊ မှတ်သားကမ္ဘာ၊ကိုးဆယ်သာတစ်၊ လူ့ရွာနတ်ပြည်၊ စုံဆန်လည်၍၊ ပါယ်ဆီမဆွယ်၊ မကောင်းပယ်၍၊ ကောင်းကြွယ်မှုတွက်၊ တံခိုးထက်၏၊ဆက်လက်ခုခါ၊ သာသနာ၌၊ ရာဇဂြိုဟ်ဝယ်၊ ဂုဏ်မြင့်ထယ်သည့်၊ သူကြွယ်သမီး၊ ဖြစ်လာမှီး၍၊ စောထီးထွတ်ခေါင်၊ ရှင်တထောင်ကို၊ ချတ်ဆောင်ပြီးတွင်၊ ရာဇဂြိုဟ်ဝင်သော်၊ ဖုံးမြင်ယုံကြည်၊ ဂေါတမိထံ၊ ပြုပြီဘိကွ၊ အိုဖက်လှု၍၊ အိုမှုဒဏ်စဲ၊ အားအင်နဲလျက်၊ နာကဲလာသော်၊သေရှုမျှော်၍၊ငါးဖော်ခန္ဓာ၊စွဲမှားကြာကြာ့၊ ဖန်ခါဆင်းရဲ၊ ကြုံရမြဲ၏၊ ခုပဲရှောင်ရှား၊ မြတ်တရားကို၊ ပွားမျှားတော့မည်၊ သူကြုံစည်လျက်၊ ရှေ့ဆီသုတ်သုတ်၊ ဂိဇ္ဈကူဋ်သို့၊ အားထုတ်တက်ကာ၊ ငါးခန္ဓာကို၊ မှန်စွာပွားလတ်၊ အဝတ်တဏှာ၊ မောဟကွာသည်၊ စိတ္တာထေရီ ဖြစ်စဉ်တည်း။

(အတွဲ ၁၅၊ အမှတ် ၁၅၊ ဗုဒ္ဓဓမ္မလောက စာစောင်မှ)



၃၀။ တေလပတ္တ၀ဏ္ဏ၊

ဆောင်ပုဒ်

နှုတ်ခမ်းပြည့်လျက် - ဆီခွက်ကိုသာ၊
ကောင်းစွာဆောင်သွား - ယောကျ်ားပမာ၊
နိဗ္ဗာန်လိုသော - ယောဂိလိမ္မာ၊
ကိုယ့်စိတ်ရိုင်း၊ မဆိုင်း စောင့်ထိန်းပါ။

(ဇာတ်အဋ္ဌကထာ၊ ၄၁၇)

၃၉။ သာရဏီယကျင့်စဉ်အကျိုးပြ

သုံးချက်ညီ ဧကပိုဒ်

မပြတ်စိုက်စိုက်၊ အောက်မေ့ထိုက်ဟု၊ သမိုက်ဘင်ဘီ၊ သာရဏီယ၊ စာရှိပြပိမ့်၊ ဗုဒ္ဓမိန့်ကို၊ ကျင့်စိမ့်သောသူ၊ မှတ်နာယူလော့၊ အတူနေချင်း၊ ပေါင်းအသင်းဟု၊သိတင်းသုံးဖော်၊ယင်းတို့ပေါ် ဝယ်၊ ပြုသော်ကိုယ်မှု၊ မေတ္တာရှုလော့၊ နှုတ်မှုပေတ္တာ၊ ပြောဆိုပါလော၊ မေတ္တာစိတ်မျှား၊မပြတ်ပွားလော့၊ ကိုယ့်အားလှူ၊ကြ၊ လာဘ်လာဘကို၊ ဆုမ်းမျှဖြစ်စေ၊ပေးလှူ၊ဝေလော့၊ မသွေသိလ၊ ကျင့်ညီမျှလော့၊ ဒုက္ခလွတ်ရန်၊ ကျင့်တူတန်လော့၊ ခြောက်တန် အရှိ၊ သာရဏီကို၊ကျင့်သိစစ်စစ်၊ဆယ့်ခုနှစ်ပင်၊ ဖြစ်သစ်သောသူ၊ အကျိုးမှုကား၊ ငြူ၊စူ၊ဣဿာ၊ ဝန်တို့ကွာ၏၊သမ္မာလူနတ်၊ ချစ်ခင်မြတ်၏၊ မျှားလက်ဥစ္စာ၊ ရ-လွယ်သာ၏၊ ရ-လ ၁သည့်ဆုမ်း၊ ပေးလှူ၊ဒါန်းလည်း၊ မခန်းကုန်ဟန်၊မဲချပြန်လည်း၊လှူရန်အကောင်းဆုံး၊ သူလှူ၊ကျုံး၏၊ ပျက်ပြုံးပြည်ရှာ၊ ဘေးတွေ့ခါနှင့်၊ဝတ်ဆာသောခါ၊ ကြုံရပါလည်း၊ ဒေဝါစောင်မ၊ ချမ်းသာရသည်၊ သာရဏီယ၊ အကျိုးတည်း။

(အဌဂုံတွေ့ ပါဠိတော်နှင့် အဌကထာ)

၇၀။ ၄ကဲနှင့် တူညီ မြတ်ယောဂီ တရားတော်

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍသမံ သမံ။
ပုရိယိဘဒ္ဒာန ပကြွယျုံ၊ ဘဒ္ဒိတုံ အမတံ ရသံ။

သာဓုခေါ - နှလုံး ပျော့ပျောင်း အို့သူတော်ကောင်းတို့၊ ပါဒပက္ခံဝ - ခြေအတောင်ပံနှင့်တူသော၊ ဝရဏံ - အကျင့်မှန်စွာ စရဏခေါ်ရိုး တရားမျိုးကိုလည်းကောင်း၊ တုဏ္ဍသမံ - နှုတ်သီး ပမာ တူလှစွာသော၊ ဝိဇ္ဇံ - ဝိဇ္ဇာခေါ်ရိုး အသိဉာဏ်မျိုးကိုလည်း ကောင်း၊ သမံ - မပိုမသာ ညီမျှစွာ၊ ပုရိယိတ္ထာန - ပြည့်စုံစေ၍၊ အမတံရသံ - ဒုက္ခကင်းရာ၊ မြို့ကိုချမ်းသာ မြတ်ရသာ ဓာတ်ကို၊ ဘဒ္ဒိတုံ - အရိယာမဂ္ဂ ခံတွင်းဝဖြင့် အားရပါးရ သုံးဆောင်ခံစား ခြင်းငှာ၊ ပကြွယျုံ - ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဘက်ကမ်းမှ စခန်းထ၍ နန်းမခေမံ နေရဗာန်ကမ်း နိဗ္ဗာန်နန်းကို ဖြောင့် ဖြောင့် ဘန်းတန်း ပျံသန်းကူးမြောက်ကြကုန်ရာသတည်း။

ဆောင်ပုဒ်

ခြေတောင်ပံက - စရဏတူ၊
နှုတ်သီးမျက်လုံး - မှတ်အုံးဝိဇ္ဇာ၊
ငှက်နှင့်တူသော - ယောဂိလိမ္မာ၊
အမြီက်သီး - စားပြီး ပျံနိုင်မှာ။

ဝိဇ္ဇာ ၈-ပါး

(က) သုံးပါးဝိဇ္ဇာ၊ ပုဒိအာ၊ ပညာဉာဏ်မျက်စိ။

(ခ) ရှစ်ပါးအရာ၊ လောင်းထိုက်၊ ဝိမစေဋ္ဌဒ္ဓိ။
(ဝိပဿနာ၊ မနောမယိဒ္ဓိ၊ စေတောပရိယ၊ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပုဗ္ဗေနိဝါသ၊ဒိဗ္ဗစက္ခု၊ အာသဝက္ခယ၊ ဝိဇ္ဇာ ၈-ပါး)

(ဂ) သီဠုန်ဘောဇာ၊ စျာန်လေးဖြာ၊ သဒ္ဓါဝိရိယ။

(ဃ) သတိ ပညာ၊ ဟိ သြ ဗာ၊ မှတ်ပါစရဏ။
(သီ - ပါတိမောက္ခသီလ၊ ဠုန် - ဠုန္ဒြိယသံဝရ၊ ဘော - ဘောဇနေမတ္တညု၊တာ၊ ဇာ - ဇာဂရိယာနုယောဂ၊ ဟိ-ဟိရိ၊ သြ-သြတ္တပ္ပ၊ ဗာ-ဗာဟုသစ္စ)။

မှတ်ချက်။ ။ဤ (က ခ ဂ ဃ) ဆောင်ပုဒ်များသည် မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များမှ ဖြစ်ပါသည်။

၄၁။ ဝါသိဇဋ္ဌသုတ်တရားတော်

ဆောင်ပုဒ်

(ခန္ဓဝဂ္ဂသံယုတ်)

၁။ နိဗ္ဗာန်လိုလား၊ သူတော်များ၊ကိုယ့်အားကိုယ်ကိုးပါ။

၂။ သားပေါက်စေကြောင်း၊ ဆုသာတောင်း၊ ဝပ်ကောင်း ငွေနုံ့မထုံပါ။

၃။ မပေါက်သည့်ပြင်၊ ဥတိုင်းပင်၊ ပုပ်ချဉ်ကြက်ပမာ။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ ဆုသာဟောင်း၊ ကျင့်ကောင်း မကျင့်ပါ။

၅။ မရောက်သည့်ပြင်၊ သံသာခွင်၊ ပူပင်ဒုက္ခဖြာ။

၆။ သားပေါက်စေကြောင်း၊ ဆုမတောင်းလဲ၊ ဝပ်ကောင်း ငွေလျှံ၊နုံ့ပေးထုံ၊ကြက်မြုံအားလုံး ပေါက်နိုင်သတည်း။

၇။ နိဗ္ဗာန်ရောက်ကြောင်း၊ ဆုမတောင်းလဲ၊ ကျင့်ကောင်း ပွားများ၊ ပြုသူကား၊ မမှားနိဗ္ဗာန် မျက်မှောက်ပြုနိုင်သတည်း။

၈။ သုံးခုနှစ်ပါး၊ကျင့်ကောင်းကား၊မှတ်သား ဗောဓိပက္ခိယတရားပါ။

၉။ ဝါသိဇဋ္ဌ၊ သုတ်တော်မှ၊ ဗုဒ္ဓမိန့်တော်ပါ။

(သဂါထာဝဂ္ဂ ကောသလသံယုတ် ဒုတိယဝဂ်)

၄၂။ အပ္ပမာဒသုတ် ဆောင်ပုဒ်

၁။ ပစ္စုပ်တမလွန်၊ ကျိုးနှစ်တန်၊ အမှန်ကောင်းတာ ဘယ်တရား၊နည်း။

၂။ ပစ္စုပ်တမလွန်၊ကျိုးနှစ်တန်၊အမှန်ကောင်းတာ အပ္ပမာဒတရားတည်း။

၃။ မြေပြင်ခြေရာ၊ အားလုံးဟာ၊ ဆင်မှာ ခြေရာ ပေါင်းသတည်း။

၄။ ကုသိုလ်မှန်ယင်၊ သတိတွင်၊ သက်ဝင်ပေါင်းသတည်း။

၅။ သက်ရှည်နာကင်း၊လှအဆင်း၊ရောက်ခြင်းနတ်တို့ပြည်။

၆။ အမျိုးဂုဏ်မြင့်၊အဆင့်ဆင့်၊မျှော်လင့်သူတို့သည်။

၇။ အပ္ပမာဒ၊ မြဲနိစ္စ၊ မုချကျင့်အပ်သည်။

၈။ ပညာရှိမျှား၊ သတိတရား၊ မနှားချီးမွမ်းသည်။

၉။ သတိပြည့်ဝ၊ပဏ္ဍိတသည်၊ခုဘဝမှန်၊ပစ္စုပ္ပန်နှင့်၊တမလွန်ကျိုး၊ ထိုနှစ်မျိုး၊ အားကိုးအရယူပေသည်။

၁၀။ ထိုကျိုးနှစ်ပါး၊ ရသူကား၊ ထင်ရှားပဏ္ဍိတ်မည်။



၄၃။ ကိုယ်အားကိုယ်ကိုးဘရားတော်

၁။ ဖြစ်ပွားပြုပျက်၊ ဤလေးချက်၊ ပျက်ရိုးသဘောတည်း။

၂။ မပျက်စေလို၊ တောင်းဆုဆို၊ အပိုသဘောတည်း။

၃။ သူတပါးအား၊ မကိုးစား၊ ကိုယ့်အားကိုယ်ကိုးပါ။

၄။ အခြားတပါး၊ မကိုးစား၊ တရားအားကိုးပါ။

၅။ ဘယ်လိုမှီခို၊ မိမိကိုယ်၊ ဘယ်လို တရားအားကိုးမှာ။

၆။ ရုပ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာရှုမှတ်ပါ။

၇။ ဤလိုမှီခို၊ မိမိကိုယ်၊ ဤလို တရား အားကိုးပါ။

၈။ ဘုရားရှိခါ၊ မရှိခါ၊ ကိုးရာဒါပဲသာ။

၉။ ဤလိုကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံးဖြစ်ရမှာ။

၁၀။ စုန္ဒသုဘက်မှာ၊ မြတ်ဗုဒ္ဓါ၊ မိန့်မှာတရားပါ။

၄၄။ မဟာပရိနိဗ္ဗာနသုတ် အရိယသစ္စာ တရားတော်

ဆောင်ပုဒ်

၁။ ဒုက္ခသမุဒယ၊ နိရောဓ၊ မဂ္ဂလေးသစ္စာ။

၂။ လျော်အောင်ထိုးထွင်း၊ ဉာဏ်နှစ်ကွင်း၊ သိခြင်းကင်း ခဲ့တာ။

၃။ ဒါကြောင့် ငါဘုရား၊ သင့်အများ၊ ရှည်လျားသံသရာ။

၄။ ယခု ငါဘုရား၊ မှန်လေးပါး၊ ထင်ရှားသိပြီသာ။

၅။ တဏှာပြတ်ရှင်း၊သံသာတွင်း၊လွတ်ကင်း ငါချမ်းသာ။

၆။ သင်တို့ ထိုထို၊ ချမ်းသာလို၊ ဒါကိုကျင့်ကြပါ။

၇။ သီလသမာဓိ၊ ပညာသိ၊ အရှိကျင့်ပွားပါ။

၈။ သီလထုံရှိ၊ သမာဓိ၊ ကြီးဘိကျိုးဆက်ဖြာ။

၉။ သမာဓိထုံ၊ ပညာစုံ၊ ကြီးတုံကျိုးဆက်ဖြာ။

၁၀။ ပညာထုံပွား၊ စိတ်တရား၊ လွတ်ငြားအာသဝ၊။

၁၁။ အာသဝေ၊လွတ်ယင်၊သံသာတွင်၊မကျင်လည်တော့ပါ။

(က) သစ္စာအနက် ၁၆-ချက်ဆောင်ပုဒ်
(၀ါခင်းကုန်း ဦးတိက္ခ)

၁။ နှိပ်စက်ပြုဖန်၊လောင်ပူပန်၊ဖောက်ပြန်လေးချက်ဒုက္ခနက်၊

၂။ အားထုတ်ကြောင်းစု၊ ဖဲ့နှောင်ပြု၊ တားမှုလေးချက် သမုဒယနက်။

၃။ ထွက်မြောက်ကင်းဝေး၊ပြုပြင်အေး၊မြိုက်ဆေးလေးချက် နိရောဓနက်။

၄။ ကယ်ထုတ်ရောက်ကြောင်း၊ သိမြင်လောင်း၊ စိုးကြောင်း လေးချက် မဂ္ဂနက်။

(ဝိသုဒ္ဓိ-ဌ ၂၊ ၁၂၅၊ အဘိ-ဌ ၂၊ ၇၀)

(ခ) ဥာဏ်သုံးပါးနှင့် ဖြစ်ရာကာလ ဆောင်ပုဒ်
(မဟာစည်ဆရာတော်)

၁။ ရှေနောက်ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာ သစ္စာဥာဏ်။

၂။ သိသင့်ပယ်သင့်၊ ဆိုက်ပွားသင့်၊ သိနှင့်ကိစ္စဥာဏ်။

၃။ ကိစ္စပြီးလျှင်၊ ပြီးကြောင်းမြင်၊ ခေါ်တွင်ကတဥာဏ်။

(သံ-ဌ ၃၊ ၃၂၈။ သာ-ဋီ ၃၊ ၁၇.၉)

အဂ္ဂိတ္ထရနိကာယ စတုက္ကနိပါတပါဠိ၊
စတုတ္ထပဏ္ဏာသကပြာဟ္မဏဝဂ္ဂ။

၄၅။ အဘယသုတ္တန်ကရားတော်

အကျဉ်း

၁။ ကာမပေါ်မှာ၊ ငြိတဏှာ၊ သေမှာကြောက်သူ တယောက်တည်း။

၂။ ကိုယ်ခန္ဓာမှာ၊ ငြိတဏှာ၊ သေမှာကြောက်သူ တယောက်တည်း။

၃။ ကုသိုလ်မပြု၊ အကုပြု၊ သေမှုကြောက်သူ တယောက်တည်း။

၄။ တရားမှန်မှာ၊ ယုံမှားရှာ၊ သေမှာကြောက်သူ တယောက်တည်း။

၅။ ကာမပေါ်မှာ၊ တဏှာကွာ၊ သေမှာမကြောက်သူ တယောက်တည်း။

၆။ ကိုယ်ခန္ဓာမှာ၊ တဏှာကွာ၊ သေမှာမကြောက်သူ တယောက်တည်း။

၇။ အကုမပြု၊ ကုသိုလ်ပြု၊ သေမှုမကြောက်သူ တယောက်တည်း။

၈။ တရားမှန်ရာ၊ ယုံမှားကွာ၊ သေမှာ မကြောက်သူ တယောက်တည်း။

အကျယ်

သေမှာကြောက်သူလေးမျိုး

(က)

၁။ အချို့သူဟာ၊ ကာမမှာ၊ တဏှာငြိုကပ်သည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ ငါ့ကိုရှောင်ရှား၊ ကာမများ၊ စွန့်သွားကြတော့မည်။
၄။ ငါကရှောင်ရှား၊ ကာမများ၊စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံဖြစ်ရသည်။
၆။ စိုးပင်ပန်းမှု၊ ငိုကြွေးပြု၊ ရင်ထုတွေ့ဝေသည်။
၇။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊မှတ်ပါတယောက်မည်။

(ခ)

၁။ အချို့သူဟာ၊ ကိုယ့်ခန္ဓာ၊ တဏှာငြိုကပ်သည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ ငါ့ကိုယ်ရှောင်ရှား၊ဤကိုယ်ကား၊စွန့်သွားလေတော့မည်။
၄။ ငါကရှောင်ရှား၊ဤကိုယ်အား၊စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံဖြစ်ရသည်။
၆။ စိုးပင်ပန်းမှု၊ ငိုကြွေးပြု၊ ရင်ထုတွေ့ဝေသည်။
၇။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊မှတ်ပါတယောက်မည်။

(ဂ)

၁။ အချို့သူဟာ၊ ကောင်းမှုကွာ၊ ပြုတာမကောင်းရှည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။

၃။ ကောင်းဖက်မလွဲ၊ ဆိုးပြုခဲ့၊ သွားဟဲ့မိုက်လမ်းဆီ။
၄။ နောင်တနောင်တ၊ နောက်မှတ၊ စိတ်က မအေးသည်။
၅။ စိုးပင်ပန်းမှု၊ ငိုကြွေးပြု၊ ရင်ထုတွေ့ဝေသည်။
၆။ သေခါနီးမှာ၊ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။

(ဃ)

၁။ အချို့သူကား၊ ကောင်းတရား၊ ယုံမှားဖြစ်မိသည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ သူတော်တရား၊ ငါယုံမှား၊ မိုက်မှားမိခဲ့သည်။
၄။ နောင်တနောင်တ၊ နောက်မှတ၊ စိတ်က မအေးသည်။
၅။ စိုးပင်ပန်းမှု၊ ငိုကြွေးပြု၊ ရင်ထုတွေ့ဝေသည်။
၆။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။
၇။ သေခြင်းတရား၊ ကြောက်လန့်သွား၊ မှတ်သား လေး
ယောက်တည်း။ (သေမှာကြောက်သူလေးမျိုး။)

(c)

၁။ တချို့သူဟာ၊ ကာမမှာ၊ တဏှာမကပ်ပြီ။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ ငါ့ကိုယ်ရှောင်ရှား၊ ကာမများ၊ စွန့်စားကြတော့မည်။
၄။ ငါကားမရှောင်ရှား၊ ကာမများ၊ စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံမဖြစ်ပြီ။
၆။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ငိုကင်း မတွေ့ဝေတော့ပြီ။
၇။ သေခါနီးမှာ၊ကြောက်လန့်ကွာ၊မှတ်ပါတယောက်မည်။

(၀)

၁။ အချို့သူဟာ၊ ကိုယ့်ခန္ဓာ၊ တဏှာမကပ်ပြီ။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ ငါ့ကိုယ်ရှောင်ရှား၊ ဤကိုယ်ကား၊ စွန့်သွားလေတော့မည်၊
၄။ ငါကားရှောင်ရှား၊ ဤကိုယ်အား၊ စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံမဖြစ်ပြီ။
၆။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်း မတွေ့ဝေတော့ပြီ။
၇။ သေခါနီးမှာ၊ ကြောက်လန့်ကွာ၊ မှတ်ပါတယောက်မည်။

(၁)

၁။ အချို့သူဟာ၊ ကောင်းပြုတာ၊ ပယ်ခွာမကောင်းရှည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ၊
၃။ ကောင်းမှုကိုပြု၊ ဆိုးမပြု၊ ရှေ့ရှုကောင်းလမ်းဆီ။
၄။ ကောင်းစွကောင်းစု၊ တယ်ကောင်းစု၊ စိတ်ကင်မ်းသာသည်
၅။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်းမတွေ့ဝေတော့ပြီ။
၆။ သေခါနီးမှာ၊ ကြောက်လန့်ကွာ၊ မှတ်ပါတယောက်မည်၊

(၈)

၁။ အချို့သူကား၊ ကောင်းတရား၊ ယုံမှားကင်းကွာသည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ သူတော်တရား၊ မယုံမှား၊ ငါကား ဝမ်းသာသည်။
၄။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်းမတွေ့ဝေတော့သည်။
၅။ သေခါနီးမှာ၊ ကြောက်လန့်ကွာ၊ မှတ်ပါတယောက်မည်
၆။ သေချင်းတရား၊ မကြောက်ငြား၊ မှတ်သား လေ
ယောက်တည်း။

၄၆။ ကျေးဇူးရှင်ညောင်ကန့်ဦးဗုဒ္ဓ ဆရာတော်ဘုရားကြီး၏ မဟာသတိပဋ္ဌာနသုတ် ဆောင်ပုဒ်လက်ဝမျှား

(က) သုံးရာသော အရိုးပြဆောင်ပုဒ်လက်ဝ

လက်ခြေရိုးနှု၊ စတုသင်္ဘ၊ ဒွေပဏ္ဍိုထက်၊ ဖမျက်မြင်းခေါင်း၊ လေးချောင်းစီဖြစ်၊ ပုဆစ်ပေါင်ခါး၊ နှစ်ပါးစီသာ၊ ကျောက်မှာ ဆယ့်ရှစ်ခု၊ စတုဝီသ၊ နံရိုးကျလိမ့်၊ စုဒ္ဒသရင်ဖုံး၊ နှလုံးတမျှိုး၊ ညှပ်ရိုးလက်ပြင်၊ မောင်းတွင်နှစ်ပါး၊ မောင်းဖျားလေးသာ၊ လည်မှာခုနစ်ခု၊ နှစ်ခုမေးရိုး၊တမျှိုးနှာတွင်း၊ မျက်ကွင်းနှစ်ပါး၊ နားတွင်းနှစ်ခါ၊ နဋ္ဌာဌေက၊ မုဒ္ဓကော်၊ ခေါင်းခွံကားကိုး၊ မော်ကွန်းထိုးသည်၊အရိုးသုံးရာပြည့်သတည်း။

(ခ) စိတ်နှင့် နှလုံးသွေး-ဆောင်ပုဒ်လက်ဝ

နီမြန်းရာဂ၊ဒေါသမည်းငြား၊သားဆေးမောဟ၊တက္ကပဲရည်၊ ဝါသည်သဒ္ဓါ၊ပညာပြိုးပြက်၊ဇောတမြက်သို့၊ ထိန်လက်ရောင်လျှံ ထင်သာကည်း။

သောမနဿ၊ နိမြန်းလှ၏၊ ဒေါသမည်းစ္ဆာ၊ ဥပေက္ခာမှု၊ နှမ်းဆီတူဟု၊ မှတ်ယူတနည်းကျမ်းလာတည်း။

(ဂ) စားသမျှအစာ-မှတ်စရာ

ပိုးစာလောင်မီး၊ ကျင်ကြီး ကျင်ငယ်၊ တသွယ် သွေးသား၊ ဖြစ်လေငြားသည်၊ ငါးပါးအစာခွဲဝေတည်း။

(ဃ) သည်းခြေ၌ မှတ်ဖွယ်

၁။ ဘော - ပဿာဒ၊ လောဟိတ၊ ဇီဝသည်းခြေသုတ်။
၂။ ကိုယ်လုံးနှုံးဖြာ၊ တည်နေရာ၊ ကျမ်းလာမှန်သမှုတ်။

(င) သတိသမ္မောဇ္ဈင် ပွားကြောင်း

သတိသမ္ဘဇင်၊ အမြဲယှဉ်၍၊ ကြဉ်လင်မုဋ္ဌ၊ မှီရသတိမှာ၊ ဓိမုတ္တာဟု၊လေးဖြာသတိပွားကြောင်းတည်း။

(စ) ဓမ္မဝိစယသမ္ဘောဇ္ဈင် ပွားကြောင်း

ဖန်ဖန်မေးမှု၊ ဝတ္ထုစုင်စေ၊ ဂ္ဂန္ဒြမ္ပ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိ ယှဉ်မှ၊ ဆင်ခြင်နက်လှ၊ဓိမုတ္တာဟု၊ဉာဏပွားကြောင်း ခုနစ်တည်း။

(ဆ) ဝီရိယသမ္ဘောဇ္ဈင် ပွားကြောင်း

ပါယ်ဘေးဆင်ခြင်၊ မြင်သည်အကျိုး၊ လမ်းရိုး လိုက်နှာ၊ ပိဏ္ဍာပဓာယ၊ ဒါယဇ္ဇဟု၊ သတ္တုမြတ်ဘီ၊ ဇာတိမဟတ္တ၊ သဗ္ဗဟု စာရီ၊မမ္ပီလူပျင်း၊ မှီတင်းအာရဒ္ဓ၊ ဓိမုတ္တာဟု၊ လုံ့လ ပွားကြောင်း ဆယ့်တစ်တည်း။

(၈) ပီတိသမ္ဗောဇ္ဈင် ပွားကြောင်း

သတ္တာနုဿတိ၊ ကြဉ်ဘိလူခ၊ သိနိဒ္ဓရာ၊ ပသာဒသုတ်၊ အဓိမုတ်ဟု၊ မယုတ်ပတ် ဆယ့်တစ်တည်း။

(၈၂) ပဿဒ္ဓိသမ္ဗောဇ္ဈင် ပွားကြောမ်း

ဘောဇဉ်မှန်မြတ်၊ လျောက်ပတ်ဥတု၊ သုခဠာရိယာ၊ မဇ္ဈာပယောဂ၊ သာရဒ္ဓကြဉ်၊ ယှဉ်အသာရဒ်၊ ဝိမုတ်မှတ်သည်၊ ပဿဒ်ပွားကြောင်း ခုနစ်တည်း။

(ည) သမာဓိသမ္ဗောဇ္ဈင် ပွားကြောင်း

ဝတ္ထုစုင်ဇ်စေ၊ ဠာန္ဒြေမျှစ္ဆာ၊ လိမ္မာနိမိတ္တ၊ ပဂ္ဂဟနိဂ္ဂဟံ၊ သမ္ပဟံသ၊ ဥပေက္ခာနှင့်၊ ပုံ့လှင့်သူကြဉ်၊ တည်ကြည်ယှဉ်မှ၊ ဈာနဝိမောက်၊ ဝိမုတ်လျောက်သည်၊ ပွင့်မြောက်မိတိ ဆယ့် တစ်တည်း။

(ဌ) ဥပေက္ခာသမ္ဗောဇ္ဈင် ပွားကြောင်း

ကမ္မဿက၊ နိဿတ္တာဖြင့်၊ သတ္တာမဇ္ဈာ၊ အသာမိက၊ အနဒ္ဓဖြင့်၊ သခ်ါရမဇ္ဈာ၊ သခ်ါရသတ်၊ ချစ်တတ်သူကြဉ်၊ လစ်လျူယှဉ်မှ၊ ဝိမုတ္တာဟု၊ မဇ္ဈပွားကြောင်း ငါးပါးတည်း။

(ဍ) ဗောဇ္ဈင်ခုနစ်ပါး-ပွားကြောင်း သင်္ချာများ

သတိ-ဓမ္မ၊ ဝိစယနှင့်၊ ဝီရိယ-ပီတိ၊ ပဿဒ္ဓိဟု၊ သမာဓုပေက္ခာ၊ ခုနစ်ဖြာတွင်၊ ကြောင်းခြာမှန်သိ၊ သတိစတု၊ ပဋ္ဌာ်ပေက္ခ၊ ဝိစယ

ပဿဒ်၊ ပဌားမှတ်သတ္တ၊ ဝိရိယပိတိ၊ သမာဓိကား၊ ပဌားဘိ ဆယ့်တစ်စိပ်တည်း။

(၃) သတိပဋ္ဌာန် မယ်သုမနဖြစ်စဉ်

လူကြက်မင်းမှာ၊ ဗြဟ္မာသူကြွယ်၊ ဝက်ငယ်ဖြစ်ဘိ၊ ဘုမ္မိဝန၊ ဗာရာဏသီမှာ၊ သုပ္ပါရကာ၊ ကာဝိကနှင့်၊ ပြည်အနုရာ၊ ရွာဘောက္ကန္ဓ၊ ဖြစ်သေရသည်၊ ဘဝဆယ့်သုံးယုတ်မြတ်တည်း။

၄၇။ မဟာသတိပဋ္ဌာန်ဝိပဿနာ ရှုနည်း မူသေစည်း

(က) ထိုင်စဉ်ရှုနည်း မူသေစည်း

၁။ ရတနာသုံးပါး၊ ဦးထိပ်ထား၊ ဝပ်တွားပြီးပါယင်။

၂။ ပဋ္ဌ - အဋ္ဌ၊ အာဇီဝ၊ သီလလူမှုပြည့်စုံယင်။

၃။ ရဟန်းသီလ၊ ရှင်သီလ၊ တည်ကြည်ပြီးပါယင်။

၄။ သစ်ပင်တောရပ်၊ ဆိတ်ငြိမ်ကပ်၊ သူမြတ်ယောဂီရှင်။

၅။ ဗယ်ခြေတွင်းထား၊ ညာခြေအား၊ ပြင်ကားခွဲလျက် တင်ပလွင်။

၆။ မည်ပ်မဖိ၊ ချောင်ချောင်ချိ၊ ထိုင်မိယောဂီရှင်။

၇။ ဘယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန်လက်ကို ထက်ကတင်။

၈။ တင်ပခုံးနား၊ စဉ်သုံးပါး၊ ထိုင်ခါးဖြောင့်စေချင်။

၉။ မျက်စေ့မှိတ်လေ၊ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။

၁၀။ ဖောင်းတာပိန်တာ၊ ဝမ်းဗိုက်မှာ၊ မှတ်ပါသတိယှဉ်။

၁၁။ မြင်ယင်မြင်တယ်၊မှတ်ရမယ်၊ပျောက်ကွယ်ဖောင်းပိန်ဝင်။

၁၂။ ကြားယင်ကြားတယ်၊ မှတ်ရမယ်၊ ပျောက်ကွယ်ဖောင်းပိန်ဝင်။

၁၃။ နံယင်နံတယ်၊မှတ်ရမယ်၊ ပျောက်ကွယ်ဖောင်းပိန်ဝင်။

၁၄။ တံတွေးများတယ်၊ လုံးချင်တယ်နှင့်၊ လုံးတယ် မျိုတယ်၊ မှတ်ပြီးဝယ်၊ဖောင်းတယ်ပိန်တယ်၊ ဆက်မှတ်ဝင်။

၁၅။ တံတွေး များတယ်၊ လုံးချင်တယ်နှင့်၊ လုံးတယ် ထွေးတယ်၊ မှတ်ပြီးဝယ်၊ ဖောင်းတယ် ပိန်တယ်၊ ဆက်မှတ်ဝင်။

၁၆။ ပူအေးနွေးလတ်၊ တေဇောဓာတ်၊ရှုမှတ်ပြီးယင်၊ ဖောင်းပိန်ဝင်။

၁၇။ ပူကြီးတင်းကျပ်၊ ယိုစီးလတ်၊ ရေ-ဓာတ်မှတ်ပြီး ဖောင်းပိန်ဝင်။

၁၈။ တောင့်တင်းလှုပ်ရှား၊ လေဓာတ်များ၊ ရှုပွားပြီးက ဖောင်းပိန်ဝင်။

၁၉။ ကြမ်းတယ်နုတယ်၊ လေးပေါ့တယ်၊ ပျော့တယ်မာတယ် ရှုပြီးယင်။

၂၀။ ဖောင်းတယ်ပိန်တယ်၊ဆက်လို့ရယ်၊မှတ်ကွယ်ယောဂီရှင်၊

၂၁။ ထိုကျင်အောင့်နာ၊ဝေဒနာ၊မှတ်ခွာပြီးကဖောင်းပိန်ဝင်။

၂၂။ မပျောက်မချင်း၊သည်းခံယင်း၊ဇွဲတင်းမှတ်စေချင်။

၂၃။ မခံနိုင်ယင်၊ ပြုပြင်ချင်၊ ပြုစဉ်ပြင်စဉ် မှတ်စေချင်။

၂၄။ သို့မှတ်ပြီးယင်၊ ဖောင်းပိန်ပင်၊ အစဉ်ဆက်မှတ်ဝင်။

၂၅။ ဆိမ့်တာကောင်းတာ၊ ဝေဒနာ၊ မှတ်ခွဲပြီးက ဖောင်းပိန်ဝင်။

၂၆။ နှစ်သက်စိတ်ဆိုး၊ စိတ်မျိုးမျိုး၊ မှတ်ရိုးပျောက်က ဖောင်းပိန်ဝင်။

၂၇။ ကွေးယင်ကွေးတယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်။

၂၈။ ဖောင်းပိန်မလတ်၊ ပေါ်ရှုမှတ်၊ နောက်ထပ် ဖောင်းပိန်ဝင်။

၂၉။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင်ရှုမှတ်စဉ်။

၃၀။ ထိုင်တယ်မှတ်ယင်၊ ထိုင်ရုပ်သွင်၊ ထိုင်စဉ်ဉာဏ်သက်ဝင်။

၃၁၊ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ်ဉာဏ်သက်ဝင်။

၃၂။ ဖောင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊မှတ်ဘိရှေးနည်းပင်။

၃၃။ ဒေသနက္ကမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်။

၃၄။ ပဝတ္တိက္ကမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။

၃၅။ ပဋ္ဌိပတ္တိက္ကမ၊ ကျင့်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။

၃၆။ ဖြစ်စဉ်ပေါ်နှိုက်၊ကျင့်စဉ်လိုက်၊ဆိုင်တိုက်မြတ်ဟောစဉ်။

၃၇။ သမာဓိယှဉ်၊ဖြစ်ပျက်မြင်၊ဉာဏ်စဉ်တက်၍မင်ဖိုလ်ဝင်။

၃၈။ ထိုင်စဉ်ရှုနည်း၊မူသေစည်း၊ သိမ်းဆည်းသူတော်စဉ်။

(ခ) လျောင်းစဉ် ရှုနည်းမူသေစည်း

၁။ လျောင်းချင်စိတ်ဝယ်၊ လျောင်းချင်တယ်၊ နာမ်ဝယ်သတိယှဉ်။

၂။ လျောင်းနေခိုက်မယ်၊ လျောင်းအိပ်တယ်၊ ရှုပ်ဝယ် သတိယှဉ်။

၃။ ဖောင်းတယ်ပိန်တယ်၊ လျောင်းအိပ်တယ်၊ မှတ်ကွယ် မှတ်နိုင်ယင်။

၄။ ဖောင်းတယ်ပိန်တယ်၊ လျောင်းထိုတယ်၊ မှတ်ကွယ် မှတ်နိုင်ယင်။

၅။ လျောင်းတယ်မှတ်ယင်၊ လျောင်းရုပ်သွင်၊ လျောင်းစဉ် ဉာဏ်သက်ဝင်။

၆။ ထိုတယ်မှတ်ယင်၊ ကျောကြွမ်းပြင်၊ထိစဉ်ဉာဏ်သက်ဝင်။

၇။ ဖောင်းပိန်လျောင်းထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိ ရှေးနည်းပင်။

၈။ ဒေသနာကွမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်။

၉။ ပဝတ္တိကွမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန် အစုံဝင်။

၁၀။ ပဋ္ဌိပတ္တိကွမ၊ ကျင့်စဉ်က၊ လေးဝသကိုပဋ္ဌာန်အစုံဝင်။

၁၁။ ဖြစ်စဉ်ပေါ်ဌ၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟောစဉ်။

၁၂။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်ဖိုလ်ဝင်။

၁၃။ လျောင်းစဉ်ရှုနည်း၊မူသေစည်း၊ သိမ်းဆည်းသူတော်စဉ်။

(ဂ) သွား-ရပ်ရှုနည်း မူသေစည်း

၁။ သွားချင်စိတ်ဝယ်၊ သွားချင်တယ်၊ နာမ်ဝယ်သတိယှဉ်။

၂။ သွားယင်သွားတယ်၊သွားခိုက်မယ်၊ရုပ်ဝယ်သတိယှဉ်။

၃။ ဗယ်လှမ်းခိုက်မယ်၊ ဗယ်လှမ်းတယ်၊ရုပ်ဝယ်သတိယှဉ်။
၄။ ညာလှမ်းခိုက်မယ်၊ ညာလှမ်းတယ်၊ ရုပ်ဝယ်သတိယှဉ်။
၅။ ဗယ်ညာနှိုင်းယင်း၊ ကြွချတင်၊ မှတ်စဉ်သတိယှဉ်။
၆။ ကြွချနှိုင်းက၊ ကြွလှမ်းချ၊ မှတ်ပါ့သတိယှဉ်။
၇။ စကြုံးဆုံးရာ၊ ရပ်ချင်တာ၊ ရပ်တာရှုမှတ်ယှဉ်။
၈။ လှည့်ချင်လှည့်စဉ်၊ ရပ်သွားချင်၊မှတ်ယင် ရှေးနည်းပင်။
၉။ သွားရပ်တိုင်းပင်၊ သတိယှဉ်၊ အစဉ်မှတ်စေချင်။
၁၀။ ဒေသနက္ကမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်။
၁၁။ ပဝတ္တိက္ကမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၂။ ပဋိပတ္တိက္ကမ၊ ကျင့်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၃။ ဖြစ်စဉ်ပေါ်နှိုက်၊ကျင့်စဉ်လိုက်၊ဆိုင်တိုက်မြတ်ဟောစဉ်။
၁၄။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ဝင်။

(ဃ) သမ္ပဇဉ်ရှုနည်း မူသေစည်း

၁။ ရှေတက်ချင်တယ်၊ ရှောက်တယ်၊ ရုပ်ဝယ် နာမ်ဝယ် မှတ်သိယှဉ်။
၂။ နောက်ဆုတ်ချင်တယ်၊ နောက်ဆုတ်တယ်၊ ရုပ်ဝယ် နာမ်ဝယ် မှတ်သိယှဉ်။
၃။ စောင်းကြည့်ချင်တယ်၊ စောင်းကြည့်တယ်၊ ရုပ်ဝယ် မှတ်သိယှဉ်။

၄။ ငုံလှည့်ကြည့်ချင်၊ ငုံလှည့်ချင်၊ ရုပ်တွင် နာမ်တွင် မှတ်သိယှဉ်။

၅။ ကွေးဆန့်ချင်တယ်၊ ကွေးဆန့်တယ်၊ ရုပ်ဝယ် နာမ်ဝယ် မှတ်သိယှဉ်။

၆။ သပိတ်သင်္ကန်း၊ သုံးဆောင်ခန်း၊ ရဟန်းရှင်များ မှတ်သိယှဉ်။

၇။ အိုးခွက်ဝတ်စား၊သုံးဆောင်များ၊များလှ မှတ်သိယှဉ်။

၈။ သုံးဆောင်ချင်တယ်၊သုံးဆောင်တယ်၊ရုပ်ဝယ် နာမ်ဝယ် မှတ်သိယှဉ်။

၉။ စားသောက်ခဲတုံ၊ သုံးဆောင်ကုန်၊ နှစ်စုံရုပ်နာမ် မှတ်သိယှဉ်။

၁၀။ ကျင်ကြီးကျင်ငယ် စွန့်ချင်တယ်၊ စွန့်တယ် ရုပ်နာမ် မှတ်သိယှဉ်။

၁၁။ သွားရပ်ချင်တယ်၊ ထိုင်ချင်တယ်၊ အိပ်ချင်တယ်လဲ မှတ်သိယှဉ်။

၁၂။ သွားတယ်ရပ်တယ်၊ ထိုင်နေတယ်၊ အိပ်တယ်မှတ်သိယှဉ်။

၁၃။ အိပ်ယာနိုးနေ၊ ဆိတ်ဆိတ်နေ၊ မသွေမှတ်သိယှဉ်။

၁၄။ ပြောချင်ယင်ကွယ်၊ပြောချင်တယ်၊ ပြောယင် ပြောတယ် မှတ်သိယှဉ်။

၁၅။ ပြုဖွယ်ပြုရာ၊ သတိပါ၊ ဉာဏ်ပါရှိတဲ့ သမ္မာဇဉ်။

၁၆။ ဒေသနဏ္ဍမ၊ သမ္မာဇည၊ ကာယာနုပဿနာပင်။

၁၇။ ပဝတ္တိကွမ၊ သမ္မာဇာ၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၈။ ဖြစ်စဉ်ပေါ်နှိုက်၊ကျင့်စဉ်လိုက်၊ဆိုင်တိုက်မြတ်ဟောစဉ်။
၁၉။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်ရှိမင်ဖိုလ်ဝင်။
၂၀။ သမ္မာစဉ်ရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းသူတော်စဉ်။

(c) မဟာသတိပဋ္ဌာနသုတ် ကြေငြာချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ကြေငြာချက်ကို
သတ္တဝါအတွက် ဟောခဲ့တယ်။
စိတ်ညစ်ကြေးတွေ ကင်းကွာဝေးလို့၊
ပူဆွေးငိုကြွေး လွန်မြောက်မယ်။
ကိုယ်စိတ်မထိန်း ဆင်းရဲကိန်းလဲ၊
ချုပ်ငြိမ်းကွယ်ပျောက်သွားရမယ်။
အရိယာမဂ်ကို မြန်မြန်ရလို့၊
နိဗ္ဗာန်ကိုလဲ ရောက်ရမယ်။
ထို့ကြောင့်မြတ်စွာ ဟောဖော်ကြားတယ်၊
ကြိုးစားအားထုတ် ကျင့်ကြကွယ်၊
ကျင့်ကွယ် ကျင့်ကွယ်။ ။

(d) မဟာသတိပဋ္ဌာန်သုတ် ဝန်ခံချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ဓမ္မစက်ကို၊
ဝန်ခံချက်နဲ့ တို့မြတ်စွာ။
ဟောမိန့်ပုံမှာ ဆုံတရားကို၊
ဖြစ်ပွားစေတဲ့ ရှင်လူမှာ။

အလွန်ကြာလျှင် ခုနစ်နှစ်နဲ့၊
ရဟန္တာစစ် ဖြစ်နိုင်ပါ။
စဲ့မှုကျန်တောင် နာဂါမ်လောက်တော့၊
ဆိုက်ရောက်မယ်တဲ့ ဧကန်ပါ။
မြန်သူဆိုလျှင် ခုနစ်ရက်နဲ့၊
ထိုဖိုလ်မဂ်ကို ရနိုင်ပါ။
ရဲရင့်ခိုင်မာ ဝန်ခံချက်နှင့်၊
ဓမ္မစက်ကို ဟောခဲ့ပါ။
နိဗ္ဗာန်လိုသူ မယုံမှားနဲ့၊
မြတ်ဘုရားကို ယုံကြည်ကာ။
သတိပဋ္ဌာန် ကိုယ့်သန္တာန် - အမြန်ပွားစေရာ၊
သို့ပွားစေမှ နိဗ္ဗာန်ရ မုချငြိမ်းအေးမှာ။

မှတ်ချက်။ ။ဤကြေငြာချက်နှင့် ဝန်ခံချက် မိန့်ခွန်းတော်များကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး ရေးသားတော်မူပါသည်။

ရန်ကုန်မြို့ ကုက္ကိုင်း - ဗဟန်း အမှတ် ၁၆၊
မဟာစည် သာသနာ့ရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိပုဋ္ဌက နာနာဂဏ္ဌိကာရက
ကမ္မဋ္ဌာနာစရိယ-ဓမ္မကထိက
ဓမ္မသေနာပတိ ကမ္ဘာ့သာသနာပြု မဟာနာယက
ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

၏

ထေရုပ္ပတ္တိသင်္ခေပ မော်ကွန်း
ရတုပိုဒ်စုံပါဘုရား

ရေးသားပူဇော်သူ
ညောင်ကန်အရှင်ဂုဏ္ဌက
အချိပိုဒ်များ

၁။ မထေရ်မဟာစည်
၂။ အမေ့တာရှည်
၃။ ဓမ္မေကြာတည်

ရွှတ်ဖတ်ပူဇော်သူ
အဆိုတော်-ထား
အချပိုဒ်များ

၁။ သည်းအူမြင့်မားတင့်ဖြာသော်။
၂။ စွဲယူလွှင့်ကြား မြင့်ကာကျော်။
၃။ မြဲတူကျင့်ပွား ဆင့်ရှုသော်။

၁။ မထေရ်မဟာစည်-အခြေ

မထေရ်မဟာစည်၊ မြန်မာပြည်၏ပင်ငါးမည်ဂုဏ်ရောင်၊ရန်ကြီး အောင်နှင့်၊ ကုန်းဘောင်ရှေဘို၊မုဆိုးဖိုပြင်၊ရန်ပြိုဇေယျာ၊ရတနာသိဃ်၊ ဒီသာနောက်ဆိုင်၊ ခုနစ်မိုင်ဟု၊ တွေ့နိုင်စိုစိမ်း၊ကောက်ပင်ယိမ်းနွဲ့၊ ရေသိမ်းရေသွယ်၊ ဆည်မြောင်းလယ်နှင့်၊ သပ္ပာယ်အင်ကြင်း၊ စေတီမင်းလဲ၊ ထိန်လင်းရှေရောင်၊ ဘုံကျောင်းဆောင်တည့်၊ ပင်ညောင်ကုက္ကို၊မန်ကျည်းညိုတို့၊စိမ်းစိုညို့မိုင်း၊ မြရောင်ဆိုင်း၍၊ ရှုတိုင်းသာယာ၊ ဆိပ်ခွန်ရှာတဲ့၊ လယ်ယာလုပ်ပြင်၊ ယက္ကန်းစင်နှင့်၊များဖျင်အိမ်ခြေ၊ရှစ်ရာရေခဲ့၊ ခုနေထောင်ကျော်၊ မြို့ဟုခေါ်လောက်၊ ရွာကျော်မြို့နီး၊ နိုဂုံးကြီးပေါ့၊ ဘုန်းမီးနေလ၊ စည်လောင်းလျှကို၊ သက္ကရာဇ်ထောက်၊ သောင့်နှစ်ရာနောက်တွင်၊ ခြောက်ဆယ့်ခြောက်ခု၊ ဝါဆိုဒုတိယ၊ ဆုတ်ဟူသုံးရက်၊ ပူးနံနက်၏၊ ချိန်စက်သုံးနာရီ၊ ချိန်ကောင်းဆီတွင်၊ သည်ခမည်းတော်၊ဦးကံတော်နှင့်၊ မယ်တော်ဒေါ်အုပ်၊သီဝိုက်ကြုတ်မှ၊ ဖွင့်ထုတ်တင့်ထူး၊ စိတ်ကြည်နူးစွာ၊ မီးရှူးသန့်စင်၊ မှန်ဖွားမြင်သည်၊ မောင်သွင်နာမ၊ မှည့်ခေါ်ကြ၏၊ သတ္တသားသမီး၊ သွေးသီးသီးတွင်၊ သားကြီးဒုတိယ၊ ဤပုတ္တကို၊ သက်မျှခြောက်နှစ်၊ ပညာသစ်ဖို့၊ ဖခင်မိကောင်း၊ ပျဉ်းမနားကျောင်းသို့၊ မနှောင်းအပ်နှံ၊ ဦးအာဒိစ္စထံတွင်၊ ပညာသင်၍၊ သက်ဝင်ဆယ့်နှစ်နှစ်၊ သာမဏေဖြစ်အောင်၊ ရှင်ချစ်သာသနာ၊ သွတ်သွင်းပါ၏၊ ဘွဲ့နာမည်သ၊ "ရှင်သောဘန"တဲ့၊ လှုပတင့်တယ်၊ အဓိပ္ပာယ်တိုင်း၊ သပ္ပာယ်ရုပ်ရေ၊ ဤသာမဏေသည်၊ စာပေသိဉာဏ်၊

လွန်ထက်သန်၏၊ပုံဟန်သိမြင်၊ဆရာရှင်က၊မသင်သဒ္ဒါ၊ ခုန်ကျော်ကာလျှင်၊ငါးဖြာဝိုနည်း၊ ကျမ်းနိဿယည်းကို၊ သိပ်သည်းကျ-နေ၊ တတ်ပြီးမှလျှင်၊ သဒ္ဒါသင်လျက်၊ တွေးမြင်သိခက်၊ စာတက်သင်ကြိုဟ်၊ဌီကာကျော်ဆို၍၊ဤကိုရင်က၊ အာဂုံရခဲ့၊ နျာသရူပသိဒ္ဓိ၊ ကြည့်ရုံသိလျက်၊ထိမိဉာဏ်သွား၊သူတပါးအား၊သင်ကြားစာချ၊ သင်ပေးရ၏၊ လုံ့လလဲသန်၊ ပင်ကိုယ်ဉာဏ်ကြောင့်၊ ကျမ်းဂန်ပါဋိ၊ အဋ္ဌကထာညှိ၍၊ နှံ့သိဌီကဲ့၊ ယောဇနာတို့၊ စိတ်ဖြာမေ့နှောက်၊ သိပေါက်ရောက်ပြင်၊ ဂဏန်းသင်္ချာ၊ စာအုပ်မှာပင်၊ ကြည့်ကာတတ်သိ၊ အုံ့လောက်ဘိ၏၊ ကဝိကိုရင်၊ သောဘနရှင်သည်၊ သက်တွင်ဆယ့်ခွန်၊ ရှာဆိပ်ခွန်မှ၊ ကျော်လွန် ရှေထောက်၊ ချီပါမြောက်ရှာ၊စာရောက်သင်သော်၊ရှေသိမ်တော်ဟု၊ထင်ပေါ်ဦးအာစရ၊ သဒ္ဒါငယ်သင်ရ၏၊ ထိုမှတဖန်၊ ရှာဆိပ်ခွန်တွင်၊ ပညာချန်သော၊ အင်ကြင်းတောတိုက်၊ မှတ်လော သူကြီးကျောင်း၊ ဆရာကောင်းထံ၊ ရှေ့ပြောင်းမှီထ၊ ဦးပရမက၊ ပို့ချစာပေ၊ သင်ကြားနေစဉ်၊ တွက်ရေနှစ်ဆယ်၊ သက်တော်ရှယ်မို့၊ နှစ်ဝယ်ကောဇာ၊ ထောင့်နှစ်ရာနှင့်၊ စွန်းသာရှစ်ငါး၊ ကထိန်မျှားနှင့်၊ လှူပွားမီးရောင်၊ ထိန်ထိန်ပြောင်သည့်၊ တန်ဆောင်မုန်းမှေး၊ ပြည့်ကျော်လေး၏၊နေ့အေးတနင်းလာ၊ရက်မြတ်ခါတွင်၊မှေးရှာသာမော၊ အင်ကြင်းတောဟု၊ ကျော်စောကျောင်းတိုက်၊ သိမ်တော်ဌာပင်၊ သမိုက်ထမ်းစင်ရှာ၊ သုမေဓာမည်၊ ဝိဟာတောရ၊ အာရှင်နိမ္မလဟု၊ သံဃာ့ထိုထို၊ မဟာဗိုလ်တည့်၊ ဂိုဏ်းကိုသမုတ်၊ ထေရ်ဂိုဏ်း ချုပ်ကို၊ ရိုတုပ်ဥပဇ္ဈာယ်၊ ကံဆောင်ဖွယ်သည့်၊ သုံးဆယ့်ငါးပါး၊ သံဃာများ၏၊ဖတ်ကြားကမ္မဝါ၊ ချီးမြောက်

စ္ဓာသား၊ ဓမ္မာနုဂ္ဂဟ၊ သမဏစစ်၊ ဖြစ်ရာ ရှင်လန်း၊ မြတ်ရဟန်း တည့်၊လ္ဘဒါန်းကော်ရော်၊ဦးအောင်ဘော်နှင့်၊တူပျော်ဒေါ်သစ်၊ ဒကာဖြစ်၏၊ ရင်နှစ်ဗုဒ္ဓ၊ အရှင်သောဘနသည်၊ ခေတ်ကတောင်း ဆို၊ စာပဲ့ထိုထို၊ မင်ြုမငြင်၊ ဖြေဆိုဝင်၏၊ ဝါပင်မရ၊ ရဟန်း သမဏ၊ ဘဝစဖြစ်၊ တစ်နှစ်ရှစ်ခြောက်၊ အောင်သစ်ငယ်တန်း၊ နောက်နှစ်ဆန်းတွင်၊ကြမြန်းသန်လျင်၊ပုသိမ်တခွင်နှင့်၊ များဖျင် လာသူး၊ ခရီးပူး၍၊စာကားမပြေဖြစ်၊တစ်နှစ်ရှစ်ရှစ်၊ ဆက်စစ် အောင်ဆန်း၊အကြီးတန်းကို၊အောင်ပန်းစင်စစ်၊ တစ်နှင်ရှစ်ကိုး၊ မော်ကွန်းထိုး၏၊ ရှေတိုးစာပဲ့၊မရှိပဲမို့၊နည်းလဲစုံချင်၊ ခရီးနှင်ခဲ့၊ မြို့တွင်မန္တလေး၊ ဉာဏ်သင္ဘေးဟု၊ နီးဝေးထင်ပေါ်၊ ကျမ်းတတ် မော်တို့၊ထံတော်ခိုဝင်၊အနောက်ပြင်ရှိ၊တိုက်ခင်မကန်၊ဆက်သွယ် ခံနှင့်၊ နေရန်သိကောင်း၊ ဖွားတော်ကျောင်းဌ၊ ကိန်းအောင်း ဘဝါ၊ အင်္ဂလိပ်စာနှင့်၊ ဆရာသီးသီး၊ နည်းစုံမြီး၏၊ ကျမ်းကြီး ကျမ်းငယ်၊ စာပင်လယ်ကို၊ ကျိစယ်ခတ်ကူး၊ စာပျော်မြူးခဲ့၊ ဆည်းပူးနှစ်နဲ့၊ သို့သော်လဲပဲ၊မီးခဲဉာဏ်ရှင်၊ တတ်ပြီးအင်ကြောင့်၊ စုံလင်ဆရာ၊ နည်းရပါ၏၊ မေ့ရှာဆိပ်ခွန်၊ ပြန်ခဲ့လွန်ပြီး၊ စာညွှန် လှမ်းကြား၊ ဆိပ်ခွန်ဖွားလျင်၊ ရပ်ခြားမော်လမြိုင်၊ တောင်ဝိုင်း ပိုင်ဌ၊ ကျောင်းထိုင်မေ့လျော်၊ ဆရာတော်က၊ မိန့်ခေါ်စာပျိုး၊ ထောင့်နှစ်ရာကုန်တစ်၊ အားကုန်မှာစ့ဲ၊ သွားဦးမှဟု၊ ဌာနမေ့ရှာ၊ စွန့်ထွက်ခွာခဲ့၊ သာယာရှုတိုင်း၊တောင်ကသိုက်ဖြင့်၊ တောင်ဝိုင်း တည်ရာ၊ ဆိပ်ငြိမ်ဇ္ဓာသား၊ မြလှာရိပ်ကောင်း၊ မြို့ရှေစောင်းက၊ တိုက်ကျောင်းမဏ္ဍိုင်၊မော်လမြိုင်သို့၊စာကိုင်ပို့ချ၊အရှင်သောဘန သည်၊ ကေသမုတ္တိ၊ သုတ်တော်ရှိတွင်၊ မိန့်ဘိမြတ်စ္ဓာ၊ တရားရှာ

လျှင်၊ သူငါပြောရေး၊ မယုံသေးလင့်၊ စစ်ဆေးကျင့်လောင်း၊ လက်တွေ့ကောင်းမှ၊ မစောင်းလိုက်နှာ၊ ကျိုးမပါလျှင်၊ ပယ်ခွာ စွန့်တဲ့ ၊တကျမ်းခဲ့၍၊ ပိုခဲ့စာရှိ၊ ဝိသုဒ္ဓိမဂ်၊ ဖွင့်ဘိကျင့်ပုံ၊ အစုံစုံ တွင်၊ နည်းကုန်ကျင့်ရန်၊ မလျော်ကန်ဘူး၊ တော်တန်သိပ်သည်း၊ ကျင့်ပုံနည်းသာ၊ စုစည်းမှတ်ရာ၊ သုတ်မဟာဝါ၊ စာဝါပိုဘိ၊ မဟာသတိပဋ္ဌာန်၊ သုတ်ရှိကျင့်နည်း၊နှလုံးထည်းတွင်၊ သိပ်သည်း နှစ်ခြိုက်၊ ကိုယ်တွေ့ဆိုက်အောင်၊ခါခိုက်မနှောင်း၊ ဆရာကောင်း ထံ၊ ကိန်းအောင်းကျင့်မည်၊ စိတ်တွင်ရည်၏၊ ဇာနည်သမဏ၊ အရှင်သောဘနသည်၊ငယ်ကပင်လျှင်၊ကျင့်ကြံချင်ခဲ့၊ဓုတင်ဝလေ့၊ ခါခွင့်တွေ့တိုင်း၊ ပျော်မွေ့ခဲ့ဘူး၊ ပုဂ္ဂိုလ်ထူးတည်း၊ စိတ်ကူး တိုင်းပင်၊ ဆရာရှင်အား၊ ပန်ဆင်ရှိခိုး၊ တစ်နှစ်ကိုးသုံး၊ နှစ်မျိုး ကောဇာ၊တုံ့ကကျောင်းသာမှ၊ထွက်လာဖောရှည်းတေဇဝန္တိနှင့်၊ ဓမ္မခရီး၊ ပါမှပြီးသည့်၊ ရှစ်သီးပရိက္ခရာ၊ ကိုယ်စီပါ၍၊ သိက္ခာ ပြည့်ဝ၊ ကပ္ပိယကို၊ မုတ္တာမဆိုက်၊ အပ်အောင်လိုက်၍၊ ဇင်းကျိုက် ထိအောင်၊ လက်မှတ်ဆောင်၍၊ ပြန်မောင်းကပ္ပိယ၊ အရှင် သော ဘဏ္ဍာတို့၊ စီးကြရထား၊ ဇင်းကျိုက်နားဆင်း၊ ငွေဖွားနှင်းကျ၊ ပြာသိုလ၏၊ဆုတ်သဘ္ဘရက်မှန်၊ဇင်းကျိုက်လွန်သော်၊ ကတ္တန်ရင်း ငြိမ်၊ ကော့ကဋ္ဌတ်ကြိမ်၍၊ သိမ်သိမ်မွေ့မွေ့၊ သပိတ်ပွေ့လျက်၊ ရှာတွေ့ဆွမ်းရပ်၊ခြေလျင်တပ်သို့၊ဆိုက်ကပ်ရောက်ကြ၊သုဝဏ္ဏဟု၊ သာသနာ့ရိပ်မြုံ၊ မြို့သထုံ၌၊ တက်တုံမြသပိတ်၊ တောင်တော်ထိပ် ဝယ်၊ ချေးသိပ်ကြည်နူး၊ ဘုရားဖူး၍၊ ဆက်ကူးကေလာသ၊ ဝေပုလ္လဟု၊ပဗ္ဘတတောင်၊စေတီခေါင်များ၊ ရောင်အောင်ရိုကျိုး၊ ကျိုက်ထီးရိုးအား၊ ရှိခိုးဦးတင်၊ စုံဖူးမြင်၏၊ ထိုတွင်တွေ့ကြုံ၊

သန်းခေါင်ဘုံ၌၊ အရုဏ်တက်ပြီး၊ ဆွမ်းခံချီကြ၊ စုံညီဟစ်အော်၊ မခံသော်လဲ၊ ဆွမ်းတော်မရ၊ဆွမ်းခံကြ၏၊ နီးမှဒကာ၊စွန့်ထားပါ ရ၊ သူသာလိုက်သိ၊အရုဏ်ထိလျှင်၊ ကပ်မိဆွမ်းစား၊ တော်သေး သားပဲ၊ သူကားမသိ၊ စားပြစ်ဘိမူ၊နတ္ထိအာဟာရ၊ ဖြစ်မည်ပဟု၊ "ဟင်"ချသက်ပြင်း၊ တောင်မှဆင်း၍၊ မြို့တွင်းကျိုက်ထို၊တဆင့် ခိုလျက်၊ရွှေကိုဆက်မှန်း၊ သာစခန်းတည့်၊ မေးမြန်းကော့ကဒ္ဒတ်၊ လမ်းပြည့်တော်သော်၊ ယာဉ်လွှတ်ခြေလျင်၊ ခရီးနှင်လျက်၊ ကရင် ရှာကျောင်း၊ ညကျိန်းအောင်းပြီး၊ ချိန်ကောင်းနံနက်၊ ဆွမ်းအုပ် ရှက်၍၊ ဆွမ်းဆက်ကပ်ကြ၊ များပြားလှလဲ၊ ဟင်းကနှစ်မည်၊ ငါးပိရည်နှင့်၊ ကြိုသည်တာတပေါ်၊ နံ့ဆိုးသောကြောင့်၊ရင်မော ပျိုချင်၊ သို့ဖြစ်အင်ကြောင့်၊ ဆွမ်းပင်ကြမ်းလဲ၊ ဆာလောင်ဆဲမို့၊ ကျောင်းမြဲကပ်ယ၊ဆီတောင်းရ၍၊ဆားမျှနယ်ကာ၊စားမျိုလာခဲ့၊ ရပ်ရှာသူများ၊ ဘုန်းကြီးအားနာ၊ သနားကြည်ညို၊ ပြစ်မဆိုဘူး၊ မင်းပျိုသိဒ္ဓတ္ထ၊တောထွက်စက၊ပဏ္ဍာဝတွင်၊ရဆွမ်းမြင်သော်၊ မဝင် ပျိုအန်၊ ဖြစ်ခဲ့ဟန်ကို၊ ဖြစ်မှန်ကြံတွေး၊ ဆင်ခြင်သေး၏၊ဆက်ဝေး ခရီး၊ ရှာဝင်ပြီးတိုင်း၊ သီးသီးဆီဆား၊ ဆွမ်းကြမ်းစား၍၊ ရောက်သွားကိန်းအောင်း၊ကော့ကဒ္ဒတ်ကျောင်းမှာ၊ စားကောင်း အားဖြည့်၊ခြောက်ရက်ပြည့်မှ၊လှူထည့်ဆောင်ပို့၊ဒကာတို့ကြောင့်၊ ရှေသို့ရထား၊စီးလိုက်သွားကြ၊တပါးဖော်မှန်၊ဦးတေဇဝန္တ၊မြို့ချွန် သထုံ၊ လိုက်သွားတုံလည်း၊ နည်းစုံမှန်းဆ၊ အရှင်သောဘုရက၊ ဆင်းကြွတခန်း၊ ကျင့်နည်းမှန်း၍၊ ဒုံဝန်းဘူတာ၊ ငါးမိုင်ကွာ သည့်၊သေလာရှေရောင်ပြ၊ ဆက်လက်ကြွ၏၊နှင်းကျရွဲစို့၊ အအေး ပိုသည့်၊ တပိုတဲ့လ၊ ဆုတ်ပက္ခ၏၊ နဝကျော်တက်၊ မျှောင်ရိသက်

ချိန်၊ ရောင်လက်မီးမြင်၊ ကျောင်းသို့ဝင်၍၊ မေးလျှင်သိနိုင်၊ ဦးအုန်းခိုင်၏၊ ကျင့်ထိုင်ကျောင်းတဲ့၊ ဇာမခွဲ့ဘုံး၊ သက်မဲ့ကင်းဆွမ်း၊ ဓူတင်လမ်းနှင့်၊ ကျင့်စမ်းခဲ့ရာ၊ ထူးကြုံတာက၊ ညဉ့်ခါသုသာန်၊ကျင့်ကြဟန်တွင်၊ဝေဖန်မြေပုံ၊စိမ်းသေကြုံလို့၊ လှိုက်ခုန်ရင်မော၊ အရှင်သောဘန၊ သဘောကျသော်၊ သန်းခေါင်ကျော်တော့၊ မွေ့လျော်တရား၊ ကြောက်လန့်ရှား၏၊ ကျင့်ပွားနေ့ည၊ တပ်ပုံတဲ့လ၏၊ ပက္ခဆုတ်သက်၊ ဆယ့်လေးရက်တွင်၊ နံနက်ခရီး၊ ဆွမ်းခံပြီးတော့၊ ရိပ်ကြီးသစ်ပင်၊ ဆွမ်းစားဝင်ခဲ့၊ ခြေလျင်ကျိုက်ကော်၊ ကျောင်းကျိန်းပျော်၍၊ လင်းသော်ခြေလျင်၊ ခရီးနှင်ခဲ့၊ ခိုဝင်ရိပ်မြုံ၊ မြိုသထုံတည့်၊ ခိုလှုံသည့်ကျောင်း၊ နားကိန်းအောင်း၍၊ တပေါင်းလဆန်း၊ ငါးရက်တန်း၍၊ ရည်မှန်းမြို့မှန်၊ ဇေတဝန်ဟု၊ ထူးခွန်မင်းကွန်း၊ နည်းခံညွှန်းတိုင်း၊ ထွန်းထွန်းပေါက်ပေါက်၊ ခရီးရောက်ခဲ့၊ ကျင့်မြောက်လေးလ၊ နှုတ်မဟသော၊ နေ့ညရက်လဲ၊ ပါခဲ့မြဲတည့်၊ အိပ်လဲ့မစက်၊ နေ့ညရက်လဲ၊ ကျင့်ဆက်မြဲတည့်၊နေ့လုံးပြည့်မျှ၊ ရှုသည့်စကြ၏၊ ကြိမ်ဖန်ဖန်တည့်၊ ပြင်းထန်ရှုရာ၊ကိုယ်ခန္ဓာလဲ၊ ကျန်းမာမပျက်၊ ဘယ်အတွက်နည်း၊ မေးချက်ဆန်းလှ၊ အရှင်သောဘနအား၊ ထေရမင်းကွန်း၊ ဖြေမိန့်ခွန်းကား၊ ရည်ညွှန်းနိဗ္ဗာန်၊ သတိပဋ္ဌာန်ကို၊ကျင့်သန်ယောဂီ၊ ဗေဘျင်မှီ၏၊ နှစ်ဆီတရား၊ စွမ်းပကားကြောင့်၊ ရုပ်ကားကျန်းမာ၊ စိတ်ချမ်းသာ၏၊ ရှိလာခဲ့ဘူး၊ ရောဂါထူးပင်၊ ပျောက်ဘူးသည်တဲ့၊ ဝမ်းသာဖွဲ့၍၊ ကျင့်ခဲ့သမဏ၊ အရှင်သောဘနကား၊ ဓမ္မလှိုက်ဆူ၊ ဝမ်းတွင်းကျူသည်။ ။**သဲအူမြင့်မား တင့်ဖြာသော်**။

၂။ အမေ့တာရှည်-အချိပ်ပုဒ်

အမေ့တာရှည်။ ။ကောင်းကျင့်တည်ဖို့၊ ကျင့်သည့်တရား၊ အားထုတ်ပွါးစည်၊ရောက်ငြားကြေးနန်း၊နာမကျန်းဟု၊ခေါ်မှန်းမိန့်ဆိုင်၊ မော်လမြိုင်မြို့၊ မဏ္ဍိုင်တိုက်ကျောင်း၊ တောင်ဝိုင်းစောင်းသို့၊ ခေါ်ကြောင်းသက္ကရာဇ်၊ မှတ်စိစစ်တော့၊ တစ်နှစ်ကိုးလေး၊ နေ့မိုးပြေးသည့်၊ ပူနေ့ဝါဆို၊ ရှစ်ဆန်းခိုသည့်၊ ရက်ညိုချိန်ခါ၊ သထုံခွာ၍၊ဆရာထံရောက်၊ ခုနစ်ရက်မြောက်တွင်၊ သက်ပျောက်ပျံလွန်၊ ကျောင်းတာဝန်ကို၊ ဝါမှန်သိကွာ၊ ရှစ်ဝါသာပင်၊ ရိုက်ရာခံရ၊ဆယ်ဝါကျမှ၊ပဓာနကျောင်းထိုင်၊ အုပ်ချုပ်ကိုင်ခဲ့၊ တနိုင်စာချ၊ ကျင့်ဓူရနှင့်၊ သာသနာ့တာဝန်၊ ကျင့်ကျေပွန်စည်၊ ဆိပ်ခွန်ဂါမ၊ သတိရ၍၊ ဓမ္မကျင့်နှုန်း၊ ချီးမြှောက်ထုံးမြို့၊ ထောင့်သုံးရာပြည့်၊ရှာရောက်သည့်ခါ၊ ကျင့်မည့်ယောဂီ၊ နောင်ညီဝမ်းကွဲ၊သုံးယောက်ထဲသာ၊ဦးပွဲတရား၊ ကျင့်ကြံပွား၏၊ ကြိုးစားစံပြ၊ သုံးရက်မျှနှင့်၊ ဥဒယဗွယ၊ ဉာဏ်သွင်းရ၏၊ သတ္တရက်နေ့၊ ဆေးကွမ်းမေ့၍၊ ပြန်တွေ့ဆေးကွမ်း၊ ခွန်စီညွှန်းကဲ့၊ တိုက်တွန်းဟေ၊ ငါးဆယ်ရှိခဲ့၊ ဉာတိချီးမြှောက်၊ ခုနစ်လရောက်သော်၊ ပြန်ခေါက် မော်လမြိုင်၊ ကျောင်းပြန်ထိုင်ခိုက်၊ နှစ်သမိုက်မို့၊ ကြုံကြိုက်ကောဇာ၊ ထောင့်သုံးရာနှင့်၊ စွန်းလာသုံးခု၊ နေ့ဥတု၏၊ မြက်နုနယုန်၊ လ-မြတ်ကြုံ၌၊ ပြီးတုံအောင်ပန်း၊ စာချတန်းကို၊ ဆင်မြန်း ဂုဏ်ထူး၊ ငါးကျမ်းခူး၍၊ ချီးကျူးဂုဏ်ရှိ၊ တံဆိပ်သိဖို့၊ သိရိပဝရ၊ ဓမ္မာစရိယ-တဲ့၊ ခေတ်ကဖောက်ပြန်- အမေရိကန်နှင့်၊ ဂျပန်စစ်မှာ၊ ထောင့်သုံးရာနှင့်၊

စွန်းသာသုံးပ၊ နတ်တော်လတွင်၊ ပြန်ကြွဆိပ်ခွန်၊ မြတ်ထေရ်မှန်လဲ၊ စစ်ကွန်ခေတ်တွင်း၊ တရားသွင်း၍၊ ဟောရှင်းပြသ၊ တောင်းပန်ကြသော်၊ ပြုရဝိပဿနာ၊ ရှုနည်းပါတဲ့၊ ကျမ်းစာနှစ်တဲ့၊ နှစ်ဆီခဲကို၊ စစ်ထဲစွန့်စား၊ ပြီးဆုံးသွား၏၊ ကျော်ကြားခုခါ၊ နွံကမ္ဘာတည့်၊ စဉ်လာခါကြ၊ အရှင်သောဘနမှ၊ ဌာနစဲ့တည်၊ မဟာစည်တဲ့၊ နာမည်အင်ကြင်း၊ ကျောင်းတိုက်ရင်းကို၊ ကျောင်းတွင်းစည်တော်၊ ဝတ်တက်သော်နှင့်၊ ရှာပေါ်ဆွမ်းခံ၊ မှန်းတည့်စံနှင့်၊ ဟောရန်တရား၊ နာရီလားသို့၊ ချိန်မျှားမှန်တွင်၊ ရိုက်တီးနှင်၍၊ ဝန်းကျင်ချိန်သိ၊ တန်ဖိုးရှိခဲ့၊ ထုတိစည်လျှား၊ တရားငါးနှင့်၊ လုံးကား နှစ်ရာ့ခြောက်၊ လက်မရောက်ခဲ့၊ ထွန်းတောက် မည်ကျော်၊ ထိုစည်တော်ကြောင့်၊ တွင်ခေါ်မဟာစည်၊ ကျောင်းတိုက်မည်နှင့်၊ မြို့တည်ထေရ၊ အရှင်သောဘနလဲ၊ နာမတွင်သည်၊မဟာစည်တဲ့၊နယ်ပြည်ဝှမ်းဆူ၊အောင်လုံထူသည်။ ။

စဲ့ယူလွှင့်ကြား မြင့်ကာကျော်။

၃။ ဓမ္မေကြာတည်-အချိပ်ဒ်

ဓမ္မေကြာတည်။ ။ဖြာဖြာရည်ဖို့၊ ဇာနည်စည်မော်၊ ဆရာတော်ကား၊ မြေးကျော်ပဋ္ဌိပတ်! ဂုဏ်သကတ်ကြောင့်၊ အမှတ်တရား၊ ယောဂီပွား၏၊ ထူးခြားစုံလင်၊ ရဟန်းရှင်တည့်၊ မြန်ခွင်တိုင်းတုန်၊ မြို့ရန်ကုန်မှ၊ ကြည်ယုံသဒ္ဓါ၊ သာသနာ၏၊ ဒကာထူးရှင်၊ ဆာဦးသွင်သည်၊ ထက်ခွင်အညာ၊ မြို့ဇေယျာ၏၊ သေလာချပ်သင်း၊ ရိပ်ချောင်တွင်းဝယ်၊ မိတ်ရင်းဦးဂင်၊ တွေ့ဆုံစဉ်၌၊ မြှင့်တင်ပဋ္ဌိပတ်၊ ဆရာမြတ်ကို၊ ညွှန်လတ်ဖွေရှာ၊ ဆိပ်ခွန်

ရှာက၊ မဟာစည်ကျော်၊ ဆရာတော်အား၊ ပင့်သော်ကြွဟော၊ သမိဒ္ဓေါချောင်း၊ မိန့်ဟောကျင့်မှန်၊ သတိပဋ္ဌာန်၏၊ ကျင့်ဟန်လုပ်ထုံး၊ အကောင်းဆုံးကို၊ ထောင့်သုံးရာကိုး၊ ရေစုန်တိုး၍၊ စိုက်ပျိုးထောင်ကြ၊ ဝါခေါင်လ၏၊ ဥက္ခတ္တက်ချက်၊ဆုတ်နှင်ရက်ဝယ်၊ နှစ်သက်နာကြား၊ ရှင်လူမျှားအား၊ ကျင့်ပွားငါးရက်၊ ဟောပြမြွက်၏၊ ပြန်ထက် ဆိပ်ခွန်၊ ဆောင်မှုန်း လွန်သော်၊ ဘာဝန်အရ၊ မော်လမြိုင်ကြ၏၊ ထိုမှဆိပ်ခွန်၊ လွန်းပြန်ညွှန်တည့်၊ ဘုန်းဝှန်မြိုက်စက်၊ သာသနာတက်မှ၊ ဆောင်ရွက်ဆဲက၊ သတိပဋ္ဌာနကို၊နိုဿယရေး၊ မှတ်ချက်ပေးလျက်၊ကျင့်ဆေးနည်းလျှင်၊ ဥဒါန်းတင်ခဲ့၊ အောင်မြင်ခုနှစ်၊ တစ်သုံးတစ်တစ်၊ လစစ်ကဆုန်၊ ဆုတ်တစ်ကြုံ၌၊ လုံးစုံဆုံးသတ်၊ မော်ကွန်းမှတ်ရှင့်၊ ကျင့်မြတ်လိုလား၊ ပင့်လျှောက်ထား၍၊ကြွသွားမဟာစည်၊ ရန်ကုန်ပြည်၏၊ ဖွဲ့တည်ဗုဒ္ဓ၊ သာသနာ့နုဂ္ဂဟ၊ သာသနာ့ရိပ်သာ၊ ရောက်ရက်မှာ ကား၊ ကောဇာခုနှစ်၊ တစ်သုံးတစ်တစ်၊ လကို စစ်တော့၊ ကောက်သစ်ဖုံးလုံး၊ တန်ဆောင်မှုန်း၏၊ တွက်အုံးနေ့ထောက်၊ ပြည့်ကျော်ခြောက်ရက်၊ ချိုးမြောက်စတင်၊ တရားဝင်ကြ၊ ဖြူစင်ယောဂီ၊ နတ်တော်မှီ၏၊ ရှိပြီနှစ်ဆယ့်ငါး၊ ယောဂီများအား၊ တရားဟောပြ၊ နတ်တော်လ၏၊ ဒီသလပြည့်၊ နောင်ထူးမည့်နေ့၊ ထူးသည့်နေ့သည်၊ နှစ်ပတ်လည်ပွဲ၊ စဉ်တည်မြဲစွာ၊ ထောင်သုံးရာနှင့်၊ စွန်းသာဆယ့်သုံး၊ မင်းကျင့်သုံးပ၊ မင်းဆုံးမရန်၊ အဂ္ဂမဟာပဏ္ဍိတ၊ တံဆိပ်ရ၏၊ ဆဋ္ဌသံဂါယနာ၊ တင်သည့်ခါလဲ၊ မဟာစည်က၊ သာသနာ့မင်ရှင်၊ နဲ့ရဝင်ကြို၊ ကျွန်းသင်ဟိုဠ်နှင့်၊ လာအို ယိုးဒယား၊ ကမ္ဘောဒီးယားနှင့်၊ ကြွသွားထိုထို၊ စည်းရုံး

ချိုရှု၊ မေးဆိုပုစ္ဆက၊ သောဓက သြသာန၊ ပြုရသုတ်သင်၊ စာအုပ်တွင်ပါ၊ဆင့်တင်ထားသော်၊မန်းမြို့ကျော်သည့်၊ ဥာဏ်တော် မြတ်မုနိ၊ အမြင့်ရှိလိမ့်၊ မှတ်သိအုပ်ညွှန်၊ တစ်တစ်ခွန်ဝယ်၊ ကျော်မွန်ထေရ်မြတ်၊ ပဋိပတ်ကို၊ ပြုလတ်သေချာ၊ ခွဲရိုပ်သာလဲ၊ သုံးရာမက၊ ပြုစုကြ၏၊ ကမ္ဘာ့နိုင်ငံ၊ သိမ့်သိမ့်လျှံမျှ၊ စည်သံတရား၊ ငြိမ်းချမ်းပွားခဲ့၊ ပြုငြားကျမ်းများ၊ ရာနီးပါးတည်း၊ ကျင့်ပွား ယောဂီ၊ သိန်းနှင့်ချီ၏၊ သုံးလီသိကွာ၊ ပြည့်စုံစွာသား၊ သိသာနုသိသ၊ ဓမ္မကထိကတို့၊ ဖွဲ့မှုနာဂတ်၊ ဆက်မပြတ်အောင်၊ တည်မတ်သာသနာ၊ ပြုစေရာဖို့၊ မိန့်မှာသြဝါဒ၊ နှစ်စဉ်ဟပေ၊ သက်ကခုခါ၊ခွန်ခွန်ပါတည့်၊ ကျန်းမာသက်တော်၊ တရာကျော်ဖို့၊ ကော်ရော်ညွှတ်တွား၊ မေတ္တာပွားရ၊ ခုကားတစ်သုံး၊ လေးနှစ် သုံး၏၊လန္ဒန်းနတ်တော်၊ နေ့ပြည့်သော်တည့်၊ ပူဇော်သြဝါ၊ခံယူ လာကြ၊ ကြိမ်ခါသုံးတစ်၊ တရားသစ်နှင့်၊ လေးပစ္စည်းပါ၊ ပူဇော်ပါကြ၊ သြဝါဒကို၊ နာထကြည်ဖြူ၊ မျှားဗိုလ်လူသည်။

မြဲတူကျင့်ပွား ဆင့်ရာသော်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ကရင်ပြည်နယ်၊ ကေ၃ကရိတ်မြို့နယ်
ကျုံဒိုးကမ်းနီ ကျေးရွာ
ကျေးဇူးရှင် ကမ်းနီတောရ ဆရာတော်ဘုရားကြီး၏

ထေရပ္ပတ္တိသောမနာ မဂ်လာ

နှင့်

၁၃၁၃-ခုမှ ၁၃၄၂-ခုထိ
ကမ်းနီ တောရကျောင်းရိပ်သာ ၂၅-နှစ်မြောက် ဌေရတု
မဂ်လာ ၁၃၄၂-ခု၊ သီတင်းကျွတ် လဆုတ် (၅) ရက်မှ
တန်ဆောင်မုန်းလဆန်း (၅)ရက်ထိ မဟာသတိပဋ္ဌာန် ဝိပဿနာ
(၁၅)ရက် တရား စခန်းသိမ်းအောင်ပွဲမဂ်လာ—

အခ္ခီညီ - အခ္ခညီ ကာရန်သုံးချက်ညီ
ရတုပိုဒ်စုံပါဘုရား။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၊ ကျုံဒိုး - ဆရာစိုး
မဟာစည်နယ်လှည့်ခမ္မကထိက ဖဘ်ကြားပူဇော်သည်။
ညောင်ကန်အရှင်ဂ္ဂနှက ရေးသားသည်။

၁။ တောရကမ်းနီ - အခ္ခီ

တောရကမ်းနီ၊ တောရ်သာဂါ၏၊ ဖေ့နီထူပွတ်၊ မော်ကွန်းမြတ်
ကို၊ ရေးမှတ်စာချန်၊ သဒ္ဓါမှန်ဖြင့်၊ တံခွန်ထူပြီး၊ သိမ့်သိမ့်
ဟည်းအုံ၊ ငဲ့ချီးလှိုင်းလှိုင်း၊ မြန်မာတိုင်းတွင်၊ သမိုင်း ဖြိုးဝေ၊

ကရင်ဆွ ဟု၊ စိတ်နေဖြူစင်၊ ရိုးဂုဏ်တင်ခဲ့၊ ကရင်ပြည်နယ်၊ တပ္ပင့်ကြယ်တည့်၊ မြို့နယ်ကော့ကရိတ်၊ ကျုံဒိုးဆိပ်၏၊ ချောင်းထိပ်သာယာ၊ ကမ်းနီရွာ၌၊ နွယ်လာမှန်ချော၊ ဖ-ဦးအောနှင့်၊ နီးတောမာတာ့၊ ဒေါ်ညိုမြတို့၊ သတ္တ-သားသမီး၊ သွေးသီးသီးတွင်၊ သားကြီးယြရသ၊ အလောင်းလျှကို၊ သက္ကရာဇ်ထောက်၊ ထောင့်နှစ်ရာနောက်တွင်၊ ခြောက်ဆယ့်ခြောက်ခု၊ နွေဥတု၏၊ ရွက်စုမြေခ၊ ကဆုန်လဝယ်၊ အင္ဂဆန်းရက်၊ ညနေဘက်ပေါ့၊ ချိန်စက်လေးနာရီ၊ ကြွက်နေ့ဆီတွင်၊ ခါမှီကြည်နူး၊ စိတ်ရှင်မြူးစွာ၊ မီးရှူးသန့်စင်၊ ဖွားမြင်ပါသည်၊ သူ့နာမည်ကို၊ ဦးတည်ဖခင်၊ မြို့ဆင်းစဉ်၌၊ ဖွားမြင်မချို့၊ တိုက်ဆိုင်သို့ကြောင့်၊ မောင်မြို့ခေါ်လွယ်၊ သုံးနှစ်ရွယ်မျှ၊ သိကြွယ်ဝကြောင်း၊ ကမ်းနီကျောင်းသို့၊ ကိန်းအောင်းစာသင်၊ ဆယ်နှစ်တွင်ပဲ၊ သိမြင်ငါးတန်း၊ ရှေအောင်ပန်းတွက်၊ တခန်းကျုံဒိုး၊ ဆရာဘိုးချို၊ ကျောင်းတိုးသင်မှီး၊ ဆရာကြီးက၊ ရှိပြီးမည်တွင်၊ 'ရှေ' ထပ်တင်၍၊ စီစဉ်မချို့၊ 'မောင်ရှေမြို့' တဲ့၊ သောက်စို့ပညာ၊ ခုနစ်တန်းစာတွင်၊ မေ့ရှာကမ်းနီ၊ စာသင်ချိဖို့၊ ဖေနီကျောင်းဆရာ၊ မရှိတာကြောင့်၊ "သွားကွာရှေမြို့"၊ ဆရာချိုပိုလို့၊ ရှာသို့ကျောင်းအုပ်၊ ဆရာလုပ်၍၊ သွင်ရုပ်ရှုအုံး၊ ရောင်ဆံထုံးနှင့်၊ လူလုံးကျစ်ကျစ်၊ ဆယ့်လေးနှစ်မျှ၊ ပျိုမျစ်ရွယ်ထား၊ နည်းစကားနှင့်၊ မှုသားကင်းစစ်၊ ဆယ့်ခြောက်နှစ်ဝယ်၊ ချိန်သစ်ခါကောင်း၊ စာသင်ကျောင်း၏၊ ဆောင်းနှောင်းနွေသက်၊ ကျောင်းပိတ်ရက်မို့၊ မပျက်မီဘာ၊ ပစ္စယာနုဂုဟာဖြင့်၊ ပထမကမ်းနီ၊ ထေရ်မြတ်ဆီဝယ်၊ သိဂီသက်နီး၊ ဝတ်ဆင်မြန်း၍၊ ရှင်လန်းသာမဏော၊ ခုနစ်ရက်နေပြီး၊ ထိုနွေခါသင့်၊ ဘဝမြင့်ဖို့၊

မျှော်လင့်အုပ်ချုပ်၊ ပညာအုပ်က၊ ရွေးနှုပ်မော်လမြိုင်၊ ဆရာဖြစ်ပိုင်ဖို၊ ပန်းတိုင်ခုနစ်တန်း၊သွားရောက်မြန်းပြီး၊ အောင်ပန်းသိမ်းထုပ်၊ ကျောင်းအုပ်လုပ်စဉ်၊ နစ်မြုပ်သံသာ၊ ကြောက်လန့်ပါ၍၊ လွတ်ရာရောရမ်း၊ ဝါသက်နိုးနှင့်၊ ရဟန်းဘောင်ကို၊ ရရောက်လိုသဖြင့်၊ ကျင့်ကိုလေးထား၊ သက်လွတ်စားလျက်၊ စိပ်ငြားပုတီး၊ပရိတ်ကြီးလျှင်၊ သင်မှီးဖွဲ့လှစ်၊တစ်နှစ်ရှစ်ခြောက်၊ ထိုနှစ်နေ့ကျ၊ ကဆုန်လ၏၊ ပကွဆုတ်သက်၊ ဆယ့်သုံးရက်ဝယ်၊ နံနက်ရှစ်နာရီ၊ ရွာကမ်းနီးတွင်၊ ထေရ်မှီဝိဟာရ၊ သိမ်ခဏ္ဍာ၌၊ ပဗ္ဗဇ္ဇာဘုံရောက်၊ရဟန်းမြောက်အောင်၊ချီးမြောက်မိဘ၊ပစ္စယာနုဂ္ဂဟာဖြင့်၊ ထေရဘုန်းကြွယ်၊ဥပဇ္ဈာယ်ကား၊ရွာလယ်ကမ်းနီ၊ ကျောင်းကြီးမှီသော၊ ဘွဲ့ချီဘဒ္ဒန္တ၊ ဥတ္တမာရမ္ဘာ၊မျှားလှသံဃာ၊ ကံဆောင်ကာဖြင့်၊ ဓမ္မာနုဂ္ဂဟာ၊ ချီးမြောက်ကြ၍၊ ဘွဲ့ရနာမ၊ အရှင်ပရမ-ဟု၊ သမဏထင်ပေါ်၊ ဟိုးဟိုးကျော်သည်။ ။ဌေသော်လ - ရထားလင်းသို့ဘုရား။

၂။ စောဘုရားကျမ်းညီ-အခြို

စောဘုရားကျမ်းညီ၊သင်ခြိန်မီဖို၊ သာကီသားတော်၊ နာမည်ကျော်သည်၊မြို့မော်လမြိုင်၊ကျမ်းမဏ္ဍိုင်ကို၊ သင်ပိုင်ရိပ်ကောင်း၊ ဆင်ဖြူကျောင်း၌၊ကိန်းအောင်းနှစ်ဝါ၊ဓမ္မာရာမ၊တဝါဆက်ကြုံ၊ မြို့သထုံတွင်၊ခိုလှုံပိဋ္ဌကတ်၊တိုက်ကျောင်းမြတ်၌၊ ပရိယတ်စာပေ၊ သင်တန်ဆန်နှင့်၊ စက်ခြေထွက်ခွာ၊ ဇင်းကျိုက်သာခေါင်၊ ပဗ္ဗတာရေငန်း၊ ရှိမြောင်နန်း၏၊ သခ်ိန်းကျောင်းမှာ၊ အရည်ဝါသီ၊ တဝါမှီနောက်၊ ဖလင်ကျောက်သမ္မန်တွင်၊ ကြွရောက်ကျောင်း

သစ်၊ ခရီးသစ်သော်၊ မြတ်ချစ်ဆရာ၊ ဖော်သဟာနှင့်၊ ဝတိ်သာ
ပေါင်မြို့၊မြတ်ကျောင်းသို့ဝင်၊ကိန်းလိုတည်၊အာစရိယနှင့်၊ ခဲ့ကြ
ခ့ဘြီး၊ အဖော်မှီးရန်၊တသီးရဟန်း၊တဲ့ဖက်မြန်းခဲ့၊ စခန်းစရိတ်၊
မပါဟိတ်ကြောင့်၊ သပိတ်တလုံး၊ သင်္ကန်းသုံးထည်၊ ကျင့်ထုံး
ညီပင်၊ခရီးနှင်ကြ၊ ခြေလျင်သွက်သွက်၊ ခရီးဆက်သော်၊နှစ်ရက်
မုတ္တမ၊နေပြီးမှပင်၊ ကူးခရသော်၊မြစ်ကိုကျော်၍၊ မြို့မော်လမြိုင်၊
မကျိန်းနိုင်ဘူး၊ ပင်တိုင်ခြေလျင်၊ခရီးနှင်လို့၊ ညောင်ပင်ရပ်ဆိပ်၊
ခရီးမသိပ်ပဲ၊ ညအိပ်ခရုံဂူ၊ အရုဏ်မူသော်၊ ဆွမ်းယူတော့သတ်၊
ကော့ပလိုင်ဖြတ်၍၊ ဆက်လက်ကော့ပေါက်၊ ကျောင်းညရောက်
ပြီး၊ မိုးသောက်ချိန်ခါ၊ဒါယကာတို့၊ လိုက်လာလေ့ပြ၊ ခရီးကြ
သော်၊ ဂါမကမ်းနီ၊ ပြန်ရောက်ပြီပေါ့၊ တောမှီကျောင်းရှာ၊
ကျိုက်ဇင်းသာမော၊ ရွှမ်းပန်းဘဲတောဝင်၊ နှစ်ကောဇာမျိုး၊
ထောင့်နှစ်ရာကိုးဆယ်၊စ-ပျိုးနှစ်ဝါ၊ နေပြီးခါမှ၊ သခ်ျာထောင့်
နှစ်ရာ၊ ကိုးသုံးမှာတည့်၊ မေ့ရှာတောရ၊ ဓမ္မောဇထုံ၊ သီတင်း
သုံးစည်၊ ရွှမ်ပြုံးနှစ်ဝါ၊ နေပြီးခါဝယ်၊ နောင်လာမြော်မြင်၊
ရှာကညင်ကရိုက်၊တောတွင်ဝိဟာ၊တည်ထောင်ကာလျင်၊ နှစ်ဝါ
ခြေကျ၊ဦးသုမေဓာအား၊ ဌာနလွဲပြော၊ ကမ်းနီတောရ၊ ဧကေါ
ကျယ်၊စောင်းတန်းသွယ်နှင့်၊ ဖြိုးကြွယ်ဝိဟာ၊အဖြာဖြာနှင့်၊ဗဟွာ
သင်္ကန်း၊ပိတောက်ပန်းစုံ၊အနန်းသြဇာ၊မာလကာနှော၊ဝါးစိမ်း
တောနှင့်၊ဌက်ပျောပုန်းညက်၊အုန်းသရက်ဟု၊ ခက်ရှက်စိမ်းရှင်၊
မရမ်းပင်ကြီး၊ ပိန္နဲသီးနှင့်၊ မန်ကျည်းတခ္ခါ၊ တံတိုင်းတို့ဝိုင်း၊
ညို့ညို့မှိုင်းလျက်၊ ရှုတိုင်းသာယာ၊ လူနေရှာလဲ၊ ဒီသာမြောက်
အရှေ့၊ တံတားဦးတွေ့လိမ့်၊ တကွေ့ကမ်းနီ၊ တောင်ရှေ့ဆီကော့

တလပ်၊တလီကော့ကျိုက်၊နောက်ကော့ခိုက်နှင့်၊ မြောက်ဌာကော့ လျှမ်း၊ သွားလာလမ်းလဲ၊ စခန်းသီးသီး၊ လွှန်မနီးပဲ၊ ဝေးကြီး မဝေး၊သာရကာကျေးငှက်၊ သံပေးတီတာ၊မာဂဓာနှော၊ သံချို ပြောလျက်၊မီးရောရေပါ၊ပြည့်စုံစွာသား၊မြတ်စွာကိန်းအောင်း၊ ဇေတဝန်ကျောင်းနှင့်၊ တူကောင်းတူလိမ့်၊ လေပြေသိမ့်သိမ့်၊ ဆီယိုစိမ့်ဘီ၊ ဂွမ်-ဆီထိသို့၊ ပိတီလျှမ်းဖြာ၊ ထေရ်ဆရာကား၊ ဓမ္မာကျင့်သုံး၊ ကေစာထုံးလျှင်၊ ရှင်ပြုံးကြည်သာ၊ ပြည်သာယာ မှန်း၊ ရှာပြီမ်းချမ်းအောင်၊ ထုံမှမ်းမေတ္တာ၊ စီးဖြန်းပါ၍၊ ဆရာတောပျော်၊မထေရ်မော်သည်။ ။တေဇော်ဓမ္မ ပွားသင်း သို့ ဘုရား။

၃။ ဓမ္မောသဓွမ်းမှီ-အခါ

ဓမ္မောသဓွမ်းမှီ၊ တောကမ်းနီ၌၊ မျှညီယာပထ၊ သေရ်ဝရမ လျှင်၊ကာလတွက်စစ်၊ သက္ကရာဇ်ကား၊ တစ်နှစ်ကိုးငါး၊ အဒေါ် မျှားလာ၊ "သထုံမှာပေါ့၊အညာစစ်ကိုင်းက၊ ရဟန်းကြွ၍၊ ဓမ္မပြ လို့၊ တရားစို့သူ၊ တ ့ျိုမရ၊တချို့ရသတဲ့"၊ ကြားရသည့်တွက်၊ မြို့ကိုရှာထွက်ခဲ့၊ တိုးတက်ဖုံ့ဖုံ့၊ မြို့သထုံ၏၊ ရိပ်မြုံမင်းကွန်း၊ ဇေတဝန်ထွန်းတောက်၊ ကျောင်းသို့ရောက်သော်၊ အုံ့လောက် တေဇာ၊ သေရ်ဆရာက၊ "ကျမ်းစာသင်လား"၊ မေးစကား ကြောင့်၊ "ငါးကျမ်းဝိနည်း၊ နိဿယည်းကျ၊ သိပ်သည်းသင် ကြား"၊တင်လျှောက်ဆားတော့၊ဝတ္ထုရားကျေလောက်၊ပရိဝတ် ဆောက်တည်၊ ကျင့်မြောက်ပြီးမှ၊ တရားပြ၏၊ ရောက်စသုံးရက်၊ ဆွမ်းခံမထွက်ပဲ၊ လေးရက်မြောက်မှ၊ ဆွမ်းခံကြွလျက်၊ ဓမ္မပွား

သော်၊ လ-နတ်တော်မှ၊ နွေရော်တပေါင်း၊ သုံးလအောင်းကာ၊ အားထုတ်လာပြီး၊ တည်ရာဌာန၊ ကမ်းနီကြွ၍၊ တောရပျော်မှီး၊ ဝါကျွတ်ပြီးတိုင်း၊ ထေရ်ကြီးမင်းကွန်း၊ ကန်တော့သွန်းလျက်၊ ထပ်မှန်းကျင့်သုံး၊ တရားထုံးကို၊ တစ်သုံးတစ်ခြောက်၊ ကောဇာ ရောက်သော်၊ အုံ့လောက်ဇောဝန်၊ ကွန်းထေရ်မှန်လဲ၊ ပျံ့လွန်သွားရ၊ စျာပနကိစ္စ၊ ပြီးမှပြန်ပြီ၊ တောကမ်းနီတွင်၊ ခိုမှီရပ်သား၊ အကျိုးမျှားအောင်၊တရားနိဿယည်း၊ ဆရာနည်းကို၊သိပ်သည်းကျန၊ သွန်သင်ပြ၍၊ ဓမ္မစနစ်၊ ဘစ်သုံးတစ်ခွန်၊ စ-သစ်ညွှန်ခဲ့၊ ကော့ဘိန်းခ၊ကာ၊ တည်ခဲ့ခဲ့လျက်၊ လွှန်တိုးတက်၏၊ ထိုထက်ကမ်းနီ၊ မြတ်ယောဂီနှင့်၊ စံမှီဆင့်ပွား၊ နောက်နောင်သားတို့၊ တရားဆက်ယူ၊ ကျင့်လွယ်ကူအောင်၊ကျင့်တူဂုဏ်ရည်၊ မဟာစည်ကား၊ ကျော်သည်ထင်ရှား၊ ကမ္ဘာလွှားလျက်၊ နောင်သားစုံခိုင်၊ မော်လမြိုင်၌၊မဏ္ဍိုင်တောင်ဝိုင်း၊ကြွလာတိုင်းပင်၊မဆိုင်းပူဇော်၊ ပဲကြီးပေါ်စည်၊သူတော်ချင်းချင်း၊ဂုဏ်ပျံ့သင်းကြောင့်၊ သတင်းလွှံ့လွှံ့ ၊ ပေါင်းဖက်တွေ့၍၊ ကြည်မြှ့စကား၊ နှိုးနှောကြားလျက်၊ “တရားယောဂီ၊ တောကမ်းနှင်၌၊ စုံညီဘယ်လောက်”၊ မေးမြန်းထောက်သော်၊ “မြားမြောက်မရှိ၊သင့်တင့်ရှိကြောင်း” ဖြေထိုလောင်းသည်၊ မဟာစည်က၊ “ကြာရှည် နှစ်-လ၊ တရားပြလဲ၊ နည်းလှယောဂီ၊မျှားသင့်ပြီ”တဲ့၊ “ကမ်းနီရှာကား၊ ဟောကောင်းရှားလို့၊ ရှုပွားယောဂီ၊ နည်းရပြီ”ဟု၊ ကမ်းနီတောရ၊ ထေရ်ပြောပြတော့၊ “ကာလခွင့်ခ၊ သင့်လျော်ကာမှ၊ စုံစုဝေါဟောပြ၊ဓမ္မကထိကတို့၊စေလွှတ်ပို့မည်”၊နှစ်မြို့စရာ၊စည်မိန့်မှာခဲ့၊ ခုခ၊စ၊ဆို၊လွှတ်ခဲ့ကြိုပြီး၊ဟောချိုပြီးပြန်၊ခုတဖန်လဲ၊ညောင်ကန်

အရှင်ဂ္ဂနွဲက၊ တရားပြ၍၊ တောရကမ်းနီ၊ များယောဂိနှင့်၊ စုံညီ ကျင့်ထုံး၊ တပြုံးပြုံးလျှင်၊ တစ်သုံးလေးနှစ်၊ ကျွတ်မုန်းသစ်ဟု၊ တွက်စစ်သေချာ၊ ထောင့်သုံးရာဆယ့်ခွန်၊ ကည်လာနှစ်ဆယ့်ငါး၊ ငွေရတုပြားရ၍၊ ဆယ့်ငါးရက်စခန်း၊ ကမ္မဋ္ဌာန်း၏၊ အောင်ပန်း ချိန်တော်၊ အောင်ပွဲမော်သည်။ ။ရှေပေါ်မြသား နှင်းသို့ ဘုရား။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဓမ္မာရုမကျောင်းတိုက်
ကျေးဇူးရှင် ဓမ္မာရုမ ဆရာတော်ဘုရားကြီးအား
ရန်ကုန်မြို့ သာသနာ့ရိပ်သာ
မဟာစည်နယ်လှည့် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက
ညောင်ကန် အမျှင်ဂူနွှက ရေးသားပူဇော်၍
ဓမ္မာရုမယောဂီအမျိုးသမီး မလုံးမေ
ရွတ်ဖတ်ပူဇော်သော

ဓမ္မာရုမဆရာတော် မော်ကွန်း

ရတုပိုဒ်စုံပါဘုရား....

အချီပိုဒ်	အချပိုဒ်
၁။ ဓမ္မာရုမာ	=၁။ ကျင့်မှန်ကိုးဝါ မြှေးလှိုဘုရား။
၂။ ဘဂဝါသာသနာ	=၂။ တင့်လှန်မိုးပမာ အေးလှိုဘုရား။
၃။ ဆရာမဟာ	=၃။ ဆင့်ချန်ကျိုးဖလာ ထွေးလှိုဘုရား။

၁။ ဓမ္မာရုမာ-အချီပိုဒ်

ဓမ္မာရုမာ။ ။ထေရ်ဆရာ၏၊ ကြောင်းချာထူပွတ်၊ သာကီ
ဇာတ်ကို၊ သိမ္ဘတ်ဗိုလ်လူ၊ မော်ကွန်း ထူအုံ့၊ ဇမ္ဗူတောင်ကျွန်း၊
သာသနာထွန်းသည့်၊ နေဝန်းဒေါင်းဝါ၊ ပြည်မြန်မာတည့်၊
သေလာရစ်ဝိုင်း၊ နဒီလှိုင်းနှင့်၊ သမိုင်းဖြိုးဝေ၊ ကရင်ဆွေဟု၊
စိတ်နေဖြူစင်၊ ရိုးဂုဏ်တင်ခဲ့၊ ကရင်ပြည်နယ်၊ တပွင့်ကြယ်တည့်၊

မြိုနယ် ကော့ကရိတ်၊ ကျုံဒိုးဆိပ်၏၊ ချောင်းထိပ် သာယာ၊ ကမ်းနီရွာ၌၊ နွယ်လာမွန်ဟု၊ ဖ-ဦးနုန့်၊ ပေါင်းမှုကြင်ယာ၊ ဒေါ်အေးသာတို့၊ဓီတာပုတ္တ၊ ဖွားသတ္တတ္ထင်၊ ထေရလောင်းလျ၊ စတုတ္ထကို၊ သက္ကရာဇ်ညွှန်၊ တစ်နှစ်ခွန်နှင့်၊ နှစ်စုန်ဆွေနန်း၊ ကဆုန်ဆန်း၏၊ ရက်တန်းတဆယ်၊ ဂဇုန်ကြွယ်သည့်၊ ချိန်ဝယ် ညဉ့်ခါ၊ စက်ရှစ်နာရီ၊ ကြည်သာကြည်နူး၊ စိတ်ရှင်မြူးစွာ၊ မီးရှူး သန့်စင်၊ဇာနည်တွင်ဖို့၊ဖွားမြင်ပါသည်၊သူ့နာမည်ကို၊ မှတ်တည် ထွန်းထိန်၊ မောင်အောင်စိန်တဲ့၊ တွက်ချိန်သင့်စစ်၊ ဆယ့်ရှစ် နှစ်တွင်၊ ရှင်ချစ်မြတ်စွာ၊ သာသနာသို့၊ ရှင်သာမဏေ၊ ပြုလုပ် ခဲ့ပို့၊ ဌာနေ ကမ်းနီ၊ ထေရ်မြတ်ဆိုဝယ်၊ နှစ်လိုမိဘ၊ ပစ္စယာ နုဂ္ဂဟာဖြင့်၊ ပြုရ သာမဏေ၊ ဘွဲ့နာမေကို၊ ပေးဝေ ယူမျှ၊ ရှင်အာဒိန္နတဲ့၊ဗုဒ္ဓစာပေါသင်ယူပြီးပို့၊ကဝေမဏ္ဍိုင်၊မော်လမြိုင်မြို့၊ ပြစ်ဆိုင်ရှေထိပ်၊ ညောင်ပင်ဆိပ်သာ၊ ရိပ်ဆာယာ၊ ဓမ္မာရုမ၊ ဝိဟာရတွင်၊ ဗုဒ္ဓကျမ်းစာ၊ သင်ယူပါ၍၊ မှန်စွာ ဖြိုးကြွယ်၊ သက် နှစ်ဆယ်တည့်၊ နှစ်သွယ်မိဘ၊ ပစ္စယာနုဂ္ဂဟာဖြင့်၊ဂါ၁မကော့ဝါလဲ၊ ခန္ဓသိမ်ထဲတွင်၊ မှတ်စဲ့ဥပဇ္ဈာ၊ မိဂဒုန်ရွာ၏၊ ပုဗ္ဗာ ဝိဟာရ၊ အာစရိယာနှင့်၊ ဥပသမ္ပဒါ၊ ရဟန်းဖြစ်ရ၏၊ ဓမ္မရှေစာ၊ သင်ချိန် ခါမို့၊ ဓမ္မာရုမ၊ ပြန်လာကြွခို၊ သင်ယူဆိုလဲ၊ ရုပ်ကိုယ်ခန္ဓာ၊ မကုန်းမာ၍၊ လေးဝါရဝယ်၊ တပည့်ငယ်များ၊ သိဉာဏ်ပွားဖို့၊ ကြိုးစား မချို့၊စာဌပို့ပ်၏နှစ်ပြို့ပါရမီ၊ဉာဏ်ဝသီကြောင့်၊ သုံးလီ စာကိုယ်၊ သဒ္ဒါသင်ကြားပါနှင့်၊ ကျင့်ချို ပါတိမောက်၊ အာဂုံ မြောက်၏၊ ထို့နောက်စာဝါ၊ အာဂုံသာတည့်၊ စည်လာကဲလှန်၊ ပိုချည်ညှန်သည်။ ။ကျင့်မှန်ကိုးဝါ မြေးလိုဘုရား။

၂။ ဘဂဝါသာသနာ-အချိပ်ဒ်

ဘဂဝါသာသနာ။ ။သမဏာကား၊ ကျမ်းစာချယင်း၊ နှလုံးတွင်းဝယ်၊ ဝုံသွင်းဂါထာ၊ ထောင့်တရာတည့်၊ ခေတ်ခါ ဂျပန်၊ ကျုံဒိုးပြန်၍၊ မိုစံကိန်းအောင်း၊ တောင်ပေါ် ကျောင်းဌ၊ ငြိမ့်ညောင်းစာဝါ၊ ပို့ချကာလျှင်၊ ဂါထာတွတ်တွတ်၊ နှုတ်တော်ရွတ်လျက်၊ မြတ်ထွတ်သာသနာ၊ ပြုစုလာ၍၊ မေ့ရှာကမ်းနီ၊ ပြန်ရောက်မှီစဉ်၊ သာကီကျင့်ဂုဏ်၊ သင်းပျံ့ထုံ၍၊ ကျင့်ပုံသိက္ခာ၊ နှစ်ဆယ်ဝါဘုင်၊ဆရာကျောင်းထိုင်၊အင်္ဂါပိုင်မို့ ၊ မှတ်တိုင်ကောဇာ၊ ထောင့်သုံး ရာနှင့်၊ စွန်းခါဆယ့်နှစ်၊ ပုလောင်စစ်ကို၊ ငြိမ်းပစ်ခဲ့စု၊ မဟာသမယဘည့်၊ ခေါ်ကြနယုန်၊လပြည့်ကြုံတွင်၊ ရှေဘုံကမ်းနီ၊ ရေယာဉ်မှီနှင့်၊ ရောက်ပြီကျုံဒိုး၊ ကားဖြင့်နှီးလျက်၊ တမျိုးဝါ ယာဉ်၊ ခမ်းနားပြင်၍၊ ပင့်တင်ဘိတ်သိုက်၊ကော့ကရိတ်၏၊ မြို့ထိပ် တော်ဝင်စွန်း၊ ကျောင်း တိုက်ကွန်းဝယ်၊ ရှေ့ခွန်းကျမ်းစာ၊ ရွတ်လျက်သာပင်၊ ဆရာကျောင်းထိုင်၊ ကျင့်ကောင်းလှိုင်၍၊ မှတ်တိုင် တောင်စွန်း၊ ဒေသညွှန်းသည့်၊ မည်ထွန်းဝိဟာ၊ ပယ်ဖျောက်ကာ လျှင်၊ဓမ္မာရုံမ၊ဝိဟာရဟု၊မှည့်ရသမိုက်၊မည်သို့လိုက်၍၊ ယာပိုက် မျှလန်း၊ မြတ်ရဟန်း၏၊ ကျင့်ခန်းစင်စစ်၊ မကောင်းမြစ်လျက်၊ ကောင်းလှစ်ညွှန်ပြော၊အသစ်ဟောနှင့်၊စောစောမိန့်ဘူး၊ထပ်မိန့် ကျူးကာ၊ ကြည်နူးနတ်ထံ၊ ရောက်ကြောင်းမှန်နှင့်၊ ဘေးရန် ကင်းရာ၊ သွန်းမေတ္တာနှင့်၊ ခြောက်ဖြာကျင့်ဝတ်၊ မယွင်းခွတ်ပဲ၊ မြတ်ထွတ်ထေရ်မှန်၊ အောင်တံခွန်သည်။ ။တင့် လွန်မိုးပမာ အေးလှိုဘုရား။

၃။ ဆရာမဟာ-အချိပ်ပုဒ်

ဆရာမဟာ။ ။တောင်သေလာ၏၊ဓမ္မာရုမ၊ ဝိဟာရကား၊ စိမ်းမြပင်စုံ၊လေသုန်သုန်မို့၊ရိပ်မြုံစံပျော်၊စေတီတော်နှင့်၊ရှုမြော်ဝန်းကျင်၊ လယ်ကွင်းပြင်တည့်၊ တောင်စဉ်မို့မို့၊ အိမ်ခြေမြို့ရွာ၊ ဝန်းလို့သာလျှင်၊ မြတ်ထေရ်ရှင်လဲ၊ ကြည်လင်ယာပထ၊ စံမျှတလျက်၊ ဗုဒ္ဓဝိနည်း၊ လွန်သိပ်သည်းစွာ၊ ကျင့်လည်းကျင့်လျက်၊ အကျင့်ပျက်နှင့်၊ မဖက်ကင်းဝေး၊ ဆုံးမသေး၏၊ ဌေပေးလှကြ၊ ဝိနယနှင့်၊ ပြစ်ကမျှားတတ်၊မဟာန်းမြတ်အား၊ မဂၢပ်လှန့်၊အပ်စပ်တဲ့နည်း၊ လေးပစ္စည်းကို၊ သိပ်သည်းကျန်၊လှုပ်ပြု၏၊ ထေရ်သမဏလဲ၊ အလှူရ၏၊ ဝေခဲ့မှတ်စမ်း၊ပေးပါကမ်းပါ၊ တောင်းရမ်းကွာ၏၊ ရတာပေးလှ၊ မော်ကွန်းထူခဲ့၊ ကြည်ဖြူတရား၊ ရေကရားသို့၊ မနားတွတ်တွတ်၊ကျက်အံ့ရွတ်၏၊ မြတ်ထွတ်သာသနာ၊ ကျမ်းရှေစာတို့၊ ငါးဖြာနိကာယ်၊ဂါထာသွယ်ကို၊ ရွေးချယ်ဆောင်ထား၊ နှစ်ထောင်ငါးရာ၊အာဂုံသံတည့်၊ကောဇာသက္ကရာဇ်၊တစ်သုံးရှစ်မှ၊ ယနေ့ကျအောင်၊ ပဉ္စတိံသ၊ နှစ်ရှည်လှစွာ၊ နေ့ညမပြတ်၊ ကျမ်းစာရွတ်၏၊ ညှဉ်ချတ်ရောဂါ၊ နှိပ်စက်ပါ၍၊ ဒီသာနှစ်ရက်၊ ရွတ်ပွားပျက်ခဲ့၊ နှစ်သက်တရား၊ လွန်ကြိုးစားလာ၊ ထေရ်ဆရာကား၊ ဓမ္မာရုမ၊ အနှတ္ထသည်ဘ၊ လိုက်ဖက်ပါ၏၊ ဖူးလာသူများ၊ အသံကြားလျှင်၊ ဘုရားတရား၊ မြတ်သားသံဃာ၊ ဆုံးဖြာဖူးသီး၊ သုံးကျိုးပြီး၏၊ သက်ကြီးခုရယ်၊ ဝုနစ်ဆယ်နှင့်၊ ဧနှစ်တယ်တနှစ်၊ ရှိပြီးဖြစ်၍၊ စဲချစ်ငါ့ကျောင်း၊ ကင်းသေကောင်းနှင့်၊ နောက်နှောင်းပြဿနာ၊ ကင်းရှင်းကွာပြီး၊ သာသနာရေး၊ ရှည်တည်

အေးဖို့၊ အပ်ပေးလှူထုံး၊ စိတ်နှလုံးဖြစ်၊ သက္ကရာဇ်၏၊ ကောက်သစ်ဖုံးလုံး၊ တန်ဆောင်မုန်းလ၊ ဆန်းတုန်းဆယ့်တစ်၊ နေ့ရှေးစစ်ရ၍၊ ထူးဖြစ်ကထိန်၊ မျှားစုံချိန်ဟုင်၊ ဂုဏ်သိန်ဝေ ရှန်း၊ ဘီလူးကျွန်းဝယ်၊ ခေါ်ညွှန်းမချို့၊ ကုလားတို့ရှာ၊ တိုက်ကျောင်းနာယက၊သုဝဏ္ဏဘူမိ၊ပိဋကတ္တယဟူ၊ပါရဂူဘွဲ့၊ ဆုတ်ချုပ်ဆုရ၊အရှင်နာဂိန္ဒအား၊စိတ်ချလွဲလှူ၊မော်ကွန်းထူ၏၊တမ္ဗူထူးဆုံး၊ တန်ဆောင်မုန်းလ၊ပြည့်နှုံးညဖက်၊စ-ဖွင့်လျက်သာ၊ ဆယ့်ငါးရက်မှန်း၊ တရားစခန်းကို၊ ရှင်လန်းသာကြည်၊ မဟာစည်ဟု၊ ရှာပြည့်နိုင်ငံ၊ လှည့်ဟောမှန်သည့်၊ ညောင်ကန်အရှင်ဂုန္ဒက၊ အရှင်ကစ္စာယနဟို့၊ ဟောပြတရား၊ ယောဂီများစွာ၊ ကြိုးစားရာတွင်၊ ဒကာတပည့်၊ ဆောင်ရွက်သည့်ပြင်၊ လှူသည့်သဒ္ဓါ၊ ဓမ္မာရုမ၊ မဟာထေရ၏၊ လောကမျိုးသား၊ အကျိုးများဖို့၊ ဥာဏ်သွားမိန့်ညွှန်၊ မေတ္တာမှန်သည်။ ။ဆင့်ချန်ကျိုးဖလာ ထွေးလို့ဘုရား။

မှတ်ချက်

၁။ ၁၃၃၂-ခု၊ တန်ဆောင်မုန်းလဆုတ် (၇)ရက်နေ့တွင် ညောင်ကန်အရှင်ဂုန္ဒက အရှင်မြတ်က ရှုတ်ဖတ်ပူဇော်ပါသည်။

၂။ ၁၃၃၂-ခု၊ တန်ဆောင်မုန်းလကွယ် ဥပုသ်နေ့တွင် ဓမ္မာရုမအမျိုးသမီးယောဂီအဖွဲ့ မလုံးမေကရှုတ်ဖတ်ပူဇော်ပါသည်။

ကထိန်ကျောင်းလွှဲ-တရားလေ့ပွား-သုံးပါးမက်လာ ဓမ္မဂီတိ

ဗုဒ္ဓမြတ်စွာ၊ သာသနာထွန်းတဲ့၊ တောင်ကျွန်းလက္ခာ၊ ပြည်မြန်မာ။
ကရင်ပြည်နယ်မှာ၊ ဓမ္မောစိတ်မချို့တဲ့၊ ကော့ကရိတ်မြို့ဟာ သာသာယာယာ။
ဘုန္နစ်တကြိမ်၊ ကြိမ်လုခဲတဲ့၊ ကထိန်ပွဲဟာ သံဃာ၀ါ၀ါ။
ဓမ္မာရုမဆရာတော်၊မြင်မြော်ကောင်းတဲ့၊ ကျောင်းအုပ်လွှဲပွဲ လှိုက်လှဲ၀မ်းသာ။
နီဗွာန်ရောက်ရန်၊တကြောင်းလမ်းကို၊စခန်းဖွင့်ကာ ပြဦးမှာ။
ဓမ္မာရုမမှာ၊ဆရာဒကာဆက်လို၊သာသနာတွက် ဆောင်ရွက်နေတာ။
ဒါနသီလာ၊ဘာ၀နာတရားကို၊ခါခါပွားလို့လုပ်အားပေးရာ။
ကထိန်လှူရိုး၊ ကျောင်းလှူမျိုး၊ ကျင့်ပျိုးဘာ၀နာ။
အဲဒါကြောင့်၊ ညောင်ကန်ထေရ၊ ကျိုးဖလ၊ ပြောပြသော အချာ။

ရှစ် လုံး ဖွဲ့

ကော့ကရိတ်မြို့ - မို့မို့တောင်စွန်၊
ဓမ္မာရုမ - သာသနာ့ရိပ်မွန်၊
ကထိန်အောင်ပွဲ - ကျောင်းလှဲ့လှည့်ဆန်၊
တရားရေး - အားပေးမက်လာချန်။

မှတ်ချက်။ ။၁၃၃၄-ခု၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့ ဓမ္မာရုမ ကထိန်အလှူပွဲတွင် ညောင်ကန် အရှင်ဣန္ဒက ဟောကြားသည်။

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ရွာ

မဟာစည်ဝပ်သနာ ၄၅-ရက်စခန်း

အောင်ပွဲမင်္ဂလာ ရတုပိုဒ်စုံ

၁။ ဇောင်ချမ်းတောင်ရွာ-အချိပ်ဒ်

၁။ ဇောင်ချမ်းတောင်ရွာ၊ တောင်သေလာသို့၊မြတ်စွာဗုဒ္ဓ၊ ရှစ်ဝါရက၊မြန်းကြွစကြီ၊အကြောင်းခံကြောင့်၊ နာမံရှေးခေါင်၊ စကြီတောင်တဲ့၊ခုဆောင်ထုံမှမ်း၊ရွာဇောင်ချမ်းတည့်၊ ပြည့်လျှမ်း ရတနာ၊ ပြည်မြန်မာ၏၊ မြလှာရစ်ဝိုင်း၊ မကွေးတိုင်းတွင်၊သမိုင်း ထူးကဲ၊ ဆင်ပေါင်ဝဲမြို့၊ နယ်ထဲဝင်ပါ၊ မြစ်ရောစ်၏၊ ဒီသာနောက် ဖက်၊ ကမ်းတောင်ထက်၌၊ စံလျက်မင်္ဂလာ၊စေတီသာနှင့်၊ စည်လာ နတ်တောင်၊မြတ်ဘုန်းခေါင်တို့၊ပျော်အောင်ဝိဟာ၊ ဒကွိုဏာနှင့်၊ ဥတ္တရာရုံကျောင်း၊ မြတ်ရိပ်ကောင်းနှင့်၊အိမ်ပေါင်းသုံးရာ၊ ကျော် သည့်ရွာတည့်၊ ဒီသာခုနစ်နေ့၊ နေ့တိုင်းစေ့ပင်၊ မမေ့ခုနစ်သင်း၊ ဆွမ်းလောင်းခြင်းနှင့်၊ လုပ်ခင်းလယ်ယာ၊ ရောင်းဝယ်ကာဖြင့်၊ ကောင်းစွာသက်မွေး၊ စေတနာဌေးသည်....။ ။ကြည်အေး သမ္မာ ငြိမ်းချမ်းသော်။

၂။ မှောင်မသန်းအောင်သာ-အချိပ်ဒ်

၂။ မှောင်မသန်းအောင်သာ၊ ဇောင်ချမ်းရွာသား၊ သဒ္ဓါ လွန်ထူး၊ ဦးမူတူးတည့်၊ မေ့ဘူးဇာတိ၊ ကျေးဇူးသိ၍၊ကျိုးရှိချမ်း

သာ၊စေတနာဖြင့်၊ ကမ္ဘာကျော်သည်၊ မဟာစည်အား၊သာကြည်ပင့်ဆောင်၊ တရားရောင်ကို၊ ထွန်းပြောင်ပွဲကျင်း၊ တပည့်ရင်းတို့၊ ဖွဲ့သင်းဓမ္မ၊ ကထိကလဲ၊ မြန်းကြွပင့်လာ၊ ဟောသည်သာတည့်၊ ကြားနာရှာသား၊ သဒ္ဓါပွားလျက်၊ စိတ်အားထက်သန်၊ သတိပဋ္ဌာန်ကို၊ ရှုရန်ရည်စူး၊ ဦးမူတူးက၊ အထူးရှေဆောင်၊ ဖွဲ့တည်ထောင်၏၊ ခုနှောင်မြောင်တွေး၊ ပြန့်ပွားရေးတဲ့၊ မည်ပေး သတိပဋ္ဌာန်၊ မျှားကျင့်ကြံဖို့၊ စိမ်စည်းဝေး၊ ပို့ကျော်မှေးသည်။ ။ တည်ရေးဓမ္မာ ထိန်းစမ်းနော်။

၃။ တောင်စခန်းဘောင်မှာ-အချိပ်ဒ်

၃။ တောင်စခန်းဘောင်မှာ၊ ဥတ္တရတည့်၊ ဝိဟာမြတ်ကျောင်း၊ အရိပ်ကောင်းတွင်၊ စုပေါင်းတည်ကြ၊ သာသနာ့ရိပ်သာ၊ ထူးလှဖြစ်ရေး၊ တစ်သုံးလေးနှင့်၊ စွန်းသေးနှစ်ခု၊ ဆောင်းဥတုတွင်၊ နှစ်စုပြာသို၊ လဆုတ်ညို၏၊ ရက်ကိုလေးတွေ့၊ စနေနေ့တွင်၊စရှေ့ တရား၊ဖွင့်ခဲ့သား၏၊ညွှန်ကြားပြသ၊ ဦးကလျာဏနှင့်၊ ဦးဝါစကပြင်၊ဂွန္ဒကအရှင်၊ သုံးပါးပင်တည့်၊ ကျင့်ဝင်ယောဂီ၊ ရာကျော်ပြီပ၊စုံညီရှာလုံး၊တအုံးအုံးနှင့်၊ပြုံးပြုံးဆွမ်းချက်၊ ရေလှူလျက်သာ၊ ဆောင်ရွက်လမ်းပြ၊ ဦးပဏ္ဍိစ္စဟု၊ ဂါမကျော်ဌင်းထိုင်၊ ထေရ်မဏ္ဍိုင်ကြောင့်၊ အောင်နိုင်တရား၊ လေးဆယ့်ငါးပင်၊ ရက်ကားဆောင်းနှောင်း၊ နေ့တပေါင်း၏၊ ရက်ကောင်းရေတွက်၊ ဆန်းလေးရက်၏၊ နေ့ဆက်တနင်းလာ၊ အောင်ဇေယျာတည့်၊ ဓမ္မာမြိုက်ဆေး၊ မှတ်တိုက်ကျေးသည်။ ။ရှည်တွေး မှန်စွာ သိမ်းမြန်းသော်။

နယုန်လပြည့် မဟာသမယနေ့

အမ္ဘန်း-ရှစ်လုံးဖွဲ့ကဗျာများ

နိဒါန်း

၁။ မဟာသမယ - ကျင်းပနယုန်၊
မိုးရွာမြက်စိမ်း - မိုးခြိမ်းနယုန်၊
စံပယ်မြတ်လေး - ပျံ့မွှေးနယုန်၊
စာပြန်ပဲ့ - ဆင်နွဲလနယုန်။

ရေလုပ်ပဲ့

၂။ မြို့တော်ကောလိ - ကပိနေပြည်၊
နှစ်ပြည်တောင်သား - လယ်များစိုက်သည်၊
နှစ်ပြည်တောင်ကြား - စီးသွားမြစ်တည်၊
မြစ်ရေနဲ့ - လုပ်ပဲ့စစ်ထိုးမည်။

ငြိမ်းချမ်းရေးခရီး

၃။ စစ်ပဲ့ချီတက် - နှစ်ဖက်ဘုရင်၊
ခမည်းခမက် - မ်ိတ်ပျက်ရန်ထင်၊
နှစ်ဖက်သေဘေး - လွတ်ရေးမြော်မြင်၊
မြတ်ဘုရား - ကြွသွားထက်ကောင်းကင်။

ဘုရားမြင်ရ-လက်နက်ချ

၄။ ရောင်ခြောက်သွယ်ဝင်း - ထင်လင်းမြတ်စွာ၊
စစ်တပ်နှင့်ဖက် - လယ်ထက်တည်လာ၊
ကြည်ညိုဖူးလျက် - လက်နက်စွန့်ခွာ၊
ဖြစ်ပုံများ - လျှောက်ထားဒီလိုပါ။

စစ်တိုက်ရန်သာ-လာကြပါ

၅။ ရေကစားပွဲ - ဆင်နွဲမလာ၊
လှေသဘင်ပွဲ - ဆင်နွဲမလာ၊
တောင်တက်မျှော်ပွဲ - ဆင်နွဲမလာ၊
စစ်တိုက်ပွဲ - ဆင်နွဲရအောင်လာ။

ကျိုးခြောင်းပြ သြဝါဒ

၆။ ဘာကိုကြောင်းစဲ့ - ရန်ပွဲဆင်တယ်၊
ရေကိုကြောင်းစဲ့ - ရန်ပွဲဆင်တယ်၊
ရေတန်ဖိုးက - မည်မျှရှိတယ်၊
မပြောလောက် - မြားမြောက်မတန်တယ်။

ရေနှင့်မင်းမျိုး တန်ဖိုးလွန်ကွာ

၇။ ရေတန်ဖိုးက - ဘယ်မျှတန်တယ်၊
မြေတန်ဖိုးက - မျှားလှုပါတယ်၊
မင်းမျိုးတန်ဖိုး - ချိန်ထိုးမေးတယ်၊
မင်းဆွေမျိုး - တန်ဖိုးမဖြတ်နိုင်တယ်။

ရေစစ်ထိုး-မင်းမျိုးမသေသင့်

၈။ တန်ဖိုးနည်းလှ - ဥဒကရေကို၊
လုယက်စစ်ပွဲ - ဆင်နွဲရန်လို၊
အနဿတန်ဖိုး - မင်းမျိုးထိုထို၊
သေဖို့ဖြင့် - မသင့်ရန်ရှောင်ချေ။

ကြိုပင်စိုးနတ်နှင့်ဝံ

၉။ ရှေးရှေးတုန်းက - ဖန္ဒနဇာတ်တွင်၊
ရာဇာပြဟွေဒတ် - မင်းမြတ်စံစဉ်၊
ဟိမဝန္တာတွင်း - ပင်ရင်းကြို့ပင်၊
ဝံကောင်ဆိုး - ခိုကိုးဝင်ရောက်လျှင်။

ကိုင်းကျိုးကျ ဒေါသဖြစ်

၁၀။ ဝံခါးပေါ်မိုး - ကိုင်းကျိုးကျသော်၊
အိုကြို့ပင်နတ် - ငါ့မှတ်ထားနော်၊
ငါ့ကိုနှိပ်စက် - ပင်ဖျက်သေသော်၊
ငါ့အကြောင်း - ကောင်းကောင်းသိစေသော်။

ကြိုပင်ခုတ်လဲ

၁၁။ တနေ့လက်သမား - သစ်သားရှာလာ၊
သင့်တွက်ရထား - ကြို့သားကောင်းပါ၊
ထို့ကြောင့်လက်သမား - ကြို့သားခုတ်မှာ၊
ပြင်ဆင်မှတ် - ခုတ်ဖြတ်ကြို့ပင်သာ။

ဝံလဲသေရ

၁၂။ ကြို့ပင်နတ်ကား - လူသားဟန်ဆောင်၊
ဝံရေကူပ်ငြား - ရဆားခိုင်အောင်၊
ထို့ကြောင့်ဝံသတ် - ရစ်ပတ်တုပ်နှောင်၊
နှစ်ဦးလုံး - ဆုံးရှုံး ရန်မီးလောင်။

မှတ်ချက်။ ။တေရသကနိပါတ်၊ ဖန္ဒနဇာတ်
(ဇာတ်ပါဠိ - ၁/၂၅၉)။

မြေပြိုသလား-ယုန်ထင်မှား

၁၃။ ရှေးရှေးတုန်းက - ဒုဒ္ဒ၊ဘဇာတ်တွင်၊
ရာဇာဗြဟ္မဒတ် - မင်းမြတ်စံစဉ်၊
လောင်းတော်ခြသေ့ - တောင်မှော်စိုးလျှင်၊
ဉဿစ်ထန်း - ပင်နန်းယုန်ပျော်ရှင်။

ဉဿစ်ကြွလို-မြေပြိုထင်မှား

၁၄။ ထန်းရွက်ကြွအောက် - ယုန်ရောက်နေစဉ်၊
ဉဿစ်သီးက - ကြွကျလိုက်လျှင်၊
မြေပြိုထင်တွေး - ယုန်လေးပြေးမြင်၊
တတောလုံး - ဝုန်းဝုန်းပြေးကြအင်။

ခြသေ့ထောက်လှမ်းရေး

၁၅။ လောင်းတော်ခြသေ့ - မြင်တွေ့ဟောက်သော်၊
အားလုံးတန့်သွား - ကြောင်းမျှားမေးဖော်၊
မြေပြိုသေဘေး - ကြောက်ပြေးမြေပေါ်၊
ဟုတ်နိုင်ဘူး - ငါ စူးစမ်းစောင့်မျှော်။

အမှုမှန်တွေ့

၁၆။ သက်ပေးယုန်က - လမ်းပြရှေတွင်၊
ခြသေ့အမှုလိုက် - ရောက်ဆိုက်မြေခွင်၊
ထန်းပင်ဉဿစ် - ပူးရစ်နှစ်ပင်၊
ဉဿစ်သီး - ကြွပြီးမြေပြိုထင်။

လူကြီးပိုင်း-ပြောတိုင်းမယုံသင့်

၁၇။ အမြေမှန်တွေ့ - ခြသေ့်ပြန်လာ၊
သတ္တဝါများ - ပြောကြားချမ်းသာ၊
ဒီပုံကြည့်ထား - မင်းများဆိုတာ၊
ကြားတိုင်းချင့် - ယုံသင့်မှယုံပါ။
(ဇာတ်ပါဠိ ၁/၁၀၄၊ စတုက္ကနိပါတ်၊ ဒုဒ္ဒုဘာဇာတ်)။

ဆင်မိုက်နှင့် နှံစုတ်ငှက်

၁၈။ ဗာရာဏသီဟာဒတ် - စံလတ်ရှေးခါ၊
ဆင်မင်းဘုရားလောင်း - ရှစ်သောင်းခြံကာ၊
သွားရာလမ်းထက် - ငှက်နှံ့စုတ်ဟာ၊
သားငယ်များ - မွေးထားစောင့်ရှောက်ရှာ။

ဆင်ကောင်းစောင့်ရှောက်-ငှက်ပေါက်မသေ

၁၉။ ဆင်မ,လာတိုး - ရှိခိုးတောင်းပန်၊
ဆင်မင်းငှက်မျိုး - ခွမိုးရပ်မှန်၊
ငယ်သားရှစ်သောင်း - ဆင်ပေါင်းလွန်ပြန်၊
နောက်ဆုံးသွား - ငှက်များသေလွတ်ရန်။

ဆင်ဆိုးတက်နင်း - ငှက်တစ်သင်းသေ

၂၀။ ဒေဝဒတ်ဆင်ဆိုး - လာတိုး နင်းဟန်၊
နှံစုတ်ငှက်မ - ခယတောင်းပန်၊
မညှာနင်းလျက် - နှိပ်စက်သတ်ပြန်၊
ငှက်မ,ကား - ညှိုးထား ရန်တော်လွန်။

ကျီးကန်းနှင့် ယင်နှိပ်စက် - ဆင် မသက်သာ

၂၁။ ကျီး ယင် ဖားပေါင်း - စုပေါင်းမိတ်ရှာ၊
ဆင်မျက်လုံးပေါက် - ကျီးဖောက်ဧရာ၊
ယင်ရိုင်းကျဆိုး - လောက်ပိုးစားလာ၊
ဆင်ဆိုးလဲ - ဆင်းရဲခံရပါ။

ဖားသွေးဆောင် - ဆင်ပြောင်သေ

၂၂။ ရေတက်ဆင်အား - ထင်မှားလေအောင်၊
တောင်ပေါ်သံပေး - ဖားလေးသွေးဆောင်၊
ဆင်မိုက်တောင်တက် - ချောက်နက်သံထောင်၊
ဆင်သက်ဆင်း - ချောက်တွင်း သေပူလောင်။

ကြီးနိုင် ငယ်ညှဉ်း - မင်းတို့သတိ

၂၃။ လဋ္ဌကိုက - ဇာတ်မှလာပုံ၊
သာကိုဝင်မျှား - မှတ်ထားကြကုန်၊
သူ့နိုင် ငါညှဉ်း - စစ်ခင်းဖုံဖုံ၊
နှစ်ဖက်လုံး - ဆုံးရှုံး သေဘေးကြုံ။

မှတ်ချက်။ ။(ဇာတ်ပါဠိတော် ၁/၁၂၄၊ ပဉ္စကနိပါတ်၊ လဋ္ဌကိုကဇာတ်)။

ညီညွတ်ချမ်းသာ

၂၄။ ဗာရာဏသီဟာဒတ် - စံလတ်ရှေးခါ၊
ရက္ခစိုးမင်း - အင်ကြင်းဝနှာ၊
ဘုရားလောင်းက - နည်းပြဒေဝါ၊
တောအင်ကြင်း - ဘေးကင်း မျှားချမ်းသာ။

ရိပ်ကြီးခဲ့ထွက် - လေဘေးဖျက်

၂၅။ တချို့ရုက္ခစိုး - မိန့်မျိုး မနာ၊
မြို့ရှာလယ်ကွင်း - မှီတင်းနေရာ၊
လူမျိုး ပသ - ခဏ ချမ်းသာ၊
လေတိုက်လဲ့ - ဘုံကဲ့ပြန်ပြေးလာ။

ညီ မညီနှင့် - ချမ်းသာ ဆင်းရဲ

၂၆။ လောင်းတော်ရုက္ခစိုး - စံထိုး မိန့်ချေ၊
မညီညွတ်က - တွေ့ရ ဒုက္ခ၊
ညီညွတ်နာကြား - အများသုခ၊
ပုံစံထား - နာကြား မင်းသားတွေ။

မှတ်ချက်။ ။(ဂေနိုပါတ်၊ ရုက္ခမမှတ်၊ ဇာတ်ပါဠိတော် ၁/၁၇)။

ညီလျှင် သုခ - မညီလျှင် ဒုက္ခ

၂၇။ ဗာရာဏသီဟာဒတ် - စံလတ် ရှေးခါ၊
လောင်းတော်ငုံးမင်း - ဖြစ်ခြင်း တောမှာ၊
မုဆိုး လူသား - ငုံးများဖမ်းရာ၊
ကွန်မိုင်း - ဆုံးရှုံး အသက်ပါ။

စုပေါင်းညီညာ - ဘေးရန်ကွာ

၂၈။ လောင်းတော်ငုံးက - ညွှန်ပြသလို၊
ငုံးများ ချီသွား - ကွန်ပွားပိုက်ကို၊
ညီညွတ်ငုံးများ - လွတ်ငြားရိပ်ခို၊
ချမ်းသာအေး - ရန်ဝေး ငုံးထိုထို။

နီးတက္ကျက်ကျက် - ရန်စနက်

၂၉။ တနေ့ငုံးချင်း - တက်နင်းမိလျှင်၊
နင်သာကွန်ပိုက် - ချိုကိုက်တယ်ထင်၊
ငါလဲ ကွန်ပိုက် - ချိုကိုက်ရပင်၊
အချင်းချင်း - ရန်သွင်း တွက်ကပ်အင်။

မည်ညာမှ - ညီရာသို့

၃၀။ လောင်းတော်စကား - မိန့်ကြား မနာ၊
ချင်းချင်း ရန်ငြိုး - မုဆိုးမိမှာ၊
နားထောင်ငုံးများ - ခေါ်ငြားလွှတ်ရာ၊
မည်ညွှတ် - မလွှတ် သေကြရှာ။

ဆင်းရဲကြုံနှင့် အေးရိပ်မြုံ

၃၁။ သမ္မောဒမာန - ဇာတ်မှ လာပုံ၊
သာကီဆွေများ - မှတ်ထားကြကုန်၊
မည်ညွှတ်ကဲ့ - ဆင်းရဲတွေ့ကြုံ၊
ညီညွှတ်က - သုခ အေးရိပ်မြုံ။

မှတ်ချက်။ ။(ဧကနိပါတ်၊ သမ္မောဒမာနဇာတ်၊ ဇာတ်ပါဠိတော် ၁/၉)။

ဝဋ္ဌကဇာတ်ခေါ် အတ္တဒဏ္ဍသုတ်တရား

၃၂ အတ္တဒဏ္ဍ - ဟောပြပါတယ်၊
ကိုယ့်စိတ် ဆုံးမ - ကိုယ်ရ ကောင်းတယ်၊
စိတ်လို ဒုစရိုက် - ပြုမိုက်သူရယ်၊
ခု နောင်ဘဝ - ဒုက္ခ ခံရမယ်။

၃၃။ သာကီမင်းများ - မှတ်သားကြကွယ်၊
ဒေါသစိတ်ထား - မမှားသင့်တယ်၊
ရေလုတာစွဲ - စစ်ပွဲခင်းမယ်၊
မကြုံနဲ့ - နယ်ချဲ့ဆင်းရဲဖွယ်။

၃၄။ သူ့ပြစ်မရှု - ကိုယ်မှုကိုယ်ပြင်၊
မိမိစိတ်မိုက် - ပယ်လိုက်စေချင်၊
စိတ်ကိုယ်ဆုံးမ - သုခကြည်လင်၊
ချမ်းသာကြောင်း - ကျင့်ကောင်းကျင့်ဖို့ပင်။

တရားရေဖြန်း-ငြိမ်းချမ်းရေးရ

၃၅။ ဇာတ်တော်ခြောက်ပါး - နာကြားပြီးခါ၊
သာကီမင်းများ - စိတ်ထားညီညာ၊
ဘုရားမကွ - သေကြမည်သာ။
တရားပြ - ဘေးပ လွန်ချမ်းသာ။

လူမင်းစကြာ-တို့ခြံရုံမှာ

၃၆။ သိဒ္ဓတ်မင်းက - လူ့ဘဝဆိုလျှင်၊
စကြာမင်းညွှန်း - လေးကျန်းပိုင်ရှင်၊
သာကီမင်းများ - နောက်ပါးခြုံသွင်၊
လေးကျန်းလှည့် - ရှုကြည့်ဝိုးစံထင်။

ရဟန်းမင်း ဘုရားပွင့် ခြံရုံသင့်

၃၇။ ယခုသော်မှန်း - ထီးနန်းစွန့်ခွာ၊
တောထွက်ကြွမြန်း - ရဟန်းပြုကာ၊
လောကထင်ရှား - ဘုရားဖြစ်လာ၊
သာကီဆက်-ရုံလျက်လိုက်သင့်ပါ။

မင်းသားငါးရာမှ ရဟန်းငါးရာ

၃၈။ နှစ်ဖက်မင်းမျှား - စဉ်းစားဝေဖန်၊
တဖက်မင်းသား - နှစ်ရာ့ငါးဆယ်မှန်၊
ဘုရားလှူဒါန်း - ရဟန်းပြုရန်၊
တောင်းပန်ကြ - ဗုဒ္ဓပြုပေးရန်။

ငြိုးငွေ့ရဟန်းဘုံ

၃၉။ ငါးရာရဟန်း - ဆောင်မြန်းမဟာပုန်၊
မြတ်စွာဗုဒ္ဓ - ဓမ္မကျင့်ကုန်၊
ကြင်ယာဟောင်းမျှား - ကြောင်းကြားလှုကြုံ၊
မပျော်မွေ့ - ငြိုးငွေ့ရဟန်းဘုံ။

ငြိုးငွေ့ပျောက်စေရန်-အကြုံတော်

၄၀။ ကြောင်းစုံကိစ္စ - ဗုဒ္ဓသိမြော်၊
ငါနှင့်တူတွေ့ - ငြိုးငွေ့မလျော်၊
ဟိမဝန္တာတွင်း - အိုမင်းကျော်မော်၊
ကုဏာလ - လိုက်ကြမလားခေါ်။

မဟာဝုန်မှ ဟိမဝန်သို့

၄၁။ လိုက်မည်လျှောက်ထား - ခေါ်သွားဟိမဝန်၊
အိုင်ကုဏာလ - ရောက်ကြပေစွန်၊
သစ်ပင်နှင့်ပန်း - မေးမြန်းခွင့်ညှန်၊
သတ္တဝါနန်း - မေးမြန်းနာမည်မှန်။

ရဟန်းများဘုရားချော့

၄၂။ ငါးရာရဟန်း - မေးမြန်းချိန်ခါ၊
မိဖကသား - ဖြေကြားပမာ၊
မေးတိုင်းဖြေကြား - ဘုရားချော့ရာ၊
ဟိုသည်လှည့် - ရှုကြည့်ပျော်မွေ့လာ။

ဥသြရှခင်း

၄၃။ ငှက်ပေါင်းရံသော - ဥသြငှက်ခေါင်၊
တုတ်ချောင်းလယ်ထက် - စီးတတ်ယူဆောင်၊
တုတ်စွန်းနှစ်ဖက် - တဖက်ကကောင်၊
ချီဆောင်လျက် - ရှုထွက်ဥသြကောင်။

ငှက်မင်းလားဟုတ်သားပဲ

၄၄။ အိုမြတ်ဘုရား - ရှုစားတော်မူ၊
တုတ်လယ်စီးနင်း - ငှက်မင်းနှင့်တူ၊
မှန်တယ်ချစ်သား - သူကားမင်းမူ၊
ငါနှုတုန်း - ပုံထုံးသွင်ထပ်တူ။

အတိတ်ဆောင်ရန်-တောင်းပန်ကြ

၄၅။ အိုမြတ်ဘုရား - ဌာက်များဖြစ်စဉ်၊
ပြန်လည်ဟောပြ - သိကြမည်ပင်၊
ငါးရာရဟန်း - မေးမြန်းလျှောက်တင်၊
မြတ်ဘုရား - ဟောကြားတိတ်ဖြစ်စဉ်။

ကုဏ္ဍာလအိုင် ဌာက်မင်း

၄၆။ ငါရှေးတုန်းက - ကုဏ္ဍာလတွင်၊
ဥသြဌာက်မင်း - ပြစ်ခြင်းထိုစဉ်။
သုံးထောင့်ရှင်ငါး - မယားစုံလင်၊
စိုးမိုးအုပ် - မင်းလုပ်စံပျော်ရှင်။

ဌာက်မင်းစည်းစိမ်

၄၇။ ကျေးမွေးယုယ - ဌာက်မအလယ်၊
တုတ်စွန်းနှစ်ဖက် - ချိုလျက်ဆောင်တယ်၊
ခြုံရုံပျံသန်း - စံမြန်းဘုန်းကြွယ်၊
မိန်းမပြစ် - ဖော်လှစ်ဆုံးမတယ်။

မ, လုမ်လုက - ကျား, လုလုကခ

၄၈။ ဌာက်မင်းကြီးက - မိန်းမထိုထို၊
အလို မလိုက် - အကြိုက် မပို၊
မယား အများ - မင်.တြား အလို၊
စုံလိုက်လျော - ဥသြ မ, သံချို။

မယားပစ်ဌက် - ရတက်ပေ့

၇၉။ တနှေ့မျက်မှောက် - လာရောက်သွင်တူ၊
ဌက်မင်းပုဏ္ဏ - မုခမည်သူ၊
နာမကျန်းငြား - ပစ်သွားအိမ်သူ၊
အကုန်လုံး - ရှိမှန်း မိန်းမဟူ၊

မိန်းမလုပ်ပုံ-ပြောပြပုံ

၅၀။ အိုကဲ့ ပုဏ္ဏ - မုခဘုရင်၊
မိန်းမအများ - ယုတ်ငြားပုံသွင်၊
သင့်အား ငါပြော - ထောင်လောနားဆင်၊
ဟိမဝန်သို့ - သွားလို့အရောက်တွင်။

တရားနာစို့

၅၁။ ဂဠုန်နဂါး - ဌက်များစုံလင်၊
ဝိဇ္ဇာတောမှေ့ - ရသေ့နတ်ရှင်၊
ဒီသတင်းကြား - တရားနာချင်၊
ဘဝဟောင်း - မ,ကြောင်း မိန့်သည်ပင်။

ကဏ္ဍာဒေဝီ - ချစ်ပေ့လီ(၁)

၅၂။ ဗာရာမင်းကြီး - သမီးကဏ္ဍာ၊
နောင်ညီမင်းသား - ငါးပါးလုံးသာ၊
လင်ပြုသော်လဲ - လိုမြဲကာမာ၊
ငဆွံ့နှင့် - ချစ်သင့် လွှန်ကျူးရှာ။

သစ္စကပါဝိ - ချစ်ပေ့လီ(၂)

၅၃။ မိန်းမ ဖြစ်ရ- - စိတ်က မတည်၊
ပရိဗိုင်မ - သစ္စကပါဝိ၊
တရားကျင့်လဲ - ချစ်ပ့ဲပေ့လီ၊
ကာမကြောင်း - ဖျားယောင်းပါသေးသည်။

ကာကဝတီ - ချစ်ပေ့လီ(၃)

၅၄။ ဗာရာသမီးလှ - ကာကဝတီ၊
ဂဠုန်နှင့်လဲ - ချစ်ပ့ဲပေ့လီ၊
စောင်းသမားနှင့် - ချစ်သင့်ပေ့လီ၊
ခွင့်ကောင်းရ - ကာမ လွန်ကျူးသည်။

ကုရုဂ်ဒေဝီ - ချစ်ပေ့လီ(၄)

၅၅။ မင်းကောသလ - ကုရုဂ်ဒေဝီ၊
စစ်သူကြီးနှင့် - ချစ်သင့်ပေ့လီ၊
သူ့ကျွန်နှင့်လဲ - ချစ်ပ့ဲပေ့လီ၊
ကိုလေညစ် - မပစ်ယုတ်မာသည်။

ဗြဟ္မဒတ်မင်းမယ်တော်(၅)

၅၆။ ဗြဟ္မဒတ်မင်းရဲ့ ၊ ထူးတဲ့မယ်တော်၊
နိဂုံးစွန်သွား - ပုဏ္ဏားနှင့်ပျော်၊
အကြိမ်ကြိမ်ပဲ - ချစ်သဲမြူးသော်၊
ကိုလေယုတ် - ပယ်ဖြုတ်နိုင်မှ တော်။

ကိန္နရဒေဝီ - ချစ်ပေ့လီ(၆)

၅၇။ ဗာရာမင်းတြား - မိဖုရား ပေ့လီ၊
သူ့နာမည်က - ကိန္နရဒေဝီ၊
ပြာသာဒ်မှုဆင်း - နန်းမင်းမြင်ဆီ၊
နှုင်ဆွံ့ - မြို့ဝံ့ချစ်ပေ့လီ။

ပဉ္စပါဒီ - ချစ်ပေ့လီ(၇)

၅၈။ ကာမကျူးလှ - ပဉ္စပါဒီ၊
မြစ်ကမ်းနှစ်ဖက် - နှစ်ချက်မြူဆီ၊
ခုနစ်ရက်လှည့် - ချစ်ဖြည့်ပျော်ပြီ၊
လှေခရီး - သူကြီး ချစ်သေးသည်။

ပိုဂ်ဂိယာနီ - ချစ်ပေ့လီ(၈)

၅၉။ ဖြဟ္မဒတ်မင်းတြား - မိဖုရားပေ့လီ၊
သူ့အမည်ရှိ - ပိုဂ်ဂိယာနီ၊
စက်တော်ခေါ်မင်း - သက်ဆင်းချိန်မီ၊
မြင်းထိန်းနှင့် - ချစ်သင့်ရှုပ်ပေ့လီ။

ကောင်းချီးသာဓုဖြာ

၆၀။ မိန်းမအများ - စိတ်ထားယုတ်မာ၊
ကျေးဇူးချေဖျက် - တပမ်ကာမာ၊
တရားနာပေါင်း - ထုံးဟောင်းကြားနာ၊
တရားပြီး - ကောင်းချီးသာဓုဖြာ။

မှတ်ချက်။ ။အသီဘိနိုပါတ်၊ ကုဏာလဇာတ်။

ကာမအပြစ်မြင် - ချစ်ကင်းချင်

၆၁ ထိုသို့ ဘုရား - မိန့်ကြားပြီးခါ၊
မယားဟောင်းရေး - ကြံတွေးလွမ်းနှာ၊
ရဟန်းအမျှား - မယားချစ်ကွာ၊
မြတ်ဘုရား - ဟောကြား လေးသစ္စာ။

သစ္စာလေးပါး

၆၂။ ဖြစ်ပျက်သင်္ခါရ - ဒုက္ခသစ္စာ၊
တပ်မက်တဏှာက - သမုဒယသစ္စာ၊
ဖြစ်ပျက်ဆုံးက - နိရောဓသစ္စာ၊
ဖြစ်ပျက်မှုန်း - ပွားထုံးမဂ်သစ္စာ။

ကောင်းကင်လမ်းမှ - မဟာဝုန်ကြွ

၆၃။ တရားဆုံးခန်း - ရဟန်း အကုန်၊
သောတာပန်ဖြစ် - ထူးသစ်ချွန်ဟုန်၊
အဘိညာဉ်ရ - ဗုဒ္ဓသိုင်းခြုံ၊
ကောင်းကင်လမ်း - ကြွမြန်း မဟာဝုန်။

ကိလေကင်းကွာ - ရဟန္တာ

၆၄။ မဟာဝုန်ရောက်သွား - ဘုရားမြတ်စွာ၊
ငါးရာ ရဟန်း - ကမ္မဋ္ဌာန်းပေးရာ၊
နေရာသီးခြား - ရှုပွားဝိပဿနာ၊
ကိလေကင်း - ဖြစ်ခြင်း ရဟန္တာ။

တရားထူးလျှောက်ရန် - ရှက်နှိုးဟန်

၆၅။ ကိုယ်ပိုင်တရား - ဘုရားလျှောက်ရန်၊
တပါးပြီး တပါး - မခြား ရောက်ပြန်၊
ချင်းချင်းရှက်နှိုး - ဂုဏ်မျိုးဖော်လှန်၊
မလျှောက်ပဲ - ထိုင်မြဲ ငြိမ်သက်ဟန်။

ကြယ်နှင့် လမင်းပမာ

၆၆။ ကြယ်ပေါင်းရံခ - ရှေ့လထိန်ဝါ၊
ရဟန္တာများ - ဘုရားရံကာ၊
ဗုဒ္ဓပြုဒါန - နဝမ ခေတ်ခါ၊
လောကလှ - ခင်းမြ ရှုမောသာ။

နယုန်လပြည့်ည

၆၇။ ညစ်ကင်းလမင်း - ကြယ်သင်းပေါ်လာ၊
ကိုလေကင်းငြား - ဘုရားရဟန္တာ၊
မှောင်လင်း ရောင်ချင်း - ထိန်ဝင်းကြည်သာ၊
နယုန်လပြည့်ဝ - ညချမ်းခါ။

မဟာသမယ

၆၈။ နယုန်ပြည့်ည - သံဃာ့အလယ်၊
ရှင်တော်ဗုဒ္ဓ - ဖူးမဝန်ိုင်ဖွယ်၊
မဟာသမယ - ကြုံရပြီကွယ်၊
နတ်ဆင့်ဆင့် - ဖူးခွင့်ရယူတယ်။

နတ်မျှားကြေးကြော်သံ

၆၉။ လာကြလာကြ - ဒေဝအာကုန်၊
ဘုရားထံပါး - ရောက်သွားကြကုန်၊
ဘုရားလဲဖူး-တရားထူးနာကုန်၊
သံဃာဖူး - ကျေးဇူးဘယ်မကုန်။

သန်းကျော်ရှာ နတ်စုံလာကြပုံ

၇၀။ မဟာဝုန်နတ် - ဝန်းပတ်အာကုန်၊
ကိုးသန်းကိုးသိန်း - ခွန်ထိန်းရှာကုန်၊
နတ်တွေသိကြား - ဘုရားကြည်ယုံ၊
တရားပွဲ - အားခဲလာကြကုန်။

ကုဋ္ဌေကိုးသန်းကျော် သဘော်ဆိပ်နတ်စုံ

၇၁။ ကုဋ္ဌေတွက်ကိန်း - သန်းသိန်းကိုးစုံ၊
သဘော်ဆိပ်စိုး - နတ်မျိုးအာကုန်၊
မဟာသမယ - ဓမ္မရိပ်မြုံ၊
တရားပွဲ - အားခဲလာကြကုန်။

စကြဝဠာတသောင်းနတ်စုံလာကြပုံ

၇၂။ နှစ်ထောင်ငယ်ထွန်း - လေးကျွန်းနတ်ကုန်၊
စကြဝဠာပေါင်း - တသောင်းနတ်ကုန်၊
ဗြဟ္မာပထမ - စျာန်ရအာကုန်၊
တရားပွဲ - အားခဲလာကြကုန်။

နေရာရအောင် တရားနာကြပုံ

၂၃။ စကြဝဠာပြည့် - အပ်ထည့်ကျည်လို၊
နတ်ဗြဟ္မာများ - တရားနာခို၊
သားမြီးဖျားမှ - ဌာနထိုထို၊
ခြောက်ကျိပ်သွင်း - ဖန်ဆင်းနေကြဆို။

ကာလသုံးပါး စည်ကားမြဲ

၂၄။ အိုရဟန်းများ - မှတ်သားနာချေ၊
စည်းဝေးကြီးလှ - မဟာသမယဆို၊
ရှေးဘုရားပွင့် - နောင်ပွင့်ဒီလို၊
စည်းဝေးပဲ့ - ဖြစ်မြဲတံထွာကို။

(၁) မဟာသမယသုတ်အတွက် အချက်ပေးအမှန်း

၂၅။ မဟာသမယ - လာကြဒေဝ၊
မည်နှယ်စုံများ - မိန့်ကြားဝေဖြာ၊
ချစ်သားတို့အား-ဟောကြားမည်သာ၊
နတ်ချစ်ဆေး - ပျံ့မှေးဒေသနာ။

၂၆။ မဟာသမယ - သုတ္တဒေသနာ၊
နတ်ဗြဟ္မာလူသား - ချစ်ပွားမေတ္တာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခုဂါတို့-ရှုတ်စို့.သံပြိုင်သာ။

(၂) သမ္မာပရိဗ္ဗာဇနိယသုတ်အတွက် အချက်ပေးအမှန်း

၇၇။ လောကီမဂ်လာတွက်-သုံးချက်တဏှာ၊
ချစ်မုန်းပယ်ရှင်း - မှီခြင်းကင်းကွာ၊
သံယောဇဉ်လွတ်-ဘုံဝဋ္ဋထွက်မှာ၊
မြတ်ဘုရား - ဟောကြားဒေသနာ။

၇၈။ ရာဂစနရိတ - ပွားကြသတ္တဝါ၊
သမ္မာပရိဗ္ဗာဇနိယ - သုတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခု ၊ ၊ တို့ - ရှုတ်စို့သံပြိုင်သာ။

(၃) ကလဟဝိဝါဒသုတ်အတွက် အချက်ပေးအမှန်း

၇၉။ နာမ်ရုပ်ရှိက - ဖယ်ပေါ်လာ၊
သာယာဖွယ်ဖုံး - ခွံ့မုန်းဖွယ်ရာ၊
လိုလားပြန်လျက် - ချစ်တွက်ရန်ရှာ၊
ငြင်းခုံကွဲ-စစ်ပွဲခင်းကြတာ။

၈၀။ ဒေါသစရိတ-ပွားကြသတ္တဝါ၊
ကလဟဝိဝါဒ - သုတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခု ၊ ၊ တို့ - ရှုတ်စို့သံပြိုင်သာ။

(၄) မဟာဗျူဟသုတ်အတွက်အချက်ပေးအမှန်း

၈၁။ ရှေအာသဝ - ပစ်ချစ္ဆန်ပယ်၊
အသစ်မပြု - လိုမှုမတွယ်၊
သိမ်းပိုက်မစ္ဆဲ - လူးလဲကင်းမယ်၊
သံသာဝဋ် - ကျွတ်လွတ်မိန့်ဘုန်းကြွယ်။

၈၂။ မေဟာစရိတ - ပွားကြသတ္တဝါ၊
မဟာဗျူဟ-သတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခုဝါတို့ - ရှတ်စုံ့သံပြိုင်သာ။

(၅) စူဠဗျူဟသုတ်အတွက် အချက်ပေးအမှန်း

၈၃။ ကိုယ့်အယူမှ - ကောင်းလှဂုဏ်တင်၊
ကိုယ့်စိတ်ညှံ့လှ - ဖော်ပြသည်ပင်၊
ဒိဋ္ဌမြတ်ရေး - ရှုပေးသိဝင်၊
ရန်စောင်ကင်း - ငြိမ်းခြင်းချမ်းသာအင်။

၈၄။ ဝိတက္ကစရိတ - ပွားကြသတ္တဝါ၊
စူဠဗျူဟ- သုတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခုဝါတို့ - ရှတ်စုံ့သံပြိုင်သာ။

(၆) တုဝဋ္ဌကသုတ်အတွက် အချက်ပေးအမှန်း

၇၅။ သီလဖြူဖွေး - ငြိမ်းအေးနိဗ္ဗာန်၊
ရည်သန်တောင့်တ - ဆန္ဒပြုရန်၊
အမြဲရှုမှတ် - ကျင့်တတ်ရမှန်၊
မြတ်ဘုရား - ဟောကြားမမွှခဏ်။

၇၆။ သဒ္ဓါစရိတ - ပွားကြသတ္တဝါ၊
တုဝဋ္ဌက - သုတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခုဝါတို့ - ရှုတ်စို့သံပြိုင်သာ။

(၇) ပုရာဘေဒသုတ်အတွက် အချက်ပေးအမှန်း

၇၇။ ရှုမှတ်မစဲ - ရှုမြဲလစ်လျှူ၊
သုံးအင်မာန - ပယ်ချစွန့်မှ၊
ငြိမ်းအေးသာ - ပဋ္ဌလဟု၊
မြတ်ဘုရား - ဟောကြားမိန့်ကြည်ဖြူ။

၇၈။ ဗုဒ္ဓိစရိတ - ပွားကြသတ္တဝါ၊
ပုရာဘေဒ - သုတ္တမိန့်ဖြာ၊
သံသာငြိမ့်ညောင်း - စုပေါင်းညီညာ၊
ခုဝါတို့ - ရှုတ်စို့သံပြိုင်သာ။

တရားဟူသည်

၁။ တရားမှန်မျှား, ကျင့်ပွားသူမှာ၊
တရားကပဲ, စောင့်မြဲသေချာ၊
တရားတော်က, အေးမြချမ်းသာ၊
ဆောင်ယူပေး, ကင်းဝေးပါယ်ဒုက္ခာ။

Library
The Pitaka Translation
Society

ယောဂီစလေ့

မန္တလေးတိုင်းဒေသကြီး

၂။ ဆိတ်ငြိမ်ရာသို့, ဝင်လိုမသွေ၊
စိတ်ငြိမ်တည့်မတ်, ဝိပဿနာ၊
ထိုယောဂီအား, လူမျှားထက်ပေါ
မွေ့လျော်ခြင်း, မယှင်းရနိုင်ပေ။

ပီတိအမြိုက်ရေ

-၁၈၂၀-

၃။ ဝိပဿနာ, ကြိုးအားထုတ်နေ၊
အားထုတ်သူအား, မမှားမသွေ၊
ပီတိရှင်ပွား, ရခြားထွေထွေ၊
ထိုပီတိ, ခေါ်ဘိအမြိုက်ရေ။

စာကြည့်တိုက်
ပိဋကတ်သာပြန်စာပေ
ဖြန်ချိန်ရေးအဖွဲ